ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့်ကာလ
ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း

(၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ထိ)

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန	-	စာအုပ်အမှတ်စဉ် (/ ၂၀၂၄)
ထုတ်ဝေသည့်ခုနှစ်	-	၂၀၂၄ ခုနှစ်၊ လ
ထုတ်ဝေသည့်အကြိမ်	-	ပထမအကြိမ်
အုပ်ရေ	-	အုပ်
ပုံနှိပ်	-	ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေး ပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.**

ပြန်ကြားရေးဝန်ကြီးဌာန
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့်ကာလ
ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း
(၁-၂- ၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ထိ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အမှာစာ	၇
၂။	ပြန်ကြားရေးဝန်ကြီးဌာန၏ သမိုင်းကြောင်းနှင့်ဖွဲ့စည်းပုံ၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ တိုးတက်ပြောင်းလဲမှုများ	၉
၃။	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု	၃၃
၄။	နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု	၆၇
၅။	နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု	၇၇
၆။	မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၈-၂၀၃၀) စီမံကိန်းအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ	၉၅
၇။	ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည် ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှုများ	၁၁၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်နိုင်ခဲ့မှုများ	၁၂၃
၉။	ထူးခြားပြီး အရေးကြီးသည့် အခမ်းအနားများ၊ ညီလာခံများ၊ အစည်းအဝေးများ စသည်တို့ ဆောင်ရွက်နိုင်ခဲ့မှုများ	၁၃၅
၁၀။	နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ	၂၁၅
၁၁။	ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ	၂၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရွေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

အမှာစာ

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်စေရေးအတွက် မိဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစသည့် ဦးစီးဌာနနှင့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရည်မှန်းချက်တာဝန်များ ခွဲဝေသတ်မှတ်ကာ အကောင်အထည်ဖော်လျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို စိတ်ပိုင်းခွဲခြားကြည့်ပါက နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြား သတင်းများ အပြန်အလှန်စီးဆင်းနိုင်ရေးကို ဆောင်ရွက်ပေးရသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုကြား ကောင်းမွန်သည့် သဘောထားအမြင်များဖြစ်ပေါ်လာစေရေးအတွက် အဓိကဆောင်ရွက်ပေးရသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရသည့် အသိပညာပေးလုပ်ငန်းနှင့် ပြည်သူများ စိတ်လက်အပန်းပြေစွာ အနားယူနိုင်စေရေးနှင့် စိတ်ခွန်အားအသစ်များ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ပေးရသည့် ဖျော်ဖြေရေးလုပ်ငန်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

စင်စစ် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် ဝန်ကြီးဌာနတစ်ခုတည်း၏ လုပ်ငန်းကွက်ကွက်ကိုသာ ဆောင်ရွက်ရသည်မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထုပူးပေါင်း

ကူညီပံ့ပိုးမှု ရရှိရေးတို့အတွက် မီဒီယာနည်းလမ်းများဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနေရသည့် ဝန်ကြီးဌာနတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမူဘောင်များကို အခြေတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ဝန်ကြီးဌာနတစ်ခုလည်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ၃ နှစ်တာကာလ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ပြန်ကြည့်ပါက လွန်စွာအားရကျေနပ်ဖွယ်တွေ့မြင်နိုင်သည်။ အထူးသဖြင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်နိုင်ခြင်း၊ ပြောင်းလဲလာသည့် နည်းပညာရပ်များကို အသုံးပြု၍ New Media Platform များတွင် သတင်းများ ပိုမိုထုတ်ပြန်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားကြီးများ၊ လူငယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် လှုပ်ရှားမှုပွဲတော်များ၊ ဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပဆောင်ရွက်နိုင်ခြင်းတို့ကို တွေ့မြင်နိုင်ပြီး ယခင်နှစ်ကာလများထက် ပိုမိုလှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။

ဤစာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာနက လိုက်ပါဆောင်ရွက်ခဲ့သည့် အခြေအနေများသာမက ပြည်သူများ ပူးပေါင်းပါဝင်နိုင်စေရေး၊ ကောင်းမွန်သည့် သဘောထားအမြင်များ ဖြစ်ပေါ်လာစေရေးတို့အတွက် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကိုလည်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ ဖော်ပြထားရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု(၂၀၁၈-၂၀၃၀) စီမံကိန်းအပေါ် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်ဆီးဆုံးရှုံးမှုအခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဖော်ပြပေးထားပါသည်။ သို့ဖြစ်၍ ဤစာအုပ်သည် ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၃ နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့သည်များကို ဖွင့်ဟပြဆိုနေမည့် မှတ်တမ်းစာအုပ်တစ်အုပ်အဖြစ် ဂုဏ်ယူစွာထုတ်ဝေလိုက်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့်ကာလ
ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း
(၁-၂- ၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ထိ)

ပြန်ကြားရေးဝန်ကြီးဌာန၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းပုံ၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ တိုးတက်ပြောင်းလဲမှုများ

နောက်ခံသမိုင်းကြောင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလက ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဧန်နဝါရီလမှစ၍ ရေတွက်လျှင် ပြန်ကြားရေးဝန်ကြီးဌာန သက်တမ်းသည် (၇၆)နှစ်ကျော် ရှိပြီဖြစ်ပါသည်။

၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တော်လှန်ရေးကောင်စီ လက်ထက်တွင် အတွင်းဝန်များရုံးအား ဖျက်သိမ်း၍ အုပ်ချုပ်ရေးစနစ်သစ်အရ ပြန်ကြားရေးဝန်ကြီးဌာနကို ဦးစီးဌာန(၁)ခု၊ ကော်ပိုရေးရှင်း(၃)ခုဖြင့် ဖွဲ့စည်းခဲ့ရာ ပြန်ကြားရေးဌာနခွဲနှင့် အသံလွှင့်ဌာနခွဲတို့ကိုပေါင်း၍ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနအဖြစ် လည်းကောင်း၊ ဗဟိုပုံနှိပ်တိုက်၊ ပြည်သူပိုင် ပုံနှိပ်တိုက်များ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့နှင့် မြဝတီပုံနှိပ်တိုက်တို့ကိုပေါင်း၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ The Working People's Daily ၊ ကြေးမုံသတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ The Guardian Daily ၊ မြန်မာ့အလင်း သတင်းစာနှင့် ဟံသာဝတီသတင်းစာတို့ကိုပေါင်း၍သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့၊ ဗဟိုရုပ်ရှင်ဌာနခွဲ၊ ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့နှင့် နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေး အေဂျင်စီတို့ကိုပေါင်း၍ ရုပ်ရှင်ကော်ပိုရေးရှင်းအဖြစ် လည်းကောင်း ပြင်ဆင် ဖွဲ့စည်းခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် ကော်ပိုရေးရှင်းများကို ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်ရန် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီး

ဌာနကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန၊ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

အလားတူ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနမှ ပြန်ကြားရေးဌာနခွဲကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ အများပြည်သူအကျိုးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအဖြစ် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

ရုပ်ရှင်ကော်ပိုရေးရှင်းကို ၁၉၉၇ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်တွင် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ထို့အတူ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ထို့ပြင် ယခင်က သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းကို ၁၉၉၈ ခုနှစ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ နိုင်ငံပိုင်မီဒီယာ၏ အခန်းကဏ္ဍသည် နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်သော်လည်း နည်းပညာပြောင်းလဲမှုနှင့်အတူ ပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍကျဆင်းလာမှုကို အထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

သို့ဖြစ်ရာယခုအခါပြန်ကြားရေးဝန်ကြီးဌာနသည် အောက်ပါဦးစီးဌာနလေးခုနှင့် လုပ်ငန်းတစ်ခုတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ မီဒီယာနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည် -

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
(ခ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(ဂ) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
(ဃ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(င) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း။

ရည်ရွယ်ချက်

ပြည်သူလူထုအား ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ဖြစ်ပါသည်။

ရည်မှန်းချက်

ပြည်သူလူထုအား ပြန်ကြားပေးရေး၊ အသိပညာပေးရေးနှင့် ဖျော်ဖြေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုံနှိပ်မီဒီယာ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာအပါအဝင် အင်တာနက်ကဲ့သို့သော မီဒီယာပုံစံအသစ်(New Media)နှင့် ပြည်သူ့ဆက်ဆံရေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မူဝါဒ

ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်အသီးသီးတို့၏ အမျိုးသားအကျိုးစီးပွား တိုးတက်ဖော်ဆောင်နေမှုများအပေါ် တိုင်းရင်းသား ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေးအတွက် ဆီလျော်ညီညွတ်စွာ ပြန်ကြားပေးရေး။

(ခ) နိုင်ငံပိုင်မီဒီယာများသည် အများပြည်သူဝန်ဆောင်မှု မီဒီယာများအဖြစ် ပြည်သူများ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး။

(ဂ) နိုင်ငံတော်အစိုးရကိုယ်စား မြန်မာစာပေ၊ သတင်းမီဒီယာ၊ စာကြည့်တိုက်များ၊ လူထုအခြေပြု ဗဟိုဌာနများ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ မူဝါဒနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပံ့ပိုးကူညီရေး။

(ဃ) နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မူဘောင်များကို ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်ဖြစ်သည့် ပြန်ကြားပေးရေး၊ အသိပညာပေးရေး၊ ဖျော်ဖြေရေးတို့ဖြင့် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(င) ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သမားရိုးကျမီဒီယာများသာမက ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးပြု၍ ပြည်တွင်း/ ပြည်ပသို့ လွှမ်းခြုံနိုင်စွမ်းရှိသည့် နိုင်ငံပိုင်မီဒီယာများဖြစ်စေရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေး။


ဖွဲ့စည်းပုံ

ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကို အောက်ပါ ဌာနခွဲခြောက်ခုနှင့် ဦးစီးရုံးတစ်ရုံး ဖြင့်ဖွဲ့စည်းထားပါသည် –

(က) အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊

(ခ) မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊

(ဂ) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။


(ဃ) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊

(င) ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊

(စ) e-Government ဌာနခွဲတို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ယခင် ဝန်ထမ်းဖွဲ့စည်းပုံအင်အားမှာ အရာ ထမ်း(၉) နေရာ၊ အမှုထမ်း (၄၃) နေရာ စုစုပေါင်း ခွင့်ပြု အင်အား(၅၂)နေရာ ဖြစ်ပါသည်။

အဆိုပါဖွဲ့စည်းပုံကို ၁၉-၁၀-၂၀၁၆ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၇/၂၀၁၆)၏ သဘော တူညီချက်အရ အရာထမ်း(၁၉)နေရာ၊ အမှုထမ်း (၂၇)နေရာ၊ စုစုပေါင်း(၄၆)နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၁၅-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅)၏ သဘောတူညီချက်အရ ဝန်ကြီးရုံး၏ ဝန်ထမ်းဖွဲ့စည်းပုံကို အရာထမ်း (၅၀)နေရာ၊ အမှုထမ်း (၁၁၅)နေရာ၊ စုစုပေါင်း (၁၆၅)နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းနောက် ၂၃-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀)၏ သဘောတူညီချက်အရ အရာထမ်း (၇)ဦး၊ အမှုထမ်း(၁၀)ဦးပါဝင်သည့် e-Government ဌာနခွဲကို တိုးချဲ့၍ အရာထမ်း(၅၇)



ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။

နေရာ၊ အမှုထမ်း (၁၂၅)နေရာ၊ စုစုပေါင်း(၁၈၂) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကို ၁၉၄၆ ခုနှစ် လွတ်လပ်ရေးမရမီတွင် ဗမာ့အသံ၊ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ မြန်မာ့အသံ၊ ၁၉၇၂ ခုနှစ်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ ၁၉၈၀ ပြည့်နှစ်တွင် အဖြူအမည်းအစီအစဉ်မှ ရောင်စုံရုပ်မြင်သံကြား အစီအစဉ်ကို စတင်ထုတ်လွှင့်ခဲ့ပြီး ၂၄-၁-၁၉၉၁ ရက်နေ့မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန၊ ၂၂-၁၁-၁၉၉၇ ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဟု အမည်ပြောင်းလဲခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဌာနခွဲ(၇)ခုဖြင့် ဖွဲ့စည်းထားပြီး စီမံခန့်ခွဲရေးဌာနခွဲ၊ ဘဏ္ဍာရေးဌာနခွဲ၊ အသံလွှင့်ဌာနခွဲ၊ ရုပ်မြင်သံကြားဌာနခွဲ၊ MI ဌာနခွဲ၊ တေးဂီတဌာနခွဲ၊ စက်မှုဌာနခွဲ(နယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအပါအဝင်) အရာထမ်း(၃၁၈)ဦး၊ အမှုထမ်း(၂၈၃၁)ဦး၊ စုစုပေါင်း(၃၁၄၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ရည်မှန်းချက်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံအစီအစဉ်များကို အရည်အသွေးမြင့်မားစွာဖြင့် အများပြည်သူကို ဝန်ဆောင်မှုပေးနိုင်ရေး ဦးတည်

ဆောင်ရွက်ရန်နှင့် နိုင်ငံအတွင်း Broadcast Industry ဖွံ့ဖြိုးလာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း၊

(ခ) Anaglogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲတိုးချဲ့၍ Multi Channel ထုတ်လွှင့်ခြင်း၊

(ဃ) ရုပ်သံအစီအစဉ်များအား Standard Definition(SD) စနစ်မှ အရည်အသွေးမြင့်မားသော High Definition(HD) စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ခြင်း၊

(င) မြန်မာပိုင်း အစီအစဉ်နှင့် တိုင်းရင်းသားအစီအစဉ်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လွှင့်ရေးနှင့် ဖမ်းယူမရရှိသောနေရာများတွင် FM လွှင့်စက်များ တိုးချဲ့တည်ထောင်ခြင်း၊

(စ) Direct to Home (DTH) စနစ် ထုတ်လွှင့်မှုနှင့် Online မှတစ်ဆင့် New Media ပုံစံထုတ်လွှင့်မှုများ အပါအဝင် Multi Media Platform များမှတစ်ဆင့် TV, Radio (Live Streaming) များထုတ်လွှင့်ခြင်း၊

(ဆ) Digital နည်းပညာပြောင်းလဲမှုစနစ်အရ Channel (၃၀)ခုခန့် ထုတ်လွှင့်နိုင်မည်ဖြစ်ပါသဖြင့် တိုးတက်လာသော Channel အလိုက် လိုအပ်သော Virtual Studio များ၊ အဆင့်မြင့်နည်းပညာသုံးစက်ပစ္စည်းများ ဖြည့်တင်းရန်လိုအပ်သော လူသားအရင်းအမြစ်များ၊ မွေးမြူသင်ကြားတိုးချဲ့သွားရန်နှင့် လိုအပ်သောအုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ဖြည့်တင်းသွားခြင်း၊

(ဇ) e-Government လုပ်ငန်းများကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စျ) နိုင်ငံတကာအဆင့်မီသော ရုပ်သံဌာနကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်တွင်း/ဒေသတွင်း/နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပါ ကျင့်ဝတ်နှင့်အညီ အရုပ်နှင့်အသံ အရည်အသွေးကောင်းမွန်သည့် ရုပ်မြင်သံကြားအစီအစဉ်များ၊ ပြည်သူများကလက်လှမ်းမီ ဖမ်းယူကြည့်ရှုနားဆင်နိုင်ရေးဆောင်ရွက်ခြင်း

(ဋ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြည်သူများအတွက် အခြေခံလိုအပ်သည့် သတင်းအချက်အလက်များအား မြေပြင်အခြေစိုက်ထုတ်လွှင့်ခြင်း၊ ကြိုးသွယ်စနစ်ဖြင့်ထုတ်လွှင့်ခြင်းနှင့် ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်ခြင်းအပါအဝင် သမားရိုးကျ ရုပ်မြင်သံကြားနှင့် အသံလွှင့် အစီအစဉ်များမှ လည်းကောင်း၊ Internet , Website နှင့် Social Media များ အပါအဝင် ခေတ်သစ်မီဒီယာ(New Media) များမှလည်း

ကောင်း Platform များစုဖြင့် ထုတ်လွှင့်တင်ဆက်ပေးခြင်း၊

(၄) စဉ်ဆက်မပြတ်တိုးတက်၍ ဖွံ့ဖြိုးလာသည့် နည်းပညာများနှင့်အညီ မိမိတို့၏ မီဒီယာကိုလည်း စက်ပစ္စည်းပိုင်း၊ အသွင်သဏ္ဌာန်၊ အနှစ်သာရပိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုရှိသော သတင်းအချက်အလက်များ၊ ဖျော်ဖြေမှုများကို ထုတ်လွှင့်နိုင်ရေးဆောင်ရွက်ခြင်း၊

(၅) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်နိုင်ရေး မီဒီယာနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၆) တိုင်းရင်းသားလူမျိုးများ၏ သက်ဆိုင်ရာဘာသာစကားအလိုက် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များအား သင့်လျော်သလို စီစဉ်ထုတ်လွှင့်ပေးခြင်း၊


(ဇ) နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များ၊ လုပ်ငန်းစဉ်များနှင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား အပြန်အလှန် သိရှိနားလည်နိုင်စေရန်အတွက် Main Stream Media တစ်ခုအဖြစ် ကြားခံရပ်တည်ဆောင်ရွက်ပေးခြင်း၊

(တ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်လုပ်ငန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် အကြောင်းအရာမျိုးစုံနှင့် အမျိုးအစားစုံလင်စွာ ထုတ်လွှင့်ပြသခြင်းဖြင့် မီဒီယာအသိပညာပေး လုပ်ငန်းစဉ်များ(Media Literacy) ပျံ့နှံ့စေရန် ဆောင်ရွက်ခြင်းတို့ကို ရည်မှန်းချက်တာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဒုတိယကမ္ဘာစစ်အတွင်း၌ ပြန်ကြားရေးဌာနခွဲအဖြစ် ဗြိတိသျှအစိုးရ၏ မူဝါဒ ဖြန့်ချိရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ပြန်ကြားရေးဌာနခွဲ ပြည်သူ့ဆက်ဆံရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို ပြန်လည်သတ်မှတ်ပြီး ခရိုင်နှင့် ခရိုင်ခွဲများတွင် ရုံးများ စနစ်တကျ ဖွဲ့စည်းကာ စာဖတ်ခန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် ခရိုင်နှင့် မြို့နယ်များရှိစာကြည့်ခန်းများကို စာကြည့်တိုက်များအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးတွင် ပြန်ကြားရေးဌာနခွဲကို အသံလွှင့်ဌာနခွဲနှင့် ပူးပေါင်းပြီး ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့ပါသည်။

ထို့နောက် ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် တိုးတက်လာသော လူဦးရေနှင့်အညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားရန် လိုအပ်လာခြင်းတို့ကြောင့် ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနမှ ပြန်ကြားရေးဌာနခွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအဖြစ်သို့ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်း၍ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများနှင့် ပြည်သူလူထုအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရုံးချုပ်ဌာနခွဲ (၆)ခု၊ တိုင်းဒေသကြီး/ပြည်နယ် (၁၅)ရုံး၊ တွဲဖက်ပြည်နယ်ရုံး (၂)ရုံး၊ ခရိုင်ရုံး (၇၄)ရုံး၊ မြို့နယ်/မြို့ရုံး (၃၄၃)ရုံးဖြင့် အရာထမ်း (၁၉၁)ဦး၊ အမှုထမ်း (၄၀၈၂)ဦး၊ စုစုပေါင်း (၄၂၇၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဌာနခွဲ (၆)ခု၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) (၁)ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် (၁၄)ရုံး၊ တွဲဖက်ပြည်နယ်ရုံး (၂)ရုံး၊ ခရိုင်ရုံး (၇၅)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် (၄)ရုံး၊ မြို့နယ်ရုံး (၂၅၁)ရုံး၊ မြို့ရုံး (၈၈)ရုံးဖြင့် အရာထမ်း (၁၉၆)ဦး၊ အမှုထမ်း (၄၁၁၈)ဦး၊ စုစုပေါင်း (၄၃၁၄)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ရုံးချုပ်ဌာနခွဲ



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။

(၆)ခု၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) (၁)ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ရုံး၊ တွဲဖက် ပြည်နယ်ရုံး (၂)ရုံး၊ ခရိုင်ရုံး (၇၅)ရုံး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဆင့် (၄)ရုံး၊ မြို့နယ်ရုံး (၂၅၁)ရုံး၊ မြို့ရုံး (၈၈)ရုံးဖြင့် အရာထမ်း (၅၃၁) ဦး၊ အမှုထမ်း (၄၁၁၈)ဦး စုစုပေါင်း (၄၆၄၉)ဦး ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ဤဦးစီးဌာနတွင် ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ အရာထမ်း (၄၉၃) ဦး၊ အမှုထမ်း (၂၀၈၁)ဦး စုစုပေါင်း (၂၅၇၄)ဦး ဖြင့် ခန့်အပ်တာဝန်ပေး ဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများကို အများပြည်သူ ဝင်ထွက်သွားလာနိုင်ပြီး အပန်းဖြေရာနေရာ၊ အသိပညာရှာမှီးရာနေရာနှင့် သတင်းအချက်အလက်များရှာဖွေရာနေရာ၊ တိုင်းကျိုးပြည်ကျိုး၊ ရပ်ကျိုးရွာကျိုးများဆွေးနွေးတိုင်ပင်ရာနေရာဖြစ်လာစေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(ခ) ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)များတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဟောပြောပွဲများ၊ ပြပွဲ/ပြိုင်ပွဲများ၊ အစည်းအဝေး/ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အားကစားလှုပ်ရှားမှုများ၊ လူမှုရေးကဏ္ဍဆိုင်ရာအကြောင်းအရာများ ဆောင်ရွက်ခြင်း၊

(ဂ) ခရိုင်၊ မြို့နယ်နှင့်မြို့ရုံးများတွင် ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်များအား သမားရိုးကျစနစ်ဖြစ်သော စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးခြင်း၊ စာအုပ်စာစောင်ငှားရမ်းခြင်းလုပ်ငန်းများအား ပြောင်းလဲတိုးတက်လာသော နည်းစနစ်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် Digital Library စနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဃ) နေ့ကြီးရက်ကြီးများနှင့် နိုင်ငံတော်နေ့ထူးနေ့မြတ်အခါသမယများတွင် ပြပွဲ/ပြခန်းများ ခင်းကျင်းပြသခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်း၊

(င) ပြည်သူများ သိသင့်သိထိုက်သည့် အကြောင်းအရာများကို Talk Show ပြုလုပ်၍ Web TV ရိုက်ကူးပြီး Facebook Page မှတစ်ဆင့် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လွှင့်တင်ပေးခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများအလိုက် ဖွင့်လှစ်ထားသည့်ပြည်သူ့စာကြည့်တိုက်

Facebook Page များမှတစ်ဆင့် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ စက္ကူခေါက်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အိမ်တွင်းမှုလုပ်ငန်းများ၊ စာအုပ်မိတ်ဆက်ခြင်းများကို Web TV ရိုက်ကူး၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လွှင့်တင်ပေးခြင်း၊

(ဆ) ခရိုင်၊ မြို့နယ်၊ မြို့ရုံးများအလိုက် ဖွင့်လှစ်ထားသည့် Facebook Page များမှ တစ်ဆင့်နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ မိမိနယ်မြေများ၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် သတင်းများ၊ ဌာနလုပ်ငန်းများနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် လွှင့်တင်ခြင်း၊

(ဇ) ခရိုင်၊ မြို့နယ်နှင့် မြို့ရုံး (၄၁၀)ရုံးတွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)များဖြင့် ပူးပေါင်း၍ ရုံးချုပ်မှ ဝယ်ယူဖြန့်ဝေပေးသည့် စာအုပ်များဖြင့်လည်းကောင်း၊ စာဖတ်သူကြိုက်နှစ်သက်သည့် စာအုပ်များဖြင့်လည်းကောင်း စာဖတ်ဝိုင်းများ ကျင်းပခြင်း၊

(စျ) ဝန်ထမ်းများ အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် ဝန်ကြီးဌာနရုံးများတွင် စာအုပ်စင်များ ထားရှိပေးပြီး စာအုပ်များကို သုံးလတစ်ကြိမ် လဲလှယ်ပေးခြင်း၊

(ည) နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများကို ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် လှည့်လည်သွားရောက်၍ စာအုပ်များငှားရမ်းပေးခြင်း၊ ခရိုင်/မြို့နယ်ရုံး စာကြည့်တိုက်များနှင့် ရွှေ့လျားစာကြည့်တိုက်များအတွက် လစဉ် သုတ/ရသစာအုပ်များ ဝယ်ယူဖြည့်တင်းပေးခြင်း၊

(ဋ) ဦးစီးဌာန၏လုပ်ငန်းများခေတ်ကာလနှင့်လျော်ညီစွာ ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝစေရေးတို့အတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊

(ဌ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ ပုဒ်မ(၁၈၈)ဇယား(၂)အရစာကြည့်တိုက်ဥပဒေနှင့် နည်းဥပဒေကိုတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဍ) စာအုပ်စာစောင်များ ပုံနှိပ်ထုတ်ဝေခြင်း၊ ဒို့ကျေးရွာဂျာနယ်ထုတ်ဝေခြင်း၊ ဌာနဓာတ်ပုံဝန်ထမ်းများ ဓာတ်ပုံရိုက်ကူးမှုအရည်အသွေးတိုးတက်စေရေးရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြင်ပဓာတ်ပုံဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့်ခွဲခြား၍

ပြုင်ပွဲများ ခေါ်ယူကျင်းပခြင်း၊

(ဃ) ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများ ဖြန့်ဖြူးရာတွင် သမားရိုးကျနည်း (Traditional Method)များဖြင့်သာမက ခေတ်မီဒစ်ဂျစ်တယ်(Digital) နည်းပညာရပ်များ၊ သတင်းအချက်အလက်နည်းပညာရပ်များ (Information Technology)ဖြင့်ပါ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructures) များနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများကို ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးမှုအစီအစဉ် (Development Programme)များ တိုးမြှင့်ဆောင်ရွက်ခြင်း၊

(င) ဝန်ထမ်းများအား အသိပညာဖြန့်ဝေပေးသူ (Knowledge Provider)၊ သတင်းအချက်အလက်ဖြန့်ဝေပေးသူ (Information Provider)အဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊

(စ) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်စုံမှ သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် သုတေသနစာတမ်းများ ရေးသားခြင်းနှင့် စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ သုတေသနတွေ့ရှိချက်များအား ဖြန့်ဝေပေးခြင်း၊

(ဆ) မြန်မာ့နိုင်ငံရေးနှင့်စီးပွားရေးအကြောင်းအရာများ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဥပဒေနှင့်နည်းပညာဆိုင်ရာအကြောင်းအရာများကို ပြည်သူများ သိရှိနိုင်စေရန် မြန်မာရေးရာစာစောင်ကိုလည်းကောင်း၊ ကမ္ဘာ့နိုင်ငံရေးနှင့်စီးပွားရေးအကြောင်းအရာများ၊ စစ်ရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိနိုင်စေရန် ကမ္ဘာရေးရာစာစောင်ကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာအကြောင်းအရာများကို တိုင်းရင်းသားပြည်သူများ သိရှိနိုင်စေရန် တိုင်းရင်းသားရေးရာစာစောင်ကိုလည်းကောင်း ထုတ်ဝေဖြန့်ချိခြင်း၊

(ဇ) ပြန်ကြားရေးဝန်ကြီးဌာန MOI Website (www.moi.gov.mm)နှင့် mTube Video Streaming Platform (www.mtube.gov.mm) အား တာဝန်ခံပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) နိုင်ငံတော်အစိုးရ၏ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များနှင့် ဒေသ

တွင်းသတင်းများကို Social Media Platform များမှတစ်ဆင့် သတင်းလွှင့်တင်ပေးခြင်းနှင့် သတင်းမှားများအား သတင်းအမှန်ဖြင့် တုံ့ပြန်ခြင်း၊ ပြည်တွင်း/ပြည်ပမီဒီယာများမှ သတင်းများအား စောင့်ကြည့်ပြုစုခြင်း၊

(န) ပုံနှိပ်သူ၊ထုတ်ဝေသူနှင့်သတင်းအေဂျင်စီ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်း ထုတ်ဝေစာများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံး လုပ်နည်းများနှင့် အညီ ဖတ်ရှုသုံးသပ်ခြင်း၊

(ပ) စာပေအနုပညာ မူပိုင်ခွင့်ဆိုင်ရာကိစ္စ ရပ်များဆောင်ရွက်ခြင်း၊ Online Media နှင့် Social Media များတွင် ဆောင်ရွက် နေသည့် သတင်းအေဂျင်စီလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခြင်း နှင့် ထိန်းညှိဆောင်ရွက်ခြင်း၊

(ဖ) နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့် ပုဂ္ဂလိကပိုင် ရုပ်ရှင်ရုံများ Digital စနစ်ဖြင့် ရုပ်ရှင် ပြသရန် တွန်းအားပေးဆောင်ရွက် ခြင်း၊

(ဗ) ဖလင်ပိဋ္ဌကတ်တိုက်တွင် ရုပ်ရှင် ဇာတ်ကားများ ထိန်းသိမ်းထားရှိခြင်း နှင့် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက် ခြင်း၊ မြန်မာရှေးဟောင်းရုပ်ရှင်ဇာတ်ကား များအား Digital Restoration ပြုလုပ် နိုင်ရေး နိုင်ငံတကာနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊

(ဘ) သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း ပေါင်းစပ်၍ ရုပ်ရှင်ဆိုင်ရာဆွေးနွေးပွဲ များ၊ သင်တန်းများဖွင့်လှစ်ခြင်း၊

(မ) ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၊ ရုပ်ရှင်လုပ်ငန်းလိုင်စင်များ၊ ရုပ်ရှင်ရုံ လိုင်စင်များကို စိစစ်ခွင့်ပြု ထုတ်ပေး ခြင်း၊ သက်တမ်းတိုးပေးခြင်း၊

(ယ) ပြည်တွင်း/ပြည်ပရုပ်ရှင်ပွဲတော်များ ကျင်းပခြင်း၊ မြန်မာနိုင်ငံသို့လာရောက် ရိုက်ကူးသော နိုင်ငံတကာရိုက်ကူးမှု များအား ဝန်ဆောင်မှုပေးခြင်းနှင့် နိုင်ငံ တကာရုပ်ရှင်ပွဲတော်များသို့ပြည်တွင်း အနုပညာရှင်များ တက်ရောက်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ရ) ရုပ်ရှင်အနုပညာရပ်ဝန်းတွင်ရှိသော စတူဒီယိုများအား ခေတ်မီစတူဒီယို များအဖြစ် အဆင့်မြှင့်တင်နိုင်ရေး လေ့လာသုံးသပ်ဆောင်ရွက်ခြင်း၊

(လ) Digital စနစ်ကူးပြောင်းပြီး ရုပ်ရှင်ရုံ များအား စံချိန်စံညွှန်းများနှင့် ကိုက်ညီ မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း၊ ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟို ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့များ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဝ) ရုပ်ရှင်အနုပညာ ရုပ်ဝန်းရှိ DCP Projector ဖြင့် ရုပ်ရှင်ဆင်ဆာကြည့်ရှုခြင်း၊ ရုပ်ရှင်ဇာတ်ကား ပြသမှုတို့ကို ဆောင်ရွက်ခြင်း၊

(သ) ဌာနရှိကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုပ်ရှင်အနုပညာ ရုပ်ဝန်းဇရိယာနှင့်စတူဒီယိုများအား ငှားရမ်းဝန်ဆောင်မှုပေးခြင်း၊

(ဟ) ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်နှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ ရည်ညွှန်းစာအုပ်များ၊ သုတေသနစာတမ်းများ စုဆောင်း၍ ရည်ညွှန်းစာကြည့်တိုက်ဖွင့်လှစ်ခြင်း၊

(ဠ) ခေတ်ကာလနှင့် လျော်ညီသော မြန်မာ့ရုပ်ရှင်ဥပဒေ(မူကြမ်း) ပေါ်ပေါက်လာရေးအတွက် ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(အ) ရဲတပ်ဖွဲ့စခန်းအသီးသီးမှ ဖမ်းဆီးပေးပို့လာသောဗီဒီယိုလေ့ဆာဓာတ်ပြားများကို ဆင်ဆာခွင့်ပြုချက် ရှိ/မရှိ ပြန်ကြားပေးခြင်းစသည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကို လွန်ခဲ့သော နှစ်ပေါင်း (၁၃၀)ကျော်ကာလ ၁၈၈၀ ပြည့်နှစ်က ရန်ကုန်ဗဟိုအကျဉ်းထောင်တွင် စတင်တည်ထောင်ခဲ့သည့် အစိုးရပုံနှိပ်တိုက်မှ အစပြုမွေးဖွားခဲ့ပါသည်။ အစိုးရပုံနှိပ်တိုက်အနေဖြင့် ထိုစဉ်က မြန်မာနိုင်ငံအစိုးရ၊ အတွင်းဝန်များရုံး၏ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပြီး နောက်ပိုင်းတွင် အခြားဌာနများ၏ လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်လာခဲ့ရပါသည်။ ၁၈၉၀ ပြည့်နှစ်တွင် ဗဟိုပုံနှိပ်တိုက်၊ ထောင်ပုံနှိပ်တိုက်ဌာနစုနှင့် မေမြို့ပုံနှိပ်တိုက်ဌာနစုတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ၁၉၀၆ ခုနှစ်တွင် ဗဟိုပုံနှိပ်စက်ရုံကို လက်ရှိအခြေပြုရာ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် စာရေးကိရိယာဌာနစုကို တိုးချဲ့ ဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၉ ခုနှစ်အတွင်း၌ ပြည်သူပိုင်ပြုလုပ်ခဲ့သော ပုဂ္ဂလိကပုံနှိပ်တိုက် ၁၇ ခုကို ပြည်သူပိုင်ပုံနှိပ်တိုက်ကြီးများ ကြီးကြပ်ရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ၁၉၆၃ ခုနှစ်တွင် စာပေဗိမာန်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် အုပ်ချုပ်ရေးစနစ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဗဟိုပုံနှိပ်တိုက်နှင့်တိုက်ခွဲများ၊ စာပေဗိမာန်နှင့် ပြည်သူပိုင်ပုံနှိပ်တိုက်များအားလုံးကို စုပေါင်း၍ “ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း”အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။


၁၉၇၂ ခုနှစ်တွင် ကချင်၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်နယ် ပုံနှိပ်တိုက်ခွဲများကိုလည်းကောင်း၊ ၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်

ရှိ သဇင်ပန်းခိုင်ပုံနှိပ်တိုက်ခွဲကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ရပ်စဲလိုက်သည့် ဟံသာဝတီ သတင်းစာတိုက်ကို လွှဲပြောင်းလက်ခံရယူပြီး မန္တလေးပုံနှိပ်တိုက်ခွဲအဖြစ်လည်းကောင်း ထပ်မံပါဝင်ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၈၉ ခုနှစ်တွင် "ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း"ကို "ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း" အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဌာနအကြီးအကဲအဖြစ် ဦးဆောင်ညွှန်ကြားရေးမှူးက တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်အခြေစိုက် ဗဟိုပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်း ပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံဟူ၍ ပုံနှိပ်စက်ရုံကြီး (၄)ခုရှိခဲ့ရာမှ ၁၉၉၃ ခုနှစ်တွင် ရန်ကုန် အခြေစိုက် ကျိုက်စီပုံနှိပ်စက်ရုံကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် မန္တလေးအခြေစိုက် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် နေပြည်တော် အခြေစိုက် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)ကိုလည်းကောင်း အသစ်ထပ်မံတိုးချဲ့ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး ဌာနကွပ်ကဲမှုအောက်တွင် ပုံနှိပ်စက်ရုံကြီး (၇)ရုံဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

စာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပုံနှိပ်လုပ်ငန်းမြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် မဖြစ်မနေ လိုအပ်သည့် ဝန်ထမ်းအင်အားဖြင့် ကျစ်လျစ်စွာ



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။

ဖွဲ့စည်း၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အဖြစ် အရာထမ်း ၉၀ ဦး၊ အမှုထမ်း ၁၂၅၃ ဦး စုစုပေါင်း ၁၃၄၃ ဦးဖြင့် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(ခ) မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေးမီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ တာဝန်ယူ ပုံနှိပ်ပေးနိုင်ရန်ဆောင်ရွက်ခြင်း၊

(ဃ) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ လုပ်ငန်းများအားလုံး ခေတ်နှင့်အညီ တိုးတက်လာစေရေးဆောင်ရွက်ခြင်း၊

(င) အသုံးစရိတ်များကို လျှော့ချပြီး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်ရရှိရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေးနှင့် Balance Budget ဖြစ်အောင် ဆောင်ရွက်ခြင်း၊

(စ) မြန်မာစာပေ မြှင့်တင်ရေးလုပ်ငန်းများနှင့် စာပေလောကတိုးတက်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဆ) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ကိုင်တွယ်နေသည့် ပုံနှိပ်စက်များ အမြဲ Function ဖြစ်နေစေရေး၊ ရေရှည်အသုံးပြုနိုင်အောင် ဆောင်ရွက်ရေး၊ ပုံနှိပ်စက်ဟောင်းများကို ခေတ်မီပုံနှိပ်စက်သစ်များဖြင့် အစားထိုးဆောင်ရွက်ခြင်း၊


(ဇ) လုပ်ငန်းအပ်နှံလာသော နိုင်ငံတော်အဖွဲ့အစည်းအသီးသီး၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်း၊

(စျ) မိမိဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ဆောင်ရွက်ခြင်း။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၂ခုနှစ်နိုဝင်ဘာလ ၁ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအရ အရာထမ်း ၅၀ ဦး၊ အမှုထမ်း ၁၅၀ ဦး စုစုပေါင်း ၂၀၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း ၂၂ ဦး၊ အမှုထမ်း ၃၉ ဦးဖြင့် ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိဒီယာဖွံ့ဖြိုးတိုးတက်ကောင်းမွန်



ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။

ရေးအတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗန်းရှင်းများ၊ စာချုပ်များနှင့် သဘောတူစာချုပ်များသို့ဝင်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတကာဆက်ဆံရေးနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် အခြားဖြန့်ဝေလိုသည့် သတင်းအချက်အလက်များကို ပြည်တွင်း/ပြည်ပသတင်းစာများနှင့် စာစောင်များတွင် သတင်းဆောင်းပါးများရေးသားပေးပို့ခြင်း၊ လက်ကမ်းစာစောင်များနှင့် video/audio materials များအား ဖြန့်ဝေခြင်း၊ ဦးစီးဌာန၏ website လွှင့်တင်ခြင်း၊

(င) ပြည်သူလူထုအား မီဒီယာဆိုင်ရာ အသိပညာများဖြန့်ဝေနိုင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ စီမံချက်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မည့် ယန္တရားတည်ဆောက်ခြင်း၊

(ဆ) ပြည်သူများအတွက် မှန်ကန်သော

သတင်းအချက်အလက်များ သိရှိပိုင်ခွင့်ရရှိရေးကဏ္ဍပေါင်းစုံမှဆောင်ရွက်ခြင်းနှင့် မီဒီယာများစုံလင်စွာပါသော မီဒီယာဗဟုဝါဒ မြှင့်တင်ရေးတို့ကို ဆောင်ရွက်ခြင်း၊

(၈) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ စာပေဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(၈၂) သတင်းမီဒီယာသမားများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် သတင်းမီဒီယာသမားများ၏ အခွင့်အရေးနှင့်တာဝန်ကို မှန်ကန်စွာထိန်းကျောင်းခြင်း၊

(ည) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanma Media Development Group– MMDG) ဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်းပုဂ္ဂလိကမီဒီယာကဏ္ဍရှင်သန်ရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း၊

(၅) ပုဂ္ဂလိကမီဒီယာများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို မြှင့်တင်ပေးနိုင်ရေး၊ လူမှုတာဝန်သိသော မီဒီယာများဖြစ်ပေါ် စေရေးနှင့် မီဒီယာများစုံလင်စွာပါဝင်သည့် မီဒီယာဗဟုဝါဒမြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(၆) ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာပြုပြင်ပြောင်းလဲရေးစီမံချက်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နည်းပညာပြောင်းလဲမှုနှင့်အတူ ပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍကျဆင်းလာမှုကို အထောက်အပံ့ပေးနိုင်ရန်နှင့် ပုဂ္ဂလိကမီဒီယာကဏ္ဍရှင်သန်တိုးတက်ပြီး နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် စတုတ္ထမဏ္ဍိုင်ပီသစွာ အထောက်အကူပေးနိုင်ရေးကို ရည်ရွယ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။


သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကို ၁၉၆၂ တော်လှန်ရေးကောင်စီလက်ထက်တွင် ပြည်သူများ လေးစားအားကိုးရသည့် နိုင်ငံတော်ပိုင် သတင်းစာတစ်စောင် ထုတ်ဝေနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့သတင်းစဉ် (ပြည်တွင်း/နိုင်ငံခြား)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၁၉၆၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် The Working People Daily သတင်းစာကိုလည်းကောင်း စတင်ထုတ်ဝေခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သည့် လုပ်သားပြည်သူ့

နေ့စဉ် (မြန်မာ့အလင်း)၊ ကြေးမုံ၊ The Working People's Daily (The New Light of Myanmar) သတင်းစာတိုက်များနှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း/နိုင်ငံခြား) အဖွဲ့အစည်းများ ပါဝင်လာခဲ့ပြီး ယင်းအဖွဲ့အစည်းများအား ကြီးကြပ်လမ်းညွှန်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၉၆၅ ခုနှစ်တွင် ပြည်သူပိုင်သတင်းစာတိုက်များ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

ထို့နောက် အုပ်ချုပ်ရေးစနစ်သစ်အရ ၁၉၇၂ ခုနှစ်မှစပြီး ယင်းကြီးကြပ်ရေးအဖွဲ့အား သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းအမည်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် အဖွဲ့အစည်းများကို ပြန်လည်စိစစ်ဖွဲ့စည်းခဲ့ရာ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းကို စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲ၍ ၁၉၉၈ ခုနှစ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟူ၍ ခေါ်ဝေါ်ခဲ့ပါသည်။

လက်ရှိသတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ရုံးချုပ်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း/နိုင်ငံခြား)၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ စစ်တွေ၊ တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ လားရှိုး၊ မြိတ်)နှင့် နေပြည်တော်သတင်းစာတိုက်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော New Light of Myanmar သတင်းစာအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co., Ltd. တို့ အကျိုးတူဖက်စပ် စာချုပ်ချုပ်ဆိုပြီး (Joint Venture)အဖြစ် ၂၀၁၄ ခုနှစ်မှစ၍



ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ။

The Global New Light of Myanmar သတင်းစာအဖြစ် ထုတ်ဝေခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ဖွဲ့စည်းပုံအရ အရာထမ်း ၁၂၃ ဦး၊ အမှုထမ်း ၁၃၉၆ ဦး စုစုပေါင်း ၁၅၁၉ ဦးဖြင့် ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ရည်မှန်းချက်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သမားရိုးကျ ပုံနှိပ်မီဒီယာအပြင် မီဒီယာပုံစံအသစ် (New Media)အသွင်အဖြစ်သို့Digitalစနစ်ဖြင့်ပါအဆင့်လိုက်ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ခ) Editorial မူဝါဒများကို မီဒီယာစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာကို သတင်းစာဖတ်ပရိသတ်များ အဓိကဖတ်ရှုသည့်နိုင်ငံ၏သတင်းစာနှစ်စောင်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ပြောင်းလဲဆောင်ရွက်ခြင်း၊

(င) e-Government လုပ်ငန်းကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကိုယ်ပွားသတင်းစာတိုက်များတွင် ရောင်စုံသတင်းစာပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့် တိုင်းရင်းသားဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး သက်ဆိုင်ရာအစိုးရအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်နေပြည်သူများ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတရရှိစေရေး အသိပညာဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကျေးလက်ဒေသအထိ သတင်းစာများ ရောက်ရှိဖြန့်ချိနိုင်ရေးစသည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဦးစီးဌာနများနှင့် လုပ်ငန်းတို့၏ တိုးတက်ပြောင်းလဲမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် သုံးနှစ်တာကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့၏ ကဏ္ဍအလိုက် တိုးတက်ပြောင်းလဲမှုများကို ဖော်ပြပါအတိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်-

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် နိုင်ငံတကာသို့ ပိုမိုကျယ်ပြန့်စွာရောက်ရှိ ပျံ့နှံ့နိုင်စေရေးအတွက် ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ MRTV နှင့် Kaung Shwe

Win Family Co.Ltd, Myanmar Best Quality of USA Company တို့ပူးပေါင်း၍ MRTV Mobile Media Application (MRTV App & Web) အား အဆင့်မီစွာရေးဆွဲကာ ၂-၄-၂၀၂၂ ရက်နေ့မှစ၍ စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး မြန်မာ ဘာသာအပြင် အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ ဂျာမနီစသည့် ဘာသာများဖြင့် နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကြည့်ရှုနိုင်အောင် တိုးမြှင့်ဆောင်ရွက် နိုင်ခဲ့ပါသည်။

ထို့ပြင် MRTV နှင့် Borderless Broadcast Co.,Ltd တို့အကြား Direct to Home(DTH) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် သဘောတူစာချုပ်အား ၅ - ၁၁-၂၀၂၃ ရက်နေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ အလားတူ Myanmar Broadband Telecom Co.,Ltd (MBT) ၏ IPTV ဝန်ဆောင်မှုစနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဌာနပိုင် ရုပ်သံလိုင်းများတိုးမြှင့်၍ ထည့်သွင်းထုတ်လွှင့်ဆောင်ရွက်လျက်ရှိပြီး Myanmar Cast Stream Co.,Ltd (MCS)၏ Myanmar Cast (MC) Application တွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဌာနပိုင်ရုပ်သံလိုင်းများကိုလည်း တိုးမြှင့်၍ ထည့်သွင်းထုတ်လွှင့်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့နောက် ပြောင်းလဲလာသော နည်းပညာများနှင့်အညီနိုင်ငံတစ်ဝန်းလုံးသို့ရုပ်မြင်သံကြား ထုတ်လွှင့်မှုများ ရာနှုန်းပြည့် လွှင့်အားပျံ့နှံ့စေရေးအတွက် ဂြိုဟ်တုမှတစ်ဆင့် တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်သော MRTV Direct to Home (DTH) စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မှုကို ၁-၂-၂၀၂၂ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ခဲ့ပြီး MRTV DTH တွင် ဌာနပိုင်ရုပ်သံလိုင်းများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အစိုးရအဖွဲ့အစည်းတို့အား ပုဂ္ဂလိကမီဒီယာဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် MRTV DTH Platform(Direct to Home) တွင် ပုဂ္ဂလိကရုပ်သံလိုင်းများ ထပ်မံထည့်သွင်းထုတ်လွှင့်နိုင်ရေးအတွက် Expression of Interest (EOI) ခေါ်ယူခြင်း၊ Request for Proposal (RFP) တင်သွင်းစေခြင်းများ ဆောင်ရွက်ပြီး MRTV DTH စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းပြသခွင့်ပြုနိုင်ရန် စိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှုဖြင့် အောင်မြင်သည့် ကုမ္ပဏီ ခြောက်ခု၏ ရုပ်သံလိုင်း ၁၀လိုင်း အပါအဝင် ၁၅-၂-၂၀၂၄ ရက်နေ့မှစ၍ ရုပ်သံလိုင်း ၁၉လိုင်းအား MRTV DTH စနစ်တွင် Free To Air စနစ်ဖြင့် တိုးမြှင့်၍ ထည့်သွင်းထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

အလားတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DVB-T2 စနစ်၌ SD စနစ်ဖြင့် ထုတ်လွှင့်နေသည့် ပုဂ္ဂလိက Channel များအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး (စစ်ကိုင်း)စသည့် မြို့ကြီးသုံးမြို့တွင် HD စနစ်ဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ခဲ့ရာ မူလ HD စနစ်ဖြင့် ထုတ်လွှင့်သည့် MRTV HD ၊ MRTV

News အပြင် MRTV NRC Channel ၊ Myanmar International (MI Channel)၊ MRTV Farmers' Channel ၊ MRTV Sports Channel ၊ 5 Plus ၊ Fortune TV Channel ၊ Channel K ၊ YTV Channel နှင့် M Channel စသည့် ရုပ်သံလိုင်းကိုးလိုင်းအား မြို့ကြီး သုံးမြို့တွင် HD စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ MRTV DVB-T2 စနစ်ဖြင့် HD ၁၁ လိုင်း တိုးတက်ထုတ်လွှင့်နိုင်ခဲ့ပါသည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Hey Play Co.,Ltd တို့ပူးပေါင်းကာ ၈-၁-၂၀၂၃ ရက်နေ့မှစ၍ MRTV Farmers' Channel (Htv Farmers' Channel)နှင့် MRTV Sports Channel (Htv Sport's Channel)တို့တွင် အစီအစဉ်များ ပူးပေါင်းထုတ်လွှင့်မှုဖြင့် အဆင့်မြှင့်တင် ထုတ်လွှင့်နိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် သုံးနှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုများအနေဖြင့် ယခင်ကပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာ ထမ်း ၁၉၆ ဦး၊ အမှုထမ်း ၄၁၁၈ ဦး တို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဖွဲ့စည်းပုံတိုးမြှင့်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွဲ့စည်းပုံတိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၇-၉-၂၀၂၁ ရက်နေ့တွင် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ဖွဲ့စည်းပုံတိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ဖွဲ့စည်းပုံတိုးမြှင့်ခွင့် ရရှိခဲ့သည့်အတွက် ယခင်က တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းဦးစီးမှူး၊ ပြည်နယ်ဦးစီးမှူးများကို ဒုတိယညွှန်ကြားရေးမှူးအဆင့်မှ ယခုညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း၊ ယခင်က ဒုတိယတိုင်းဦးစီးမှူး၊ ဒုတိယပြည်နယ်မှူးများကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ယခု ဒုတိယညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း၊ ယခင်က ခရိုင်ဦးစီးမှူးများကို ဦးစီးအရာရှိအဆင့်မှ ယခု လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း၊ ယခင်က မြို့နယ်ဦးစီးမှူးများကို ဒုတိယဦးစီးမှူးအဆင့်မှ ယခု ပြန်တမ်းဝင် ဦးစီးအရာရှိအဆင့် တိုးမြှင့်၍ ဖွဲ့စည်းခွင့်ရရှိခဲ့သည့်အတွက် ယခုအခါ အရာထမ်း ၅၃၀ ဦး၊ အမှုထမ်း ၄၁၁၈ ဦးတို့ဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ရေးကောင်စီလက်ထက်တွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရည်ညွှန်းစာကြည့်တိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများ၌ ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက် ၄၁၀ တိုက်အတွက် စာအုပ်/စာစောင်များ လစဉ်ဖြည့်ဆည်းပေးလျက်ရှိရာ သုံးနှစ်တာကာလအတွင်းစာအုပ်/စာစောင်ပေါင်း ၄၈၇၀၀၈ အုပ်ကို တိုးမြှင့်ဝယ်ယူဖြည့်ဆည်း

ပေးနိုင်ခဲ့ပါသည်။

အလားတူ ပြည်သူ့စာကြည့်တိုက်များကို ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့် အညီ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေ မည့် Digital Library အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံး ၁၀၃ ရုံးတွင် Digital Library Management System ဖြင့် စာအုပ်များ ရေးသွင်းခြင်း၊ ငှားရမ်း ခြင်းလုပ်ငန်းများကို တိုးမြှင့်အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၎င်းအပြင် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများကို ပြည်သူများ အသိ ပညာရှာမှီးရာနေရာနှင့် သတင်းအချက်အလက်များ ရှာဖွေရာနေရာဖြစ်လာစေရန်၊ ပြည်သူများ တိုင်း ကျိုးပြည်ကျိုး၊ ရပ်ကျိုးရွာကျိုးများဆွေးနွေး တိုင်ပင်ရာနေရာဖြစ်လာစေရန်၊ ပြည်သူများ ဝင်ထွက်သွားလာနိုင်ပြီး အပန်းဖြေရာနေရာ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ခရိုင်နှင့် မြို့နယ်ရုံး ၂၀ ရုံးကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုသုံးနှစ်တာကာလအတွင်း လားရှိုးမြို့၊ သံတွဲမြို့၊ တောင်ကြီးမြို့၊ နတ် မောက်မြို့နှင့် ပန်းတနော်မြို့တို့တွင် လူထု အခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ် ငါးခုကို ထပ်မံတိုးချဲ့ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

Online Service အနေဖြင့် ပြည်တွင်း သတင်း များနှင့် ထူးခြားဖြစ်စဉ်သတင်းများကို ပြည် သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် MOI Website အပါအဝင် Facebook Page များ၊ Blog၊ X–Twitter ၊ Youtube ၊ mTube ၊ Telegram ၊ VK ၊ TikTok အစရှိသည့် မီဒီယာ Platform များ အသုံးပြု၍ သုံးနှစ်အတွင်း တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလားတူ တိုက်ရိုက်ထုတ်လွှင့်မှုများအား မသမာသူများ နှောင့်ယှက်ဖြတ်ချခြင်းမပြုလုပ် နိုင်ရန် mTube Video Streaming Platform ရေးဆွဲပြီး Channel Account ၂၅ ခု တိုးမြှင့်လွှင့်တင် နိုင်ခဲ့ပါသည်။ Mobile Phone များတွင် အလွယ် တကူ ဖတ်ရှုလေ့လာနိုင်ရန် mTube Application ကိုလည်း တိုးမြှင့်ရေးဆွဲပြီး သတင်းများကို ပြည် သူများ အချိန်နှင့်တစ်ပြေးညီ သိရှိဖတ်ရှုနိုင်စေရန် တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အတူ လူငယ်များ ဗဟုသုတရရှိစေရန် လူငယ် လမ်းညွှန်အစီအစဉ်အဖြစ် Youth Directory Facebook Page တစ်ခုကိုလည်း ထပ်မံတိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာ ပိုင်းဆိုင်ရာများ၊ အာဆီယံကိစ္စရပ်များ၊ မီဒီယာ နှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ဌာန တွင်း သုတေသနပြုရန်နှင့် ရည်ညွှန်းကိုးကား ရန်အတွက် ယခင်က Manual စနစ်ဖြင့် ထိန်းသိမ်း ဆောင်ရွက်ခဲ့ပြီး ယခုအခါ Data Base Management System (DBMS) Software စနစ်ဖြင့် တိုးမြှင့် ရေးဆွဲကာ ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရုပ်ရှင်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ဖလင် ပိဋ္ဌကတ်တိုက်တွင် မြန်မာ့ရုပ်ရှင်ဇာတ်ကား

များနှင့် သတင်းကားပိုင်းများကို ယခင် ဖလင်ရစ်ခုံတွင် Manual စနစ်ဖြင့်သာ မှိုသန့်စင်ခြင်း ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ Film Cleaner နှင့် Film Scanner စက်များဖြင့် မှိုဆေးကြောသန့်စင်ခြင်း၊ ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းခြင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပြီး မိမိတို့ဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အတူ နိုင်ငံတော်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို အောင်မြင်တိုးတက်အောင် စုစည်းညွှတ်သည့် စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် သုံးနှစ်တာကာလအတွင်း ပုံနှိပ်လုပ်ငန်းများ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် Orient X-CEL 4Hi Tower Web Offset တစ်လုံးနှင့် Computer To Plate (CTP) တစ်လုံးတို့ကို ရန်ကုန်မြို့ အောင်ဆန်းပုံနှိပ်စက်ရုံတွင်လည်းကောင်း၊ 500 KVA Generator (Sound Proof) တစ်လုံးကို ရန်ကုန်မြို့ ဖိုထိုလစ်သို့ပုံနှိပ်စက်ရုံတွင်လည်းကောင်း အသစ်ထပ်မံတိုးမြှင့်တပ်ဆင်ပြီး နိုင်ငံတော်ပြန်တမ်းများနှင့် ကျောင်းသုံးစာအုပ်များကို အရည်အသွေးမီစွာ ပုံနှိပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ စာပေအနုပညာရှင်ကြီးများကို ဂုဏ်ပြုသည့် အနေဖြင့် စာဆိုဗိမာန်ကြီး တည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့ပြီး စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှ အသစ်ထပ်မံတိုးမြှင့် ဖွင့်လှစ်ခဲ့သည့်ဌာနဖြစ်ပြီး အဆိုပါကာလအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ ချုပ်ဆိုပြီး မီဒီယာဖွံ့ဖြိုးရေးနှင့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နိုင်ရေး ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ဒေသအတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် သုံးနှစ်တာကာလအတွင်း The Global New Light Of Myanmar သတင်းစာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုပြီး သတင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသလို ပုံနှိပ်မီဒီယာအပြင် မီဒီယာပုံစံအသစ် (New Media)ကို Digital စနစ်အဖြစ် တိုးတက်ပြောင်းလဲ ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကထုတ်ဝေလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာများနှင့် Myanmar Digital Newsတို့မှ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ သတင်းအမှန်များ၊ ပြည်သူများ အသိပညာဗဟုသုတဖြစ်စေ

မည့် သတင်း၊ ဆောင်းပါး၊ ခေါင်းကြီး၊ အင်တာဗျူး၊ နှိုးဆော်ချက်၊ ထုတ်ပြန်ချက်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။

၎င်းအပြင် သတင်းတု၊ သတင်းမှားများအပေါ် တုံ့ပြန်ဖော်ပြမှုအနေဖြင့် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDFအမည်ခံ အဖွဲ့များသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်ရုံး၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းစသည့် အကြမ်းဖက်လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်စေရေးအတွက် နေ့စဉ်ထုတ်သတင်းစာများတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိသလို Myanmar Digital News မှလည်း သတင်းမှန်ပြန်ကြားခြင်း၊ သတင်းတုသတင်းမှားများအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သတင်းများ မှန်ကန်မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများဖြစ်သည့် Website www.mdn.gov.mm ၊ Telegram ၊ Myanmar Digital News နှင့် Mobile App ဖြစ်သည့် Myanmar Digital News(Android, IOS) တို့တွင် နေ့စဉ်ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့ပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏သတင်းစာရှင်းလင်းပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများကို Myanmar Digital News ၏ Social Media များတွင် ထပ်ဆင့် Live ထုတ်လွှင့်ပေးခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

Myanmar Digital News ၏ News Portal တွင် ပြည်တွင်း/ပြည်ပမှ သတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုနယ်ပယ်၊ အတွေးအမြင်၊ ရုပ်သံကဏ္ဍ၊ တိုင်းရင်းသားရေးရာ မိန့်ခွန်းများ၊ သတင်းစာ အစရှိသည့် ပြည်တွင်း/ပြည်ပ နယ်ပယ်စုံမှ အကြောင်းအရာများကဏ္ဍများခွဲပြီး စုံလင်စွာဖော်ပြထားသည့်အပြင် သတင်းအကြောင်းအရာများကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး အဆင့်တိုးမြှင့် တင်ဆက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံပိုင်သတင်းစာများကို ဆွဲဆောင်မှုရှိရှိဖြင့် ဖတ်ချင်စဖွယ်ဖြစ်အောင် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိပြီး သတင်းစာများ၏ အရည်အသွေးတိုးတက်ရန်၊ အသွင်အပြင်နှင့် ဒီဇိုင်းများဆန်းသစ်ရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်တို့အပြင် လက်ရှိနိုင်ငံရေးအခြေအနေများအပေါ် စာဖတ်သူပြည်သူများ အတွေးအခေါ်မှန်ကန်နိုင်စေရန်၊ နိုင်ငံရေးအမြင် သုံးသပ်ဆင်ခြင်နိုင်စေရန်၊ လူငယ်များ လမ်းမှားမရောက်စေရန်နှင့် အသိပညာသတိဖြင့် စဉ်းစားဆုံးဖြတ်မှုမှန်ကန်စေရန်တို့အတွက် ခေါင်းကြီး၊ သတင်း၊ ဆောင်းပါး၊ နှိုးဆော်ချက်၊ ထုတ်ပြန်ချက်နှင့် အကြောင်းအရာကဏ္ဍသစ်များကိုထပ်မံထည့်သွင်းပြီး တိုးတက်ပြောင်းလဲမှုများ ရှိလာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု

နိုင်တော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ပထမအချက်တွင် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"ဆိုသည့်အချက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်စေရေးအတွက် ၂၀၂၄ ခုနှစ် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေးကို လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသွားမည် ဖြစ်ပါသည်။

ထို့အတူပဉ္စမအချက်တွင် "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟု ဖော်ပြထားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအားပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပေးပြီး ကော်မရှင်က လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင် ၄၆ ခု တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့် အုပ်ချုပ်ရေးကို ဖြစ်ပေါ်လာအောင် ၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် အတတ်နိုင်ဆုံး ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံရမည်ဖြစ်သလို လိုလားချက်များ တောင်းဆိုရာတွင်လည်း အကြမ်းဖက်သည့်လမ်းစဉ်နှင့် လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံခြင်းကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဥပဒေနှင့်အညီ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့် အခြေခံမဲစာရင်းများရရှိရန် လိုအပ်ပါသည်။ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်း မှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ကြောင့် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက် ပထမအချက်တွင် “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”ဟု ချမှတ်ထားရာ အဆိုပါအချက်သည် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့၏လိုလားသည့် ဆန္ဒပင်ဖြစ်သည်။ နိုင်ငံရေးဦးတည်ချက် တတိယအချက်တွင် "ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး"ဆိုသည့်အချက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး

ကောင်စီသည် မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့နောက် စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များ အောင်မြင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်ဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် စတုတ္ထမဏ္ဍိုင်အဖြစ်ရပ်တည်ကာ ပြည်သူများ ပူးပေါင်းပါဝင်လာအောင် မီဒီယာနည်းလမ်းမျိုးစုံဖြင့် ဦးစီးဌာနများ၊ လုပ်ငန်းများက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ပေါက်မြောက် အောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများသည် မီဒီယာလုပ်ငန်းများဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် TV Spot ပြုလုပ်၍ MRTV-HD ၌ ပြည်တွင်းသတင်းများ မထုတ်လွှင့်မီအချိန်တွင် တစ်နေ့လျှင် ၈ ကြိမ်နှုန်းဖြင့် ၂၉၂၀ ကြိမ်၊ MRTV-News တွင် ပြည်တွင်းသတင်းများ မထုတ်လွှင့်မီ တစ်နေ့လျှင် ၇ ကြိမ်နှုန်းဖြင့် ၂၅၅၅ ကြိမ် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ Five Future Programmes, Nine Objectives တို့ကို Promotional TV Spot ထုတ်လွှင့်လျက်ရှိပြီး ၁၂-၂-၂၀၂၁ ရက်နေ့တွင် မြို့တော်ခန်းမရှေ့ရင်ပြင်၌ကျင်းပသော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားနှင့် ၉-၂-၂၀၂၁ ရက်နေ့ တွင် Senior General's Speech ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။ CDM လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများနှင့်ယှဉ်တွဲသက်ဆိုင်ရာ ၂၆-၂-၂၀၂၁ ရက်နေ့တွင် Promotional TV Spot ဖြစ်သော Notification of Legal Actions Against CDM Instigators နှင့် Announcement to take action in accord with the law against those who broke Section 144 of Criminal Procedure တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Mask Promo ၊ Social Distance Promo၊ Hand Wash Promo၊ ALL to Prevent Covid-19 တို့ကို Promotional TV Spot ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲအမှတ်စဉ်

















နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် TV Spot ပြုလုပ်၍ လွှင့်တင်မှုအား တွေ့မြင်ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် TV Spot ပြုလုပ်၍ လွှင့်တင်မှုအား တွေ့မြင်ရစဉ်။

(၂/၂၀၂၁)၊ မတ်လ ၂၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းမီဒီယာများနှင့် တွေ့ဆုံသည့် (၃/၂၀၂၁)သတင်းစာရှင်းလင်းပွဲ၊ မတ်လ ၂၇ ရက်နေ့တွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သော (၇၆) ကြိမ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံတို့ကို Event Live ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မတ်လအတွင်း Objectives of 76th Armed Forces Day နှင့် Request to Public တို့ကို Promotional TV Spot Expectation for Future... A New Democratic Nation ကို News Extra ထုတ်လွှင့်ပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းမီဒီယာများနှင့် တွေ့ဆုံသည့် (၄/၂၀၂၁) သတင်းစာရှင်းလင်းပွဲကို Event Live ထုတ်လွှင့်ပေးခြင်း၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားအား Today Myanmar အစီအစဉ်ဖြင့် The 2021 Myanmar Literary Awads ကိုလည်း ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းမီဒီယာများနှင့် တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၂၁)ကို Event Live ထုတ်လွှင့်ပေးခြင်း၊ မေလအတွင်း SAC–Nine Objectives နှင့် Five–Point Road Map of the SAC တို့ကို Promotional TV Spot ထုတ်လွှင့်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဇွန်လ ၃ ရက်နေ့တွင် Exclusive Interview of SG with Phoenix Television နှင့် ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၆/၂၀၂၁) တို့ကို တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပြီး Exclusive Interview အစီအစဉ်အဖြစ် Exclusive Interview of SG with Phoenix Television နှင့်






(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Event Live ထုတ်လွှင့်ပြသမှုအား တွေ့မြင်ရစဉ်။

Exclusive Interview of SG with Russian 24 TV တို့ကိုလည်း ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့ပါသည်။

ၚင်းအပြင် ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၇/၂၀၂၁)နှင့် အာဇာနည်နေ့ အခမ်းအနား 74th Martyrs' Day (2021) တို့ကို တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပါသည်။ ဇူလိုင်လ ၆ ရက်မှ ၃၁ ရက်နေ့အထိ General Aung San နှင့် SG Min Aung Hlaing ၏ မိန့်ခွန်းကောက်နုတ်ချက်တို့ကို Promotional TV Spot ထုတ်လွှင့်ခြင်း၊ Exclusive Interview အစီအစဉ်ဖြင့် SG with RIA News Agency of the Russia Federation ကိုထုတ်လွှင့်ခြင်း၊ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို Today Myanmar အစီအစဉ် Drug Destruction Ceremony အဖြစ် ထုတ်လွှင့်ပေးခြင်း၊ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အကြမ်းဖက်လူသတ်ဝါဒရဲ့ သားကောင်ဖြစ်ခဲ့ရရှာသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ အသက်သွေးတို့ဖြင့်ရင်း၍ ပြဿခဲ့သည့် သမိုင်းသင်ခန်းစာကို မြန်မာ့အလင်းသတင်းစာဆောင်းပါးအား မှီငြမ်းပြီး Feature အစီအစဉ် “Lessons Learnt from History” အဖြစ်ထုတ်လွှင့်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စနစ်တကျ

ဆောင်ရွက်နိုင်မှု အခြေအနေအား တတိယလှိုင်း ပြင်းထန်ချိန်တွင် Today Myanmar အစီအစဉ် အဖြစ် Inya Centre၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကာကွယ်တားဆီးထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နေမှုများ တပ်မတော် စစ်ဆေးရုံများတွင် ဆေးကုသခံယူနေမှုများ၊ အောက်စီဂျင်လိုအပ်ချက်များကို အချိန်မီ ပြည်သူများထံသို့ဖူလုံစွာရရှိရေးကြိုးပမ်းဆောင်ရွက်နေမှုနှင့် ပြည်သူများ ကာကွယ်ဆေးထိုးနှံပေးမှုသတင်းများကို News Extra အဖြစ် Update News: Covid-19 Prevention တို့ကို ထုတ်လွှင့်ခြင်းတို့အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုအခြေအနေအား Today Myanmar အစီအစဉ် အဖြစ် Ensuring the Seamless Flow of Maritime Trade and Commodity အဖြစ် ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၆ လ ပြည့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းနှင့် သြဂုတ်လ ၂၇ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန (နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈/၂၀၂၁)တို့ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို Today Myanmar



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၆ လပြည့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းပြောကြားမှုအား တိုက်ရိုက်ထုတ်လွှင့်ပြသစဉ်။

အဖြစ် Let's Release Fingerlings to Be Rich in Fishery Resources ထုတ်လွှင့်ခဲ့ပါသည်။

အလားတူ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန (နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၉/၂၀၂၁)ကို Event Live ထုတ်လွှင့်ခြင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းတိုက်ရိုက်ထုတ်လွှင့်ခြင်း၊ အောက်တိုဘာလ အတွင်း မြေအောက်လူကူးလမ်းဖွင့်ပွဲ အခမ်းအနားကို Today Myanmar ဖြင့် The First Ever Pedestrian Underpass in Myanmar ကိုထုတ်လွှင့်ခြင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး

မင်းအောင်လှိုင်၏ မိန့်ခွန်းနှင့် ၂၆-၁၁-၂၀၂၁ ရက်နေ့တွင်ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်း ပွဲ(၁၈/၂၀၂၁)ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။

ထို့အပြင် ၂၁-၁၁-၂၀၂၁ ရက်နေ့တွင် Exclusive Interview with Mr. Yohei Sasakawa, Special Envoy for National Reconciliation in Myanmar & Chairman of Nippon Foundation နှင့် Senior General's Speech တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအနက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း စက်မှုဝန်ကြီးဌာနလက်အောက်တွင် ဘိလပ်မြေစက်ရုံ သုံးရုံရှိရာ ကျောက်ဆည်ဘိလပ်မြေစက်ရုံသည် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် ရပ်နားထားရာမှ ပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်းကို Today Myanmar အစီအစဉ်ဖြင့် The Reopening of Kyauk Se Cement Plant အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည့် အခမ်းအနားအား Today Myanmar အဖြစ် The 2021 Myanmar Literary Awards ကိုထုတ်လွှင့်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌ ကျင်းပပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်သူများ သတင်းအချက်အလက်သိပိုင်ခွင့် ပိုမိုရရှိစေရန်နှင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား သိရှိနိုင်ရေးအတွက် MRTV HD၊ MRTV News တို့တွင် ပြည်တွင်းသတင်းနှင့် ထုတ်လွှင့်လျက်ရှိပါသည်။ သတင်းအချက်အလက်သိရှိပိုင်ခွင့် အပေါ် ဖြည့်ဆည်းနိုင်ရန်နှင့် သတင်းတု/သတင်းမှားများ တိုက်ဖျက်ပြီး သတင်းမှန်များ ထုတ်လွှင့်ပြန်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီး(၁၁) မြို့နှင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ မုံရွာမြို့ကြီးများတွင် သတင်းဗျူရိုများ ဖွင့်လှစ်ထားရှိပြီး နေ့စဉ်သတင်းများ ရယူထုတ်လွှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းစာရှင်းလင်းပွဲ အခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်မှု၊ သတင်းမှန်ကဏ္ဍထုတ်လွှင့်မှု၊ မိုးလေဝသသတင်းများနှင့် ထူးခြားချက်ရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အတွက် အကျိုးပြု ရုပ်သံမှတ်တမ်းအစီအစဉ် ထုတ်လွှင့်ခြင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားများဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ကျရောက်ခဲ့သည့် စိန်ရတုပြည်ထောင်စုအလံသယ်ဆောင်ခြင်းအခမ်းအနားနှင့် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၊ ၂၀၂၂ ခုနှစ် တပ်မတော်နေ့ အခမ်းအနား၊ အာဇာနည်နေ့အခမ်းအနား၊

၂၀၂၂၊ ၂၀၂၃ ခုနှစ် စစ်တက္ကသိုလ်ကျောင်းဆင်းပွဲများ၊ အားကစားပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများအား တိုက်ရိုက်(Live) ရိုက်ကူး ထုတ်လွှင့်နိုင်ခဲ့ပါသည်။ အလားတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ရုပ်မြင်သံကြားအစီအစဉ်များ၌ အင်္ဂလိပ်ဘာသာဖြင့် National News တွင် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တစ်နှစ်တာဆောင်ရွက်ချက်မှတ်တမ်း Video Clip၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနား၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား၊ မြန်မာနှစ်သစ်ဦး ဆုတောင်းများ၊ ဆရာတော်ကြီးများ၏ နှစ်ဦးတရားတော်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက ရိုက်ကူးထုတ်လုပ်ခြင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက် ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

MRTV ၏ App & Web ဖြစ်သည့် MRTV App Launching Ceremony ကို MICC-II တွင် ၄-၅-၂၀၂၂ ရက်နေ့တွင်ကျင်းပပြီး နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်သည့် အခမ်းအနားကို တိုက်ရိုက်(Live) ထုတ်လွှင့်ခြင်း၊ ၁၀-၁၀-၂၀၂၂ မှ ၁၈-၁၀-၂၀၂၂ထိ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပနေမှုများအား တိုက်ရိုက်(Live) ထုတ်လွှင့်ခဲ့ပြီး ပြိုင်ပွဲကျင်းပနေမှုများအား နေ့စဉ်သတင်း ရိုက်ကူး ထုတ်လွှင့်နိုင်ခဲ့ပါသည်။

၁၂-၁၁-၂၀၂၂ ရက်နေ့တွင် နေပြည်တော်၌ ဖွင့်လှစ်ခဲ့သည့် နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများမှ တေးသရုပ်ဖော်များဖြင့်ဖျော်ဖြေခဲ့မှုကို ရိုက်ကူးထုတ်လွှင့်ခြင်း၊ ၂၃-၁၁-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ခြင်း အခမ်းအနားအား တိုက်ရိုက်(Live)ထုတ်လွှင့်ခြင်းအပြင် “စာပေစွမ်းအား ကလောင်အားဖြင့် ရှေ့သို့ချီမည်ပန်းတိုင်ဆီ” Video Clip ကိုလည်းကောင်း၊ “စာပေစေတနာစာပေဆန္ဒ”ဂုဏ်ပြုတေးသီချင်းအား မိမိတို့ဝန်ထမ်းများဖြင့် တီးခတ်အသံသွင်း၍ တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်နိုင်ခဲ့ပါသည်။

ထို့ပြင် ကိုဗစ်-၁၉ ဥဏ္ဍာစမ်းပဟေဠိအစီအစဉ်၊ သုတဝေဖြာသိရိဂေဟာ Family Quiz အစီအစဉ်တို့ကို ရန်ကုန်တွင် ရိုက်ကူးကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်းကောင်း၊ ကိုဗစ်-၁၉ ကျန်းမာရေးပညာပေးအစီအစဉ်များဖြစ်သည့် “ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာအစီအစဉ်” ကိုလည်းကောင်း၊ ကိုဗစ်-၁၉ TV Spot များကို တိုင်းရင်းသားဘာသာ ၁၆ ဘာသာဖြင့်လည်းကောင်း ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့ပြီး တိုင်းရင်းသားဒေသများသို့ပါ ပျံ့နှံ့စွာ ထုတ်လွှင့်နိုင်ခဲ့ပါသည်။ အလားတူ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းဖွင့်ချိန်အမီ ကျောင်းသားများ ကိုဗစ်ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက်လည်း TV Spot များ ထုတ်လွှင့်ခဲ့ပါသည်။

အလားတူ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် ASEAN Quiz Regional Level ပြိုင်ပွဲအတွက် နိုင်ငံအဆင့် ကိုယ်စားပြု ကျောင်းသား/ကျောင်းသူ ငါးဦး ရွေးချယ်၍ ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် ပြိုင်ပွဲ ကျင်းပမှုအား တိုက်ရိုက် (Live) ထုတ်လွှင့်နိုင် ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှ "Welcome To The 10th ASEAN Quiz" ၊ "မင်္ဂလာပါအာဆီယံ" တေးသီချင်းများအား တေးသရုပ်ဖော်များဖြင့် ပါဝင်တင်ဆက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စု ဝန်ကြီးဌာနများ၏ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို "ပြည်သူ့အကျိုးပြု ထာဝစဉ်ရှေးရှု"အစီ အစဉ် အဖြစ်လည်းကောင်း၊ နိုင်ငံတကာရေးရာများ ကို ဆွေးနွေးပြောကြားသည့် ပြင်ပပညာရှင် နှစ် ဦးဖြင့် ရိုက်ကူးထားသည့် "ဝေမျှပေးလာ အသိပညာ" အစီအစဉ်၊ "အသိပညာနှင့် အမှန် တရား" အစီအစဉ်ကို ဦးကျော်ကျော်လှိုင် (SMART)နှင့် ရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါသည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်းချီ စသည့် အနု ပညာရှင်များ၏ ဖြတ်သန်းခဲ့သည့်ဘဝနှင့် ၎င်းတို့ ဖန်တီးခဲ့သည့် အနုပညာလက်ရာများကို တွေ့ဆုံ မေးမြန်းရိုက်ကူးသည့် "ဘဝနှင့် အနုပညာ" အစီအစဉ်၊ Myanmar Media Club တည်ထောင် သူ Myanmar Hard Talk အယ်ဒီတာချုပ် ဦးအောင်မင်းနှင့်အခြားမီဒီယာနှစ်ခုမှအယ်ဒီတာ ချုပ်တစ်ဦးစီ ပါဝင်ဆွေးနွေးသည့် "သတင်း သမားပြောတဲ့ သတင်းစကား" အစီအစဉ်၊ စီးပွားရေးပညာရှင် ဦးအေးချမ်းနှင့် စီးပွားရေး သုံးသပ်ချက်များအား ရိုက်ကူးတင်ဆက်ထား သည့် "Economic Review" အစီအစဉ်တို့ကို ထုတ်လွှင့်နိုင်ခဲ့ပါသည်။

ထို့ပြင် သမိုင်းကြောင်းအထောက်အထား များကို စုစည်းပြသထားသည့် အမျိုးသား ပြတိုက် အကြောင်းကို ရိုက်ကူးထုတ်လုပ်ထား သည့် "ခေတ်အလိုက်ကြေးမုံပြင်" အစီအစဉ်၊ နေပြည်တော်နှင့်ပတ်သက်၍ ကဏ္ဍအလိုက် လေ့လာစရာများနှင့် နေပြည်တော်၏ ပုံရိပ်ကို ယှဉ်တွဲထင်ဟပ်စေမည့် "နေပြည်တော် မြို့တော် တစ်ခွင်" အစီအစဉ်များကိုလည်း ထုတ်လွှင့်ပြသ နိုင်ခဲ့ပါသည်။ အလားတူ ဦးနန်းဝင်း(ရွှေနန်း သဘင်) စီစဉ်ရိုက်ကူးသည့် "၃၈ ဖြာ မင်္ဂလာ အစီအစဉ်"၊ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်းကို လူငယ်လူရွယ်များနှင့်ကလေး ငယ်များ ပိုမိုသိရှိပြီး ဗဟုသုတနှင့်အသိပညာ များတိုးပွားစေရန် ရည်ရွယ်၍ သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်သည့် (၅၅၀)နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်အား ပူးပေါင်းတင် ဆက်နိုင်ခဲ့ပါသည်။

အလားတူ ဖျော်ဖြေရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အများပြည်သူ များ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်စေရန် ရည်ရွယ်၍ အပတ်စဉ်သောကြာနေ့များတွင် Friday Night Show အစီအစဉ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ် လည်အတွက် မြန်မာသံတေးသီချင်း ၇၅ ပုဒ် ကိုလည်းကောင်း၊ ဂိမ္ဘာန်နွေရာသီဖွဲ့ တေးသီချင်း များဖျော်ဖြေပွဲ၊ ဝဿာန်မိုးရာသီ တေးသီချင်း

များဖျော်ဖြေပွဲ၊ သီတင်းကျွတ် အခါသမယနှင့် ကိုက်ညီသည့် ဝါကျွတ်စုံတွဲပွဲ တေးသီချင်း ဖျော်ဖြေပွဲ၊ ပိတောက်လက်ဆောင် တေးဂီတ ဖျော်ဖြေပွဲ၊ နှစ်ဦးမင်္ဂလာတေးဂီတဖျော်ဖြေပွဲ၊ မင်္ဂလာပါအတာသင်္ကြန် MRTV တေးဂီတ ဖျော်ဖြေပွဲ၊ မေတ္တာပန်းများပွင့်စေမယ်၊ ရွှေညာသူ ရွှေညာသားတေးဂီတဖျော်ဖြေပွဲ၊ တူနှစ်ကိုယ် တိုင်းပြည်တေးဂီတဖျော်ဖြေပွဲ၊ စေလိုရာစေ တေးဂီတဖျော်ဖြေပွဲ၊ မနဲ့မောင်တေးဂီတဖျော် ဖြေပွဲ၊ Music Gallery တေးဂီတ ဖျော်ဖြေပွဲ၊ အလှကမ္ဘာမြေတေးဂီတဖျော်ဖြေပွဲ၊ မြန်မာနိုင်ငံ ဂီတနေ့အကြို တေးဂီတဖျော်ဖြေပွဲ၊ Music Gallery တေးဂီတဖျော်ဖြေပွဲ၊ နိုင်ငံကျော် အဆိုတော် မြန်မာပြည်သိန်းတန် စီစဉ်တင်ဆက် သည့် သီချင်းဒိုင်ယာရီ တေးဂီတဖျော်ဖြေပွဲ စသည့် တေးဂီတဖျော်ဖြေပွဲများအား ထုတ်လွှင့် ပြသခဲ့ပါသည်။

ထို့အပြင် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု သီချင်းဆိုပြိုင်ပွဲဖြစ်သည့် တူယှဉ်နွဲ့ပျော်ဂီတ ပွဲတော် Season-2 အား ၂-၉-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂ ရက်နေ့ထိ အပတ်စဉ် သောကြာနေ့ ည(၈)နာရီ သတင်းအပြီးတွင်လည်းကောင်း၊ Grand Final ပွဲစဉ်ကို ၃၀-၁၂-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ပထမဆုကို ဇရာဝတီတိုင်းဒေသ ကြီးမှ စိုးထက်အောင်၊ ဒုတိယဆုကို ရန်ကုန်တိုင်း ဒေသကြီးမှ ထွန်းပပအောင်၊ တတိယဆုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပူတူးတို့က ရရှိခဲ့ကြပြီး ဆုများပေးအပ်ချီးမြှင့်နိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်တွင် ခါသင်္ကြန် အဆိုအကများ အစီအစဉ်တွင် ထုတ်လွှင့်ပြသရန် အတွက် ဝန်ကြီးဌာနများမှ လာရောက်ရိုက်ကူး သည့် ယိမ်းအဖွဲ့ ၁၆ ဖွဲ့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများပါဝင်သည့် ယိမ်းအဖွဲ့ ၇ ဖွဲ့ စုစုပေါင်း ယိမ်းအဖွဲ့ ၂၃ ဖွဲ့အား မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမတွင် ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့ပါသည်။

ထို့အတူ MRTV Orchestra အဖွဲ့၏ ချစ်သဲ စွဲ MRTV Orcheastra ဖျော်ဖြေပွဲနှင့် မြန်မာ့ ရှူခင်း မြန်မာ့စိတ်ရင်းဖျော်ဖြေပွဲ၊ မျိုးဆက်သစ် လူရွှင်တော်များ ပါဝင်ယှဉ်ပြိုင်သည့် ပြည် ထောင်စုဖလား လူရွှင်တော်ပြိုင်ပွဲတို့ကို ပြိုင်ပွဲ ဝင်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မှုနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကိုလည်း ထုတ်လွှင့် ပြသပေးနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ မြန်မာ့ရိုးရာအတာသင်္ကြန် ကျင်းပမှုများဖြစ်သည့် နေပြည်တော်မြို့တော်ဝန် သင်္ကြန်ကျင်းပမှုများကို Farmers' Channel မှ လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် သင်္ကြန် ကျင်းပမှုများကို Sports Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန် သင်္ကြန်ကျင်းပမှုများကို လွှတ်တော် Channel မှလည်းကောင်း တိုက်ရိုက် ထုတ်လွှင့်ခြင်း၊ ပြည်သူများစိတ်အပန်းပြေစေ ရန်၊ ပျော်ရွှင်မှုဖြစ်စေရန်နှင့် စိတ်ခွန်အားသစ် များရရှိနိုင်ရန် ကိုဗစ်-၁၉ ပညာပေးအငြိမ့် ဖျော်ဖြေပွဲများအဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ပူးပေါင်းတင်ဆက်သည့် စောင့်စည်း အာရုံမြတ်သည့်ဂုဏ် ဇာတ်တော်ကြီး၊ အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) မှစီစဉ်တင်ဆက်သည့် မိဘကျေးဇူး အကျိုးထူး ဆိုင်ငြောရုပ်စုံသဘင်၊ အမျိုးသားယဉ်ကျေးမှု

နှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ စီစဉ်တင်ဆက်သည့် သုဝဏ္ဏသာမ ဇာတ်တော်ကြီးမန်းသိင်္ဂါ ရုပ်စုံသဘင် ပြင်ပအနုပညာရှင်များ၊ လူရွှင်တော်အသင်း(ဗဟို)တို့နှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်သည့် အငြိမ့်ပွဲစဉ်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများဖြင့် ဖျော်ဖြေတင်ဆက်သည့် အဥ္စလီအငြိမ့် တို့အား အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရန်အတွက် ပြင်ပရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့်ပူးပေါင်း၍ အရက်၊ ဆေးလိပ်၊ ကိုဗစ်၊ ဆီ၊ အချို့မှုန့် အသိပညာပေးဇာတ်လမ်းတို ၅ ပိုင်း၊ ရွှေမြင့်မိုရ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာသားစိုး၏ ရုပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ် ဟာသဇာတ်လမ်းတွဲ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒါရိုက်တာရိုးရိုး (ခ) ဇကရီဇေယျ၏ အိမ်ပြန်ချင်တယ် အမည်ရှိ ရုပ်သံဗီဒီယို အကျိုးပြုဇာတ်လမ်း၊ ဒါရိုက်တာမင်းအုပ်စိုး၏ ကျွန်တော်ချစ်သော မိန်းမများ ဇာတ်လမ်းတွဲ၊ သရုပ်ဆောင် မိုးယံဇွန်၏ မိုးသောက်ယံရုပ်ရှင်ထုတ်လုပ်ရေးမှ အချစ်၏ အိပ်မက်တန်ဖိုး ဇာတ်လမ်းတွဲ၊ သရုပ်ဆောင်စိုးသီဟ၏ အတိုးမပေးတဲ့ ဒိုးလေး ဇာတ်လမ်းတွဲ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် သရုပ်ဆောင် သဥ္ဇာမြင့်မိုရ်စီစဉ်သည့် မိုးမြေသက်သေ တို့သွေးချင်းတွေ ဇာတ်လမ်းတွဲများအား ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပခဲ့သည့် လူငယ်နှင့် စာပေပွဲတော် အခမ်းအနားနှင့် ပတ်သက်သည့် သတင်းနှင့်အစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များကိုလည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ကိုယ်တိုင်ပါဝင်တင်ဆက်သည့် “ပဒေသာကပွဲ” ကျင်းပမှုများကိုလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ မိဘမဲ့ကလေးများ (ရင်ခွင်မဲ့ကလေးများ)အား ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် တေးသံရှင်မြန်မာပြည်သိန်းတန်၏ “ ကြယ်ကလေးများ၏ အနာဂတ်” တစ်ကိုယ်တော် သီဆိုဖျော်ဖြေမှုအား ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် New Year Count–down အစီအစဉ်အဖြစ် တက္ကသိုလ်ရာပြည့်၊ ရုပ်ရှင်ရာပြည့်နှင့် MRTV စိန်ရတု ဖျော်ဖြေပွဲများမှ မြူးကြွသွက်လက်သည့် Stereo တေးများကို အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၃ နှစ်သစ်ကို ကြိုဆိုသည့် New Year Countdown Music Show ဖျော်ဖြေတင်ဆက်မှုအား နေပြည်တော်တွင် ကျင်းပနေမှုကို Farmers’ Channel မှလည်းကောင်း၊ ရန်ကုန်မြို့တွင် ဖျော်ဖြေတင်ဆက်မှုကို Sports Channel မှလည်းကောင်း၊ မန္တလေးမြို့တွင် ဖျော်ဖြေတင်ဆက်မှုအား Hluttaw Channel မှ လည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။ ထို့ပြင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်

လူငယ်နှင့်စာပေအနုပညာပြပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြခန်းငယ်ပြသခဲ့ရာ Virtual ပြခန်းငယ်၊ သတင်းဖတ်သရုပ်ပြများဖြင့် ပါဝင်တင်ဆက်ခဲ့ပြီး လေ့လာသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးမှုများဖြင့် စည်ကားစွာပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအလှပြယာဉ်တွင်လည်း သံစုံတီးဝိုင်း သရုပ်ပြ၊ ခေတ်ပေါ်တေးဂီတသရုပ်ပြ၊ သတင်းဖတ် သရုပ်ပြများ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း၌ တပေါင်းကွင်းတွင် ကျင်းပခဲ့သည့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖျော်ဖြေပွဲများတွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှခေတ်ပေါ်တေးဂီတတီးဝိုင်းနှင့်အတူတေးသီချင်းများဖြင့် ဖျော်ဖြေနိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်တွင် ပါဝင်သော အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးစီမံကိန်းအကြောင်းအသိပညာပေးခြင်း၊ Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာအသိပညာပေးခြင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေတားမြစ်ချက်များအကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအကြောင်း၊ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုအသိပညာပေးခြင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး

စဉ်	အကြောင်းအရာ	ကြိမ်ရေ	မှတ်ချက်
၁	Talk Show (Website TV) ရိုက်ကူးထုတ်လွှင့်မှု	၁၀၄	
၂	လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်း	၁၂	
၃	Facebook Page များတွင် သတင်းလွှင့်တင်နိုင်မှု	၁၀၅၅	
၄	စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းဆောင်းပါးများဖော်ပြမှု	၄၄	
၅	Program ရိုက်ကူး၍ mTube Video Streaming Platform လွှင့်တင်မှု	၄၄	
၆	အသိပညာပေးနံရံကပ်စာစောင်ပြသမှုနှင့် လက်ကမ်းစာစောင်ဖြန့်ဝေမှု	၂၅	
၇	အသိပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲဆောင်ရွက်မှု	၂၀	



သထုံခရိုင်ရုံးတွင် ဆပ်ပြာဆီပြုလုပ်နည်း သင်တန်း ဖွင့်လှစ်စဉ်။



စဉ့်ကိုင်မြို့နယ်ရုံးတွင် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၌ လက်တွေ့ဆောင်ရွက်စဉ်။



ကျောက်ဆည်ခရိုင်ရုံးတွင် MSME လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပစဉ်။



တောင်ကြီးခရိုင်ရုံးတွင် MSME လုပ်ငန်းဆိုင်ရာ အသိပညာပေးစကားဝိုင်း ကျင်းပစဉ်။



ရမည်းသင်းမြို့နယ်တွင် MSME လုပ်ငန်းဆိုင်ရာ စီးပွားရေး လုပ်ငန်းဖြစ်သည့် စပျစ်ဝိုင်ထုတ်လုပ်မှု လုပ်ငန်းအား တွေ့ဆုံမေးမြန်းစဉ်။



မင်းဘူးမြို့နယ်တွင် MSME လုပ်ငန်းဆိုင်ရာ စီးပွားရေး လုပ်ငန်းဖြစ်သည့် သဘာဝဆီးဖျော်ရည်လုပ်ငန်းအား တွေ့ဆုံမေးမြန်းစဉ်။

ခြင်း စသည့်အကြောင်းအရာများကို Talk Show (Website TV) ရိုက်ကူး၍ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံး Facebook Page တွင် (၁၀၄)ကြိမ် လွှင့်တင်နိုင်ခဲ့ပါသည်။

အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေး အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ကျေးလက်နေ အမျိုးသမီးများဘဝ ဝင်ငွေတိုးတက်စေရေး အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်း၊ သီးနှံအခြေခံ ယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူငယ်များအလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ရေး အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ သစ်တောစိုက်ခင်းနှင့်ပျိုးဥယျာဉ်တည်ထောင်ခြင်းသင်တန်းအစရှိသည့် သင်တန်း (၁၂) ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းများကို ခရိုင်၊ မြို့နယ်များအလိုက် ဖွင့်လှစ်ထားရှိသည့် Facebook Page တို့တွင် သတင်းလွှင့်တင်ခြင်း (၁၀၅၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကယုကမာမွေးမြူရေးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းအစရှိသည့် လုပ်ငန်းများကို လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်း၍ နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဆောင်းပါး (၄၄) ကြိမ်ဖော်ပြနိုင်ခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဇော်ပုံ မရွေးထုတ်လုပ်မှုလုပ်ငန်း၊ ဝါးဖြင့် ဆန်ကော၊ ဆန်ခါနှင့် တောင်းအမျိုးမျိုးပြုလုပ်ခြင်းလုပ်ငန်း၊ ဆန်စပါးထုတ်လုပ်ပုံအဆင့်ဆင့်လုပ်ငန်း၊ အုတ်ဘလောက်ရိုက်ခြင်းလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို Program ရိုက်ကူး၍ mTube Video Streaming Platform တွင် (၄၄) ကြိမ် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ ခရိုင်၊ မြို့နယ်ရုံးများတွင် ပြည်သူများ သိရှိစေရန် နံရံကပ်စာစောင်များ ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကိုလည်း (၂၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါ သည်။ အသိပညာပေးဟောပြောပွဲနှင့်ဆွေးနွေးပွဲ(၂၀)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများကို ပြည်သူများ အသိပညာရှာမှီးရာနေရာနှင့် သတင်းအချက်အလက်များ ရှာဖွေရာနေရာဖြစ်လာစေရန်၊ ပြည်သူများတိုင်းကျိုးပြည်ကျိုး၊ ရပ်ကျိုးရွာကျိုးများ ဆွေးနွေးတိုင်ပင်ရာနေရာဖြစ်လာစေရန်၊ ပြည်သူများ ဝင်ထွက်သွားလာနိုင်ပြီး အပန်းဖြေရာနေရာဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ခရိုင်နှင့် မြို့နယ်ရုံး (၂၀)ရုံးကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး အစီရင်ခံသည့်ကာလအတွင်း လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်များကို အောက်ပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်–



လားရှိုးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံအား တွေ့မြင်ရစဉ်။

(က) လားရှိုးခရိုင်ရုံးအား လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်အဖြစ် BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၂-၆-၂၀၂၁ ရက်နေ့တွင် အဆင့် မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ခ) သံတွဲခရိုင်ရုံးအား လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်အဖြစ် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကျပ် ၄၆၄ ဒသမ ၂၁၃ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၇-၁၂-၂၀၂၁ ရက်နေ့တွင် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ဂ) နတ်မောက်မြို့နယ်ရုံးအား လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်အဖြစ် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေငွေကျပ် ၄၁၄ ဒသမ ၀၁၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၈-၃-၂၀၂၂ ရက်နေ့တွင် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ဃ) တောင်ကြီးခရိုင်ရုံးအား လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်အဖြစ် BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၅-၇-၂၀၂၂ ရက်နေ့တွင် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(င) ပန်းတနော်မြို့နယ်ရုံးအား လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်အဖြစ် နိုင်ငံတော်ဘဏ္ဍာရန်ပုံ ငွေကျပ် ၅၈၂ ဒသမ ၆၀၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၄-၆-၂၀၂၃ ရက်နေ့တွင် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အဆိုပါ လူထုအခြေပြုဗဟိုဌာန (Community Centre)များတွင် အများပြည်သူလေ့လာဖတ်ရှုနိုင်စေရန်အတွက် ပြည်သူ့စာကြည့်တိုက်၊ ကလေးများ ပျော်ရွှင်စွာစာပေဖတ်ရှုပြီး လှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေသည့် ကလေးစာဖတ်ခန်း၊ ဒေသထွက်ကုန်နှင့် ဒေသဆိုင်ရာအချက်အလက်များကို ကြည့်ရှုလေ့လာနိုင်စေသည့် ပြတိုက်ငယ်(Mini Museum)၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ဘာသာ









သံတွဲခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားအား တွေ့မြင်ရစဉ်။



နတ်မောက်မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံအား တွေ့မြင်ရစဉ်။



တောင်ကြီးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားအား တွေ့မြင်ရစဉ်။











ပန်းတနော်မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံအတွင်း သင်တန်းဖွင့်လှစ်မှုများနှင့် ပြခန်းများ၊ အားကစားခန်းမများအား လှည့်လည်ကြည့်ရှုစဉ်။

စကားဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်သည့် သင်တန်းခန်းမ၊ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေစကားဝိုင်း၊ စာဖတ်ဝိုင်းများဆောင်ရွက်နိုင်သည့် ဘက်စုံသုံးခန်းမ၊ ပြည်သူများ ရပ်ရွာအကျိုးဆွေးနွေးတိုင်ပင်နိုင်သည့် အစည်းအဝေးခန်းမ၊ အနုပညာဆိုင်ရာသင်တန်းများ၊ ဝါသနာရှင်များ အသုံးပြုနိုင်သည့် တူရိယာပစ္စည်းများ စီစဉ်ထားရှိသည့် အနုပညာခန်းမ၊ ကိုယ်ကာယကြံ့ခိုင်မှုဆိုင်ရာ လေ့ကျင့်ခန်းများဆောင်ရွက်နိုင်သည့် အားကစားခန်းမ၊ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်နှင့် အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်သည့် ကလေးကစားကွင်းများ စီစဉ်ထားရှိပါသည်။

လူထုအခြေပြုဗဟိုဌာန(Community Centre) (၂၀)ရုံးအပါအဝင် ဤဦးစီးဌာန၊ ခရိုင်၊ မြို့နယ်

စဉ်	အကြောင်းအရာ	ခုနှစ်			စုစုပေါင်း	မှတ်ချက်
		၂၀၂၁	၂၀၂၂	၂၀၂၃		
၁	အသိပညာပေးဟောပြောပွဲ	၂၆၃	၂၄၇၄	၂၁၃၂	၄၈၆၉	
၂	အသိပညာပေးပြပွဲ	၁၄၇၀	၆၇၅၇	၇၃၇၃	၁၅၆၀၀	
၃	ပြိုင်ပွဲ	-	၁၁၄၇၉	၆၃၂၉	၁၇၈၀၈	
၄	အစည်းအဝေး/ဆွေးနွေးပွဲ	၁၈၂	၁၈၃၀	၁၂၆၂	၃၂၇၄	
၅	အသိပညာပေးသင်တန်း	၉၂	၁၇၃၉	၈၀၉	၂၆၄၀	
၆	စာဖတ်ဝိုင်း	၇၂၇	၃၄၁၂	၃၇၁၉	၇၈၅၈	
	စုစုပေါင်း	၂၇၃၄	၂၇၆၉၁	၂၁၆၂၄	၅၂၀၄၉	

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများတွင် ၂၀၂၁ ခုနှစ် မှ ၂၀၂၃ ခုနှစ်အတွင်း လူထုအခြေပြုဗဟိုဌာန(Community Centre)လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ



တောင်ကြီးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကျား/မအခြေပြု အကြမ်းဖက်မှု အသိပညာပေး ဟောပြောပွဲဆောင်ရွက်စဉ်။



ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အကြို အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်စဉ်။



မိတ္ထီလာခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် စာအုပ် စာစောင်ပြပွဲ ကျင်းပစဉ်။



ဘားအံခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲပြသစဉ်။



သံတွဲခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် စာစီစာကုံးပြိုင်ပွဲ ကျင်းပစဉ်။



လားရှိုးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပစဉ်။



တောင်ကြီးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပစဉ်။



ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပစဉ်။



သံတွဲခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်စဉ်။



နတ်မောက်မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်စဉ်။



ကလေးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းဖွင့်လှစ်စဉ်။



တောင်ငူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်စဉ်။



မြစ်ကြီးနားခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် စက်ချုပ်သင်တန်း ဖွင့်လှစ်စဉ်။



မြစ်ကြီးနားခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် စာဖတ်ဝိုင်း ကျင်းပစဉ်။

နှင့်မြို့ရုံးများတွင် ၂၀၂၁ ခုနှစ် မှ ၂၀၂၃ ခုနှစ် အတွင်း လူထုအခြေပြုဗဟိုဌာန (Community Centre) လုပ်ငန်းများဖြစ်သော အစည်းအဝေးပွဲနှင့် ဆွေးနွေးပွဲများ (၃၂၇၄)ကြိမ်၊ အသိပညာပေးဟောပြောပွဲ (၄၈၆၉) ကြိမ်၊ ပြပွဲ(၁၅၆၀၀) ကြိမ်၊ ပြိုင်ပွဲ(၁၇၈၀၈)ကြိမ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း၊ ဘာသာစကားသင်တန်းများဖွင့်လှစ်ပေးခြင်း (၂၆၄၀)ကြိမ်၊ စာဖတ်ဝိုင်းကျင်းပပြုလုပ်ခြင်း (၇၈၅၈)ကြိမ် စုစုပေါင်း(၅၂၀၄၉) ကြိမ်ကို ဖော်ပြပါဇယားအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူငယ်များ တစ်ဦးနှင့်တစ်ဦး အသိပညာများဖလှယ်ရာမှ အတွေ့အကြုံသစ်များ ရရှိစေရန်၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ကြည်မှုတိုးပွားပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စကားဝိုင်း၊ ဆွေးနွေးပွဲများမှတစ်ဆင့် အသိပညာ၊ ဗဟုသုတရရှိစေရန်တို့အတွက် လူငယ်စကားဝိုင်းနှင့် ဆွေးနွေးပွဲ (၂၀၄၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူငယ်များအသိပညာ၊ အတတ်ပညာနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်မူးယစ်ဆေး"၊ "လူငယ်နှင့်ယဉ်ကျေးမှု" အစရှိသော ခေါင်းစဉ်များဖြင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ (၃၉၉၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူငယ်များ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘက်စုံဖွံ့ဖြိုးစေရန်အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကွန်ပျူတာသင်တန်း၊ ဘာသာစကားသင်တန်း၊ အိမ်တွင်းမှုအသက် မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း (၅၁၅)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ လူငယ်များ အသိဉာဏ်ပညာမြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များ ဖြစ်လာစေ

စဉ်	အကြောင်းအရာ	ခုနှစ်			စုစုပေါင်း	မှတ်ချက်
		၂၀၂၁	၂၀၂၂	၂၀၂၃		
၁	လူငယ်စကားဝိုင်း	-	၃၅၂	၁၆၉၀	၂၀၄၂	
၂	လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ	-	၅၁၆	၃၄၈၀	၃၉၉၆	
၃	လူငယ်ဘက်စုံဖွံ့ဖြိုးရေးသင်တန်း	-	၁၄၄	၃၇၁	၅၁၅	
၄	လူငယ်အားကစားပြိုင်ပွဲ	-	၃၃၂	၃၈၄	၇၁၆	
	စုစုပေါင်း		**၁၃၄၄**	**၉၅၂၅**	**၇၂၆၉**	

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများတွင် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ



မိတ္ထီလာတက္ကသိုလ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီး၍ လူငယ်စကားဝိုင်း ကျင်းပနေစဉ်။



ပုသိမ်ကြီးမြို့နယ်ရုံး၌ တိုက်ကွမ်ဒိုသင်တန်း ဖွင့်လှစ်စဉ်။



နည်းပညာတက္ကသိုလ်(မြိတ်)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ လူငယ်စကားဝိုင်း ကျင်းပနေစဉ်။



ပြင်ဦးလွင်ခရိုင်ရုံး၌ ဝိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။




နိုင်ငံခြားရေးဝန်ကြီးဌာန စာအုပ်စင်တွင် ဝန်ထမ်းများ ဖတ်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။

ရန်အတွက် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို (၇၁၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာများ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ Online ဝန်ဆောင်မှုအဖြစ် ကလေးများအတွက် ဗဟုသုတရစေမည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းအလှဆင်ခြင်း၊ ရောင်စုံစက္ကူများဖြင့် အရုပ်မျိုးစုံခေါက်ပြခြင်း၊ ရုပ်ပုံများအား ဆေးရောင်ခြယ်ခြင်း၊ စာအုပ်မိတ်ဆက်ခြင်းစသည့် အသိပညာပေးလုပ်ငန်း (၈၄၉၆၉၁) ကြိမ်ကိုပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်နှင့်မြို့ရုံးများတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက် Facebook Page များမှတစ်ဆင့် လွှင့်တင်နိုင်ခဲ့ပါသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်အတူ အားလပ်ချိန်တွင် စာအုပ်စာပေဖတ်ရှုလေ့လာနိုင်စေရန်အတွက် အောက်ဖော်ပြပါဝန်ကြီးဌာနများတွင် စာအုပ်စင် (၃) စင်ဖြင့် သုတ/ ရသစာအုပ်(၃၀၀)အုပ် ထားရှိပေးပြီး (၃) လလျှင် (၁)ကြိမ် စာအုပ်များ လဲလှယ်ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(ခ) နိုင်ငံခြားရေးဝန်ကြီးဌာန
(ဂ) ပြန်ကြားရေးဝန်ကြီးဌာန
(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(င) အလုပ်သမားဝန်ကြီးဌာန
(စ) ပညာရေးဝန်ကြီးဌာန
(ဆ) ကျန်းမာရေးဝန်ကြီးဌာန
(ဇ) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
(ဈ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးနေစဉ်။



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးနေစဉ်။

(ည) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ထိုကဲ့သို့စာအုပ်စင်ထားရှိပေးနိုင်ခြင်းမရှိသည့် ဝန်ကြီးဌာန(၂၄)ရုံးနှင့် ဦးစီးဌာန (၂)ရုံးသို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ် (Mobile Library Bus)ဖြင့် နှစ်ပတ်လျှင် တစ်ကြိမ် သတ်မှတ်နေ့ရက်များတွင် ရုံးချိန်အတွင်း လှည့်လည်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အကြိမ်ရေ (၁၀၄၃)ကြိမ်၊ စာဌားသူ ၃၂၄၁၆ ဦး နှင့် စာအုပ် ၅၉၃၁၉ အုပ်တို့ကို ငှားရမ်းပေးနိုင်ခဲ့ပါသည်။

စဉ်	ခုနှစ်	ငှားရမ်းကြိမ်	စာဌားသူ	ငှားရမ်းစာအုပ်
၁	၂၀၂၁	၂၂၃	၈၇၈၆	၁၆၁၉၃
၂	၂၀၂၂	၄၂၄	၁၂၃၁၈	၂၂၆၃၂
၃	၂၀၂၃	၃၉၆	၁၁၃၁၂	၂၀၄၉၄
	စုစုပေါင်း	၁၀၄၃	၃၂၄၁၆	၅၉၃၁၉

တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများအနေဖြင့် ကျောင်းများ၊ ရပ်ကွက်များနှင့်ကျေးရွာများသို့အရောက် နယ်လှည့်ကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲများ၊ နံရံကပ်ဓာတ်ပုံပြပွဲများ ဆောင်ရွက်ခြင်း၊ Talk Show (Website TV) ရိုက်ကူး၍ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများအလိုက်ဖွင့်လှစ်ထားသည့် Facebook Page များမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ လွှင့်တင်ဆောင်ရွက်ခြင်း (၂၁၄၆၃၃) ကြိမ်ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ခ) မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်း၊

(ဂ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း





ခရိုင်၊ မြို့နယ်၊ မြို့ရုံးများ၌ အသိပညာပေး Talk Show များ ဆောင်ရွက်နေမှုအား တွေ့မြင်ရစဉ်။

ဆိုင်ရာ အသိပညာပေးခြင်း၊

(ဂ) ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးခြင်း၊

(စ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ဆ) အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊

(စျ) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့် တင်ရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ည) အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ဋ) နေ့ထူးနေ့မြတ်ဆိုင်ရာ အသိပညာပေးခြင်း၊

(ဌ) အားကစားနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ဍ) ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း၊

(ဎ) ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊

(ဏ) စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း။

ထို့ပြင် ပြည်သူများအား အထိမ်းအမှတ်နေ့များနှင့် နေ့ထူးနေ့မြတ်များအလိုက် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့နှင့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များအား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စောင်ရေ နှစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်များတွင် စောင်ရေ တစ်သိန်းနှုန်းဖြင့် လည်းကောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများမှ တစ်ဆင့် ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း





ခရိုင်၊ မြို့နယ်၊ မြို့ရုံးများ၌ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေမှုအား တွေ့မြင်ရစဉ်။



ကျေးလက်တောင်သူများအတွက် အထောက်အကူပြုစေရန် နှစ်ပတ်တစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာ ဂျာနယ်အား တွေ့ရစဉ်.

များအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရာတွင် ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်နေပြည်သူများအတွက် ရည်ရွယ်၍ အသွင်သဏ္ဌာန်နှင့် အနှစ်သာရအမျိုးမျိုးဖြင့် (၁၅) ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ အဆိုပါ ဂျာနယ်တွင် အယ်ဒီ တာ့အာဘော်၊ အထူးဆောင်းပါး၊ စိုက်ပျိုးရေး၊ မျက်မှောက်ရေးရာ၊ သုတ၊ ရသ၊ အတွေးအမြင်၊ မွေးမြူရေး၊ ကျန်းမာရေး၊ ဗေဒင်၊ အနုပညာ၊ အင်္ဂလိပ်စာ၊ အားကစား၊ နိုင်ငံတကာရေးရာ စသည့် ကျေးလက်အကျိုးပြုကဏ္ဍများကို အသားပေးဖော်ပြလျက်ရှိပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေး ဦးတည်ချက်တွင်ပါဝင်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပဂ္ဂလိကကဏ္ဍမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ ဒေသအလိုက် ဆောင်ရွက်ခဲ့မှုကို ဒို့ကျေးရွာဂျာနယ်တွင် ဝေဝေဆာဆာ ဖော်ပြပေးခဲ့ပါသည်။ လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေးအတွက် သုံးနှစ်တာကာလအတွင်း ဤဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက် (၄၁၀)အတွက် နှစ်အလိုက် သုတ/ရသနှင့် စာအုပ်စာစောင်များကို အောက်ပါအတိုင်း ဝယ်ယူ ဖြည့်တင်းပေးနိုင်ခဲ့ပါသည်။

စဉ်	ခုနှစ်	စာအုပ် စာစောင်	ကျပ်သိန်း	မှတ် ချက်
၁	၂၀၂၁	၁၃၁၇၆၅	၂၆၄.၇၄၄	
၂	၂၀၂၂	၂၀၀၀၉၈	၂၅၉.၀၅၃	
၃	၂၀၂၃	၁၅၅၁၄၅	၁၇၂.၀၉၅	
	စုစုပေါင်း	**၄၈၇၀၀၈**	**၆၉၅.၈၉၂**	

ဎင်းအပြင် ပြည်သူများအသိပညာ မြင့်မားတိုးတက်ရေးနှင့် နေ့ထူးနေ့မြတ်အခမ်းအနားများ၏ထူးခြားလေးနက်မှုကို သားစဉ်မြေးဆက် ကာကွယ်ထိန်းသိမ်းလိုသည့် အစဉ်အလာကောင်းများရရှိစေရေးအတွက် သုံးနှစ်တာကာလအတွင်း

သတင်းစကား လက်ကမ်းစာစောင် စောင်ရေ ၂၃ သိန်းကို ငွေကျပ်သန်း ၇၁ ဒသမ ၉ သန်းဖြင့် အောက်ပါအတိုင်း ထုတ်ဝေခဲ့ပြီး ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ချိနိုင်ခဲ့ပါသည် -

(က) လွတ်လပ်ရေးနေ့ - ၅၀၀၀၀၀

(ခ) ပြည်ထောင်စုနေ့ - ၅၀၀၀၀၀

(ဂ) တပ်မတော်နေ့ - ၅၀၀၀၀၀

(ဃ) မူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ - ၄၀၀၀၀၀

(င) အမျိုးသားအောင်ပွဲနေ့ - ၄၀၀၀၀၀

စုစုပေါင်းစောင်ရေ - ၂၃၀၀၀၀၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက်များနှင့်





၂၀၂၃ ခုနှစ် ဧနဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော သတင်းစကားလက်ကမ်းစာစောင်အား တွေ့ရစဉ်။





၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော သတင်းစကားလက်ကမ်းစာစောင်အား တွေ့ရစဉ်။



၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော သတင်းစကားလက်ကမ်းစာစောင်အား တွေ့ရစဉ်။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော သတင်းစကားလက်ကမ်းစာစောင်အား တွေ့ရစဉ်။


အမျိုးသားနေ့ ပထမအပိုဂုဏ်
(၁၀၃) နှစ်မြောက်
အမျိုးသားဘောင်ပွဲနေ့ အထိမ်းအမှတ်
ပြည်ထောင်စုသမ္မတ
သတင်းစကား
အမျိုးသားဘောင်ပွဲနေ့ ပဌမအပိုဂုဏ်
အမျိုးသားဘောင်ပွဲနေ့ ဦးတည်ချက်များ
ပညာရေးပန်းတိုင်
ပြည်ထောင်စုသမ္မတ
သတင်းစကား
ပြည်ပြည်ပြည်ဖြိုး-ပိုင်ရာ


အညီအသေးစား၊အငယ်စား၊အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင် နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချမှုများ၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေး အသိပညာပေး ဆောင်ရွက်မှုများ၊ စားသုံးသူကာကွယ်ရေးဥပဒေ တားမြစ်ချက်များ၊ တောင်သူ အသိပညာပေးလုပ်ငန်းများ၊ အခြေခံစားသောက်ကုန် ဈေးနှုန်းများနှင့် စက်သုံးဆီ ဈေးနှုန်းများအား ပြည်သူများ သိရှိစေရန် အတွက် MOI Website အပါအဝင် ဤဦးစီးဌာန၏ New Media Platform များတွင် အချိန်နှင့် တစ်ပြေးညီလွှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ MSME နှင့် ပတ်သက်သည့် ဆောင်းပါး ၈ ပုဒ်၊ သတင်းစာသား ၃၉၅ ပုဒ်နှင့် သတင်းဗီဒီယို ၂၇၀ ပုဒ်တို့ကို လွှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။




ပြန်ကြားရေးဝန်ကြီးဌာန၏ MOI Website, mTube နှင့် လူမှုမီဒီယာများတွင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME)သတင်းများ လွှင့်တင်မှုကို တွေ့ရစဉ်။

ဌာနတွင်း သုတေသနပြုစုရန်၊ ရည်ညွှန်းကိုး ကားရန်နှင့် လိုအပ်သည့်အခါ လွယ်ကူစွာ ပြန်လည်ရှာဖွေနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာ ပိုင်းဆိုင်ရာအကြောင်းအရာများ၊ အာဆီယံ ဆိုင်ရာကိစ္စရပ်များ၊ မီဒီယာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို Data Base Management System (DBMS) Software တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ အချက်အလက်များ ထည့်သွင်းသိမ်းဆည်းလျက်ရှိပါသည်။


ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ရေးရာများကို ပြည်သူများ သိရှိနိုင်စေရေး အတွက် ဖော်ထုတ်ရေးသားရန်ရည်ရွယ်၍ ကမ္ဘာ ရေးရာစာစောင်ကို နှစ်လတစ်ကြိမ် ထုတ်ဝေ လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း အမှတ် (၁၂) မှ အမှတ် (၂၃) ထိလည်းကောင်း၊ မြန်မာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ပြည်သူများ သိရှိနိုင် စေရေးအတွက် ဖော်ထုတ်ရေးသားရန် ရည်ရွယ်၍ မြန်မာရေးရာစာစောင်ကို သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း အမှတ် (၁၈) မှ အမှတ် (၂၅) ထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာ အကြောင်း အရာများကို ပြည်သူများ သိရှိနိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာစာစောင်ကိုလေးလတစ်ကြိမ် ထုတ်ဝေလျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း အမှတ် (၈) မှ အမှတ် (၁၃) ကိုလည်းကောင်း ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။



DBMS Software တွင် အချက်အလက်များ ထည့်သွင်းထားမှုအား တွေ့မြင်ရစဉ်။







စာဖတ်ပရိသတ်များအတွက် ဖတ်ရှုလေ့လာနိုင်စေရန် မြန်မာရေးရာ၊ ကမ္ဘာရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များ ထုတ်ဝေထားမှုအား တွေ့မြင်ရစဉ်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည်စာပေဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး ပြည်သူများ စာပေများမှရရှိလာမည့် အသိပညာများကို လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးသို့ ပြောင်းလဲဖန်တီးစေနိုင်ရန် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြု စာကောင်းပေမွန်များနှင့် ခေတ်စနစ်နှင့်လိုက်လျောညီစေမည့် စာအုပ်ကောင်းများထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူငယ်များအား တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် လူမျိုးချစ်စိတ်များကိန်းအောင်းလာစေရန်နှင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေးလုပ်ငန်းစဉ်များအားအထောက်အကူပြုစေမည့် သုတ/ရသနှစ်ဖြာစုံလင်သည့် စာကောင်းပေမွန်များအား ထုတ်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေး မှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များ တင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများကို ဥပဒေကြောင်းအရ တားမြစ်နိုင်ရေး၊ ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက် “အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ”တွင် မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံသတင်းတု/သတင်းမှားတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (ASEAN Task Force on Fake News–TFFN)ဖွဲ့စည်းပြီး အာဆီယံဒေသတွင်းနိုင်ငံများအကြား သတင်းတု/သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပဂ္ဂလိကကဏ္ဍ ရှင်သန်ရပ်တည်ဖွံ့ဖြိုးတိုးတက်ပြီး မိဒီယာကျင့်ဝတ်နှင့်ညီညွတ်၍ လူမှု

တာဝန်သိသော မီဒီယာများ ဖြစ်ပေါ်လာစေရန် အတွက် ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရန် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group–MMDG)ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ အလားတူ ပြည်သူများမြန်မာစာ၊ မြန်မာစကား အသုံးအနှုန်း များ မှန်ကန်စေရေး၊ မြန်မာစာအသံထွက် မှန်ကန် စေရေး၊ ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရေး အတွက် အသိပညာပေးဗီဒီယိုများ လွှင့်တင်ခြင်း တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း စဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ပါ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ် များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင် နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက် ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်သတင်း စာများတွင် လူငယ်အသိပညာပေးများအား အောက်ပါအတိုင်း ထည့်သွင်းဖော်ပြပေးနိုင်ခဲ့ ပါသည်-

စဉ်	အကြောင်းအရာ	အကြိမ်	မှတ်ချက်
၁	ခေါင်းကြီး	၂၀	
၂	သတင်း	၈၀၃	
၃	ဆောင်းပါး	၁၉	
၄	ကဗျာ	၄	
၅	ဓာတ်ပုံ	၉၃၇	
	စုစုပေါင်း	၁၇၈၃	

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်များ စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ဟူသော နိုင်ငံရေးရည်မှန်းချက် (၂)ရပ် ချမှတ်ခဲ့ပါသည်။ ထို့အတူ "တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေး" ဟူသော အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

မိမိတို့နိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသလို နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ သွေဖည်မသွားဘဲ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာ ဆောင်ရွက်နေခြင်းလည်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မရိုးသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့ခြင်းနှင့် ဆက်စပ်၍ဖြစ်ပေါ်လာသောနိုင်ငံ၏အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံ့တာဝန်များကို ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရသည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် အဓိကလိုအပ်ချက်သည် ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်အတွက် အလေးထားလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

အဆိုပါ အချက်နှစ်ချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ထည့်သွင်းချမှတ်ကာ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ လူမှုစီးပွားဘဝများ လုံခြုံရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာနည်းလမ်းမျိုးစုံဖြင့် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် နေ့စဉ်သတင်းများ ထုတ်လွှင့်ခြင်း၊ ပုံနှိပ်မီဒီယာများဖြင့် ဖော်ပြအသိပေးခြင်း၊ မြန်မာနိုင်ငံတစ်ဝန်း၌သာမက ကမ္ဘာ့နိုင်ငံများအထိပါ လွှမ်းခြုံနိုင်သော လူမှုကွန်ရက်များအသုံးပြု၍ အသိပညာပေးခြင်းများလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ် အောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများသည် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် “တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား ၁၅-၁၀-၂၀၂၃ ရက်နေ့တွင် MICC-2 တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအနေဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခြင်း၊ “ငြိမ်းချမ်းရေးလက်မြဲမြဲဆက်” “သွေးရင်းများပီပီ” တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်း၊ “(NCA)မှသည် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့” Video Clip ဖြင့် ထုတ်လုပ်ပြသခြင်းများဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံရေဒီယိုမှ သတင်းစာအာဘော် (၁၉)ပုဒ်၊ ရေဒီယိုဆောင်းပါး (၁၇)ပုဒ်၊ တိုင်းရင်းသား (၁၇)ဘာသာမှ သတင်းစာအာဘော် (၁၀)ပုဒ် ထုတ်လွှင့်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ထားသည့် တေးသီချင်းဖြင့် တိုင်းရင်းသားများစုပေါင်းပြီးချစ်ကြည်ရင်းနှီးစွာ အကအလှများနှင့် တေးသီချင်းများဖြင့် ပါဝင်ဖျော်ဖြေခဲ့ပါသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တည်ဆောက်ရေး တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရေးနှင့် ဒို့တာဝန်အရေး(၃)ပါးနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ခဲ့မှု အခန်းကဏ္ဍတွင် MRTV Online အနေဖြင့် ၁၅-၁၀-၂၀၂၃ ရက်နေ့၌ ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)

(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို Live Streaming လွှင့်တင်ပေးခဲ့ပြီး သတင်း (၉၆)ပုဒ်၊ မိန့်ခွန်းဂုဏ်ပြုစကား ခုနစ်ပုဒ်နှင့် Live Stream တစ်ပုဒ်နှင့် တိုင်းရင်းသားဘာသာဖြင့် ထုတ်လွှင့်မှုကို NRC Channel တွင် မိန့်ခွန်းဂုဏ်ပြုစကား (၁၁)ပုဒ်နှင့် တိုင်းရင်းသာဘာသာဖြင့် ထုတ်လွှင့်မှုကို ရေဒီယိုအစီအစဉ်တွင် (၁၇)ပုဒ်တို့ကို လွှင့်တင်ပေးခဲ့ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် နိုင်ငံတော်အခမ်းအနားများကို အနှစ် သာရရှိစွာဖြင့် ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပမှုမှာ ဂုဏ်ယူတက်ကြွစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးအတွက် အရေးပါသည့်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ "လက်တွေ့ကျကျ အဓိပ္ပါယ်ရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ပါ"ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်၊ MICC-II တွင် ၁၅-၁၀-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကဏ္ဍစုံကနေ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့အသံရေဒီယို၊ အင်္ဂလိပ်ပိုင်းအစီအစဉ်နှင့် တိုင်းရင်းသား (၁၇)ဘာသာတို့မှ သတင်း (၁၄)ပုဒ် ထုတ်လွှင့်ခဲ့ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများအပြင်၊ ဆက်စပ်ရုပ်သံလိုင်းများ၊ မြန်မာ့အသံရေဒီယိုနှင့် FM များ၊ Online Media များမှ တိုက်ရိုက်(Live) ထုတ်လွှင့်နိုင်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အထိ အရေးပါပုံနှင့် ငြိမ်းချမ်းရေးအတွက် အားထုတ်ကြိုးပမ်းမှု ဆောင်ရွက်ချက်များကို ပြည်သူလူထုထံ အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက အခမ်းအနားမျှား(မြန်မာ၊ အင်္ဂလိပ်)ဘာသာတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး NCA သမိုင်းမှတ်တမ်း Video Clip အား ထုတ်လုပ်ပြသနိုင်ခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသားတေးသရုပ်ဖော်နှင့် စုပေါင်းသရုပ်ဖော်ကပြမှုတွင် ပါဝင်ဖျော်ဖြေတင်ဆက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံရေဒီယိုနှင့် MRTV Online တို့မှ ၁၅-၁၀-၂၀၂၃ ရက်နေ့၌ ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို Live Streaming လွှင့်တင်ပေးခဲ့ပြီး သတင်း (၉၆)ပုဒ်၊ မိန့်ခွန်း/ဂုဏ်ပြုစကား(၇)ကြိမ်၊ Live Stream (၁)ကြိမ် တိုင်းရင်းဘာသာ (NRC Channel) ဖြင့် ထုတ်လွှင့်မှု မိန့်ခွန်း/ဂုဏ်ပြုစကား (၁၁)ကြိမ်၊ တိုင်းရင်းသားဘာသာ(Radio) ဖြင့် ထုတ်လွှင့်မှု (၁၇)ကြိမ်တို့အား ထုတ်လွှင့်ခဲ့

ပါသည်။ MITV အနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တို ဘာလ ၁၂ ရက်မှ ၁၆ ရက်အထိ NCA (၈) ကြိမ်မြောက် အခမ်းအနား ရိုက်ကူးထုတ်လွှင့်ခဲ့ ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံ သောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ဦးစီးဆောင်ရွက်ခဲ့သော မန္တလေးတိုင်း ဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော် အခမ်းအနားအား မန္တလာသီရိအားကစားကွင်း တွင် ကျင်းပခဲ့ရာ MRTV မှ ၂၈-၁-၂၀၂၃ ရက်နေ့က တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်ရေးယာဉ် (DSNG) အသုံးပြု၍ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပါသည်။ “ပန်းခင်းစီမံချက်” အား ဦးရဲထွန်းဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ သီရိသန္တာအောင် (MRTV) တို့၏ စကားဝိုင်းအား ၁၈-၉-၂၀၂၁ ရက်နေ့တွင် ထုတ်လွှင့်နိုင်ခဲ့ပါသည်။ “ပန်းခင်းစီမံချက်”နှင့် ပတ်သက်သည့် တေးသီချင်းအစီအစဉ်၊ စကား ဝိုင်းထုတ်လွှင့် ခဲ့မှုများမှာ “အရွယ်ရောက်သူတိုင်း မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံသားကတ်ပြုလုပ်စို့” အစီအစဉ်အား ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် မှ ၂၀၂၃ ခုနှစ်ထိ PR System နှင့် သက်ဆိုင်သည့် Program များအား အောက်ပါ အတိုင်း ထုတ်လွှင့်ခဲ့ပါသည်-

(က) ရွေးကောက်ပွဲစနစ်များအကြောင်း သိကောင်းစရာအတွက် မြဝတီမှ ရိုက်ကူးထုတ်လုပ်ပေးပို့သည့် Program သုံးပိုင်းအား ၆-၁၂-၂၀၂၁ မှ စတင်လွှင့်ခြင်း၊

(ခ) PR System ရှင်းလင်းပွဲကို MRTV မှ ရိုက်ကူးထုတ်လုပ်သည့် Program အား ၁၈-၂-၂၀၂၂ မှ စတင်လွှင့်ခြင်း၊

(ဂ) PR System စကားဝိုင်းကို မြဝတီမှ ရိုက်ကူးထုတ်လုပ် ပေးပို့သည့် Program အား ၄-၄-၂၀၂၂ မှစတင် လွှင့်ခြင်း၊

နိုင်ငံတကာ ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း သတင်းစာဆောင်းပါးများကို စာမူ ပြုစု၍ အောက်ပါအတိုင်း ထုတ်လွှင့်ခဲ့ပါသည်-

(က) ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီး ယား) အပိုင်း(၁၃)ကို ၉-၁၂-၂၀၂၁ ရက်နေ့တွင် စတင်ထုတ်လွှင့်ခြင်း၊

(ခ) ထိုင်းနိုင်ငံရွေးကောက်ပွဲနှင့် ပတ်သက်၍ ၁၁-၁၂-၂၀၂၁ ရက်နေ့တွင် စတင်





မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers’ Channel မှ တောင်သူလယ်သမားရေးရာ သတင်းဖတ်ကြားစဉ်။





မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ ဖတ်စရာမှတ်စရာဆောင်းပါကဏ္ဍ အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။





မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်အသွယ် အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ ကျေးလက်ကွန်ရက် အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ စိုက်ပျိုးမွေးမြူသုတဘာဏ် အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။

ထုတ်လွှင့်ခြင်း၊

(ဂ) အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲ နှင့် ပတ်သက်၍ ၁၄-၁၂-၂၀၂၁ ရက်နေ့တွင် စတင်ထုတ်လွှင့်ခြင်း၊

(ဃ) ဆွမ်ဇာလန်နိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ၁၅-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်လွှင့်ခြင်း၊

(င) ဂျာမန်နိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ၁၆-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်လွှင့်ခြင်း၊

(စ) ဖီဂျီနိုင်ငံရွေးကောက်ပွဲနှင့် ပတ်သက်၍ ၁၇-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်လွှင့်ခြင်း၊

(ဆ) ဂျာမနီနိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ၁၈-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်လွှင့်ခြင်း၊

(ဇ) တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ၈-၁၂-၂၀၂၂ ရက်နေ့တွင် ထုတ်လွှင့်ခြင်း၊

(ဈ) သီရိလင်္ကာနိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ (အပိုင်း ၁+၂) ကို ယခု အချိန်တွင် ရုပ်နားထားခြင်း။

အမျိုးသားရေးရည်မှန်းချက် (၂)ရုပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံစေရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင် သံကြားနှင့် Hey Play Co.,Ltd တို့ ပူးပေါင်းကာ ၈-၁-၂၀၂၃ ရက်နေ့မှစ၍ MRTV Farmers' Channel (Htv Farmers' Channel)နှင့် MRTV Sports Channel (Htv Sport's Channel) တို့တွင် အစီအစဉ်များ ပူးပေါင်းထုတ်လွှင့်မှုဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်လျက်ရှိပါသည်။ Farmers' Channel တွင် နေ့စဉ်တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသအခြေအနေများကို တစ်နေ့လျှင်လေးကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ နေ့စဉ် ပြောင်းလဲနေသော ကုန်စျေးနှုန်းသတင်းများကိုလည်း ၁၁-၇-၂၀၂၁ ရက်နေ့မှစ၍ Graphic နှင့် စာတန်းထိုးကြေညာပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ပေးပို့သည့် ပြောင်းလဲနေသော ဓာတ်မြေဩဇာစျေးနှုန်းများကို ၆-၉-၂၀၂၂ ရက်နေ့မှစတင်၍ တစ်လလျှင်နှစ်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ နေ့စဉ်ကုန်စည်စျေးနှုန်းများအား Graphic



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ စိုက်ပျိုးမွေးမြူသုတဘာဏ် အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။




မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Farmers' Channel မှ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး အစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်။

Design အသစ်ဖြင့် ၁၁-၈-၂၀၂၃ ရက်နေ့မှစ၍ ထုတ်လွှင့်ခြင်း၊ သတင်းများကို Main Content Provider ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေးပို့သည့် သတင်း၊ MRTV သတင်း၊ NRC ဗျူရိုများမှ သတင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အခမ်းအနား၊ Current News များ၊ တောင်သူပညာပေးအစီအစဉ်များ၊ နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးသတင်းများ၊ Online သတင်းများနှင့် အခါအားလျော်စွာ ကိုယ်တိုင်သွားရောက်ရိုက်ကူးသော သတင်းများ ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် သတင်းဖတ်ကြားခြင်း ဒီဇိုင်းပုံစံသစ်ကို ၁၁-၇-၂၀၂၁ ရက်နေ့မှစ၍ ပြောင်းလဲထုတ်လွှင့်ပါသည်။ Farmers' Channel အဖွင့် (Opening) Graphic Design အသစ်အား ၁၈-၈-၂၀၂၃ ရက်နေ့ နံနက်ပိုင်းမှ စတင်ထုတ်လွှင့်ခဲ့ပါသည်။ Farmers' Channel မှ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ၄ နာရီစာ Package ကို လေးကြိမ်ထုတ်လွှင့်ခြင်းဖြင့် တစ်နေ့လျှင် ပုံမှန်ထုတ်လွှင့်ချိန် ၁၆ နာရီပြည့်မီစွာ ထုတ်လွှင့်လျက်ရှိပါသည်။ Farmers' Channel မှ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး" Talk Show (Virtual Studio)နှင့် ပြင်ပစိုက်ခင်းများတွင် ရိုက်ကူးသည့်အစီအစဉ်၊ "စိုက်ပျိုးရေးအစီအစဉ်" နေပြည်တော်နှင့်နယ်များသို့သွားရောက်ရိုက်ကူးသည့်အစီအစဉ်၊ "မွေးမြူရေး အစီအစဉ်"၊ "တောင်သူဆီမှ စကားသံ"၊ "ဖတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ" အစီအစဉ်၊ "ကျေးလက်ကွန်ရက်" အစီအစဉ်၊ "ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်" အစီအစဉ်၊ "စိုက်ပျိုးမွေးမြူသုတဘဏ်" အစီအစဉ်နှင့် Content Providers များထံမှ ရရှိသည့်အစီအစဉ်များ၊ သီချင်းများကို ကဏ္ဍအစုံစွာ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ တောင်သူလယ်သမားရေးရာသတင်း Title Graphic Design အသစ်၊ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" အစီအစဉ်၊ "ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်" အစီအစဉ်၊ "ဖတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ" အစီအစဉ်နှင့် "ကျေးလက်ကွန်ရက်အစီအစဉ်" များအား Graphic Design အသစ်ဖြင့် တည်းဖြတ်ထုတ်လွှင့်ခဲ့ပါသည်။ ကျန်ရှိနေသည့် အစီအစဉ်များကိုလည်း Graphic Design အသစ်ဖြင့် တည်းဖြတ်ထုတ်လွှင့်သွားပါမည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရာတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးထားသည့် ရောင်စုံခေတ်ပုံပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိ

ပါသည်။ ၎င်းအပြင် စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများ ရေးသားထားသည့် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များကို ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြုစုထုတ်ဝေခြင်း၊ ဖြန့်ချိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ထုတ်ဝေခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းလမ်းကောင်းများစာအုပ်အား တွေ့မြင်ရစဉ်။

အလားတူ အမျိုးသားရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးနှင့် ပတ်သက်၍ ကျေးလက်အကျိုးပြု စိုက်ပျိုးရေးနည်းလမ်းကောင်းများစာအုပ်နှင့် မွေးမြူရေးနည်းလမ်းကောင်းများစာအုပ် ထုတ်ဝေဖြန့်ချိခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးတို့အတွက် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးသတင်း၊ မွေးမြူရေးသတင်း၊ MSME ဒေသတွင်းထွက်ကုန် စီးပွားရေးသတင်း၊ အသိပညာပေးဆောင်းပါး အစရှိသည်များကိုလည်း ထည့်သွင်းဖော်ပြပေးလျက်ရှိပါသည်။

အဆိုပါ ဒို့ကျေးရွာဂျာနယ်အား ၂၀၁၄ ခုနှစ်မှစတင်၍ တစ်လလျှင် နှစ်ကြိမ် ထုတ်ဝေလျက်ရှိရာ ကျေးလက်နေပြည်သူများအား အကျိုးပြုနေသည့် ဂျာနယ်တစ်စောင်အဖြစ် ရပ်တည်သွားနိုင်ရေးအတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။ ထိုသို့ ထုတ်ဝေရာတွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သုံးနှစ်တာ ကာလအတွင်း အောက်ပါအတိုင်း ထုတ်ဝေဖြန့်ချိ နိုင်ခဲ့ပါသည် -

စဉ်	ခုနှစ်	ဂျာနယ် စောင်ရေ	မှတ်ချက်
၁	၂၀၂၁ ခုနှစ်	၅၂၁၆၅၄	
၂	၂၀၂၂ ခုနှစ်	၄၄၆၈၉၈	
၃	၂၀၂၃ ခုနှစ်	၄၀၄၈၄၁	
	စုစုပေါင်း	**၁၃၇၃၃၉၃**	

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များအား စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများ ရေးသားထားသည့် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းဖြင့် ပြည်သူများ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ပြုစုထုတ်ဝေခြင်း၊ ဖြန့်ချိပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်များကို စာပေလုပ်ငန်းများဖြင့် အထောက်ကူပြုစေရန် စာပေရေးသားခြင်းများ၊ စာအုပ်စာစောင်များထုတ်ဝေခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ အမျိုးသားရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးလုပ်ငန်းနှင့်ပတ်သက်၍ ဌာနမှထုတ်ဝေသည့် စာအုပ်စာစောင်များနှင့် စာရေး ဆရာကြီးများ၊ စာပေပညာရှင်ကြီးများ၏ ပြုစုရေးသားထားကြသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် စာအုပ်များ၊ နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးတို့ကို အထောက်အကူပြုစေမည့် စာအုပ်စာစောင်များ ထုတ်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့်ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် နိုင်ငံပိုင်သတင်းစာများတွင် ရွေးကောက်ပွဲဆိုင်ရာများအား အောက်ဖော်ပြပါဇယားတိုင်း ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေး၊ စား၊ ရေ၊ ရိက္ခာဖူလုံစေရေးနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးတို့အတွက် ပြည်သူများ အလွယ်တကူ နားလည်သဘောပေါက် လိုက်နာကျင့်သုံးနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသတင်း၊ စိုက်ပျိုးနည်းစနစ်များနှင့် မျိုးစေ့ထောက်ပံ့သည့်သတင်းများ၊ မွေးမြူရေးကျင့်စဉ်နှင့် မွေးမြူရေးဆိုင်ရာအသိပညာပေး သတင်းများကိုလည်း ဖော်ပြပေးလျက်ရှိသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသေးစား၊ အငယ်စား၊ အလတ်စား၊ MSME စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ဖော်ပြပါဇယားတိုင်း ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်–

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏


မြန်မာ့အလင်း
Myanma Alinn Daily
The Global New Light of Myanmar
Five-Point Road Map of the State Administration Council
Yangon Region Agriculture Dept targets over 1.1 mln acres of monsoon paddy
ကြေးမုံ
The Mirror Daily

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Gobal New Light of Myanmar သတင်းစာများအား တွေ့ရစဉ်။

ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ငန်းစဉ်ဆိုင်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါဧယားတိုင်း ထည့်သွင်း ဖော်ပြနိုင်ခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး"၊ "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"နှင့်အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးနိုင်ရန်နှင့် ပဂ္ဂလိကမီဒီယာကဏ္ဍရှင်သန်တိုးတက်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် စတုတ္ထမဏ္ဍိုင်ပီသစွာ အထောက်အကူပေးနိုင်ရေးတို့အတွက် ဝန်ကြီးဌာနအပါအဝင် ဦးစီးဌာန/လုပ်ငန်းများမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

စဉ်	အကြောင်းအရာ	ရွေးကောက်ပွဲ	MSME	သန်းခေါင်စာရင်း	မှတ်ချက်
၁	ခေါင်းကြီး	၁၄	၂၆	၃	
၂	သတင်း	၃၃၇	၂၄၂	၁၅၃	
၃	ဆောင်းပါး	၁၉	၄၃	၃	
၄	အင်တာဗျူး	-	၄၉	-	
၅	ထုတ်ပြန်ချက်/ကြေညာချက်	၁၄၀	-	၂	
၆	ဓာတ်ပုံ	၂၂၀	၆၇၄	၁၄၆	

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလေးခုနှင့် လုပ်ငန်းတစ်ခုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များ အောင်မြင်ရေးအတွက် အောက်ပါအတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့၌ Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုနှင့် MRTV ရုပ်သံလိုင်း အစီအစဉ်၌လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းထုတ်လွှင့်မှုကို စတင်သွားမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာများကို ထုတ်လွှင့်ရာတွင် အသံထွက်ပီသမှုရှိစေရေး ဂရုပြုဆောင်ရွက်သွားရန်၊ အင်္ဂလိပ်ပိုင်းဆိုင်ရာ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူကို ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့အပြင် အတတ်ပညာတစ်ခုရရှိစေနိုင်သည်အထိ ကြိုးပမ်းတင်ဆက်သွားကြရန်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အလာကြီးမားသော ဌာနကြီးဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရနှင့်တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီကာလတို့၌ ခေတ်အဆက်ဆက်သမိုင်း ပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ ကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အစဉ်အလာအရ ပညာရစရာကောင်းသည့် အစီအစဉ်များရှိခဲ့ကြောင်း၊ ဇာတ်လမ်းပမာနား ဆင်စရာ အစီအစဉ်များကို နားထောင်ခဲ့ ရပြီး စာရေးဆရာကြီး သော်တာဆွေ၏ "လူ့ မနော"ဆိုသည့် ဇာတ်လမ်းတင်ဆက်မှုသည် လူတို့၏ စိတ်အကြောင်းကို တင်ဆက်ထားခြင်း ဖြစ် သဖြင့် အသိအမြင်များစွာရရှိခဲ့သည့် အတွက် များစွာ တန်ဖိုးရှိပါကြောင်း၊ မြန်မာ့ အသံမှ ဘောလုံးပွဲများအား တိုက်ရိုက်အသံ ထုတ်လွှင့်ခြင်းလုပ်ငန်းကို ၁၉၅၇ ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲက စတင်ခဲ့ သည်ဟု သိရှိရကြောင်း၊ ထုတ်လွှင့်ခဲ့သူတို့မှာ ဦးကျော်ငြိမ်းနှင့် ဦးခင်မောင်တို့ ဖြစ်ကြောင်း၊ တိုက်ရိုက် ထုတ်လွှင့်မှုများကို နားဆင်ပြီး တကယ့်ဘောလုံးပွဲကို ကြည့်ရှုနေရသကဲ့သို့ ခံစားခဲ့ရကြောင်း၊ ထိုစဉ်က အစီအစဉ် တင် ဆက်သူများဖြစ်သည့် ဦးမောင်မောင်ရင်၊ ဦး မောင်မောင်သီ၊ ဦးဇော်ဝင်းတို့၏ တင်ဆက်ပုံ များမှာ အမှတ်ရဖွယ်ဖြစ်ခဲ့ရသည့်အတွက် ယနေ့တင်ဆက်သူများကိုလည်း အတုယူစေ လိုကြောင်း၊

မိမိတို့ခေတ်ကာလတွင် မြန်မာ့အသံမှ ထုတ် လွှင့်ခဲ့သည့် ဇာတ်လမ်းပမာ နားဆင်စရာကဏ္ဍ ရေဒီယိုဇာတ်လမ်းနှင့် အသံလွှင့်ဇာတ်လမ်းတို့ မှပေးသည့် အသိပညာ၊ အတွေ့အကြုံများမှာ တန်ဖိုးမဖြတ်နိုင်စရာ ဖြစ်ပါကြောင်း၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကိုသာ မက လူတို့၏ စိတ်နှလုံးကို တက်ကြွအောင် (Motivation) လုပ်ပေးနိုင်ခဲ့ကြောင်း၊ မီဒီယာ သည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန် လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်စေ ရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း၊ သတင်းနှင့် ပတ်သက်လာပါက မြန်ရမည်၊ မှန်ရမည်ဖြစ်ပြီး အကျိုးရှိမည့်သတင်းများကို တင်ဆက်နိုင်ရ မည်ဖြစ်ကြောင်း၊ ပြည်သူလူထုသိရှိရန် လိုအပ် သည်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက် နိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စာအုပ်စာပေဖတ်ရှုမှုနှုန်း အားနည်းလာပြီး အွန်လိုင်း မီဒီယာများတွင်သာ အချိန်ကုန် လျှက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်း မီဒီယာများကို လွဲမှားစွာအသုံးချပါက အန္တရာယ် ကြီးမားစွာ ဖြစ်စေ နိုင်သဖြင့် မိမိတို့အတွက် အကျိုးရှိနိုင်သည့် အသုံးပြုမှုများကိုသာ ဆောင်ရွက်ကြစေလိုကြောင်းလမ်းညွှန်မှာကြား ခဲ့ပါသည်။

ဆက်လက်ပြီး လမ်းညွှန်ခဲ့ရာတွင်တပ်မတော် အနေဖြင့်လည်း နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုး တိုးတက်သော တိုင်းပြည် တစ်ခုဖြစ်အောင် ဝိုင်းဝန်းထူထောင် ဆောင်ရွက် ပေးလျက်ရှိပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျှက်ရှိပါကြောင်း၊ ယခုကဲ့သို့ အခြေ အနေတွင် ပြည်ပ ပယောဂအနှောင့်အယှက်များ ကင်းရှင်းစေရန်နှင့် ပြည်တွင်းနိုင်ငံရေး ဖြစ်စဉ် များကို တရားဥပဒေဘောင်အတွင်းက အေးချမ်း

တည်ငြိမ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်သကဲ့သို့ ဆူပူအုံကြွမှုများ ဖန်တီးပြီး အကြမ်းဖက်လမ်းစဉ်များဖြင့် တိုင်းဖျက်ပြည်ဖျက်လုပ်ဆောင်နေမှုများကို ပြည်သူအားလုံးက အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း နားလည် သဘောပေါက်ကြရန်နှင့် ဝိုင်းဝန်းဆန့်ကျင်ဟန့်တားပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊

ထို့ပြင် မီဒီယာကဏ္ဍအနေဖြင့် လမ်းညွှန်ရာတွင် ပြည်သူများအတွက် ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များ ရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ် လူငယ်များဖြစ်အောင် ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေးမှု၊ လမ်းညွှန်ပြသမှုတို့ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ အလားတူသတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများ ထုတ်လွှင့်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန်၊ သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုများကို မိမိတို့မီဒီယာမှ မှန်ကန်သည့် သတင်း အချက်အလက်များဖြင့် ပြန်လည်တုံ့ပြန်ပြီး ပြည်သူ လူထုထံရောက်အောင် ထုတ်လွှင့်ဖော်ပြပေးနိုင်ရန် လိုအပ်ပါကြောင်း၊

နိုင်ငံပိုင်မီဒီယာဖြစ်သည့် MRTV အနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ဦးထိပ်ထားကာ စီစဉ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို မီဒီယာနည်းလမ်းများဖြင့် အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဖြတ်သန်းခဲ့သည့် (၇၅)နှစ်တာကာလအတွင်း တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းများ၊ ထုတ်လုပ်တင်ဆက်ခဲ့မှုများ၊ အသုံးပြုခဲ့ကြသည့် အသုံး အဆောင်နှင့်ယာဉ်၊ စက်ပစ္စည်းကိရိယာများကို မပျောက်ပျက်အောင် ပြုပြင်ထိန်းသိမ်းပြီး စနစ်တကျ ခင်းကျင်းပြသပေးရန် လိုအပ်သကဲ့သို့ ပစ္စည်းကိရိယာများ ရှိသေစွာကိုင်တွယ် အသုံးပြုတတ်ရန်၊ တန်ဖိုးထားစုဆောင်းထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ထိန်းသိမ်းကြစေလိုကြောင်း၊

မိမိတို့တာဝန်ယူပြီးစအချိန်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို လာရောက်ကြည့်ရှုစစ် ဆေးချိန်တွင် ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထည်ဝါခိုင်ညားသည့် ဂုဏ်ဒြပ်နှင့်အညီ MRTV စိန်ရတုပြတိုက်ကို ပင်မအဆောက်အအုံရှေ့တွင် သီးခြားတည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ခင်းကျင်းပြသရန်အတွက်လည်း အသေးစိတ် စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သဖြင့် ယနေ့တွင် MRTV စိန်ရတုပြတိုက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊

ယခုအခါ MRTV စိန်ရတုပြတိုက်တွင် ပုံစံငယ်များ၊ ရိုက်ကူးရေးယာဉ်များ ထိန်းသိမ်းထားရှိမှုများ၊ စက်ပစ္စည်းနှင့် အသုံးအဆောင်များ၊ ဓာတ်ပြားနှင့် တိပ်ကြိုးခွေများ၊ တူရိယာပစ္စည်း

များကို ကဏ္ဍအလိုက် လေ့လာနိုင်အောင် ခင်းကျင်းပြသထားခြင်း၊ သတင်းဖတ်ကြား ထုတ်လွှင့်သည့်အခန်းများ၊ Virtual Studio အသုံးပြု ရိုက်ကူးမှုများကို လေ့လာနိုင်မည်ဖြစ်သလို MRTV မှာ ခေတ်အဆက်ဆက်က အသုံးပြုခဲ့ကြသည့် ပစ္စည်းကိရိယာများကို တစုတစည်းတည်း တွေ့မြင်နိုင်စေရန် ခင်းကျင်းပြသပေးထားခြင်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်သည့် အသိပညာဗဟုသုတများနှင့် အတွေးအမြင်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊

MRTV စိန်ရတုပြတိုက်ဖွင့်လှစ်မှုနှင့် တစ်ဆက်တည်း MRTV News Channel ကို စမ်းသပ်ထုတ်လွှင့်မှုမှ ပုံမှန်ထုတ်လွှင့်သွားရန် အတွက် MRTV DTH စနစ်ကိုလည်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စတင်ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း၊ ယနေ့စတင်ဖွင့်လှစ်မည့် MRTV News Channel သည် တချို့ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံကို အန္တရာယ်ရှိစေမည့် သတင်းအတု အယောင်၊ သတင်းမှားများ၊ ကောလာဟလများနှင့် တိုင်းပြည်တွင် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော် လုပ်ကြံဖန်တီးလာမှုများအပေါ် သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်ခြင်းဖြင့် ပြည်သူများ သတင်းမှန်သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ပင်ဖြစ်ပါကြောင်း၊ MRTV News Channel သည် နိုင်ငံတကာသတင်းများကို လျင်မြန်စွာ ဘာသာပြန်ဆို တင်ဆက်ပေးခြင်းဖြင့် ကမ္ဘာအရပ်ရပ်မှာ ဖြစ်ပျက်နေသည့်၊ သိသင့်သိထိုက်သည့် သတင်းများကို ပြည်သူများ လျင်မြန်စွာ သိရှိခွင့်ရရှိပြီး ဗဟုသုတများစွာ ရရှိနိုင်မည် ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အမှာစကားပြောကြား ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာကြီးမားသည့် ပြည်သူ့ဝန်ဆောင်မှုဌာနကြီးတစ်ခု ဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့ပြီး ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ (၇၇)နှစ် ပြည့်မြောက်သည် အထိ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝင့်ဝင့်ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ လုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်ပါက တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊

လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူများနှင့် လူငယ်များအတွေးအခေါ်မှန်ကန်ပြီး အသိပညာမြင့်မား

လာစေရေး ဆက်လက်ဆောင်ရွက်ရာတွင် လည်း ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများက ဆက်လက်ပြီး ဆောင်ရွက်သွား ကြရန် မှာကြားလိုပြီး အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊

ယခုအချိန်တွင် ပြည်သူကို အသိပညာ ဗဟုသုတပေးနိုင်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် လူငယ်လူရွယ်များကို လမ်းမှား မရောက်စေရေး၊ ပညာတတ်သားကောင်း ရတနာတွေ ဖြစ်လာစေရေးသည်လည်း ပိုမို အရေးကြီးပါကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ထမ်း ဆောင်ကြမည့် နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော် ကြမည့် လက်ဆင့်ကမ်းတာဝန်ယူကြမည့် သူများဖြစ်နေခြင်းကြောင့် မိဘ၊ ဆရာများတွင် တာဝန်ရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း မိမိ တို့ မီဒီယာများမှ စဉ်ဆက်မပြတ် အသိပညာ ပေး၊ ဗဟုသုတများ ဖြန့်ဝေပေးနေပါက ပိုမိုထိ ရောက်စေမည်ဖြစ်ပါကြောင်း၊ အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင် ပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင်သင်ယူ ကြစေရေး အားပေးလုပ်ဆောင်လျက်ရှိပါ ကြောင်း၊ အဓိကမှာ နိုင်ငံတော်ကြီး ထာဝရ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု ကို အတွေးအခေါ်အယူအဆနှင့် အလုပ်အကိုင် များ မှန်ကန်စေရေးတို့အတွက် မီဒီယာပိုင်းက ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံတော် တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ်ကာလ အတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြော ရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝ သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ဦးတည် ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်၏ ရှေ့ရေးအတွက် ဆောင်ရွက်နေ ကြောင်းကို ပြည်သူလူထု သိရှိစေရေး ပြန်ကြား ရေး ကဏ္ဍမှအလေးထား ဆောင်ရွက်ပေးသွား ကြရန်လိုကြောင်း၊

မိမိတို့နိုင်ငံ၌ ထေရဝါဒဗုဒ္ဓ သာသနာတော် ကြီး ခိုင်မာထွန်းလင်းတောက်ပလျက်ရှိနေသည် ကို ကမ္ဘာကိုပြသနိုင်ရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိရန်နှင့် ပြည်တွင်းပြည်ပ ဘုရားဖူး များ လာရောက်ကြပြီး ဒေသတိုးတက်စည်ကား စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုအထောက် အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည် တော်၊ ဒက္ခိဏာသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်ကြီးအတွင်း၌ “မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုပါက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏

ဆင်းတုတော်အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်းလုံးက ကုသိုလ်ရှင်များ လှူဒါန်းသည့် ဌာပနာတော်များကိုလည်း ထည့်လှူပူဇော်ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေး၊ ပိဋကတ်ကျမ်းစာများကို ကျောက်စာတော်များထုဆစ်ပူဇော်ပြီးကျောက်စာရံစေတီတော်များ တည်ဆောက်ရေး၊ ရင်ပြင်တော်များ၊ သုဓမ္မာဇရုပ်များနှင့် အခြားသောသာသနိက အဆောက်အအုံများ တည်ဆောက်ရေး၊ ဗုဒ္ဓဥယျာဉ်တော်ကြီး သာယာလှပစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ခမ်းနားထည်ဝါသည့် ဗုဒ္ဓအမွေအနှစ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံတံတိုင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အအုံများအတွက် လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက လှူဒါန်းနိုင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် တီဗွီ၊ ရေဒီယို၊ သတင်းစာများက နှိုးဆော်တိုက်တွန်းပေးနေသည်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အမှာစကားပြောကြား ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Myanma Radio and Television– MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာနှင့် သမိုင်းကောင်းသည့် နိုင်ငံတော်မီဒီယာဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခုဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈) နှစ် ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း၊

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သော နယ္ပုံသစ်လွှင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့် အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု ပြောရမည်ဖြစ်ကြောင်း၊ မူလရည်မှန်းချက် (၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို ရုပ်မြင်သံကြားမှ နည်းလမ်းပေါင်းစုံဖြင့် ထုတ်လွှင့်ဆောင်ရွက်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခါကြီးနှင့် အခမ်းအနားကြီးများတွင် ကဏ္ဍစုံမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြသည်ကိုလည်း တွေ့မြင်ရသည့်အတွက် ကျေနပ်အားရမိကြောင်း၊ တိုင်းရင်းသားများနှင့်

ပတ်သက်၍လည်း MRTV အနေဖြင့် တိုင်းရင်းသား ဘာသာစကား (၁၈)မျိုး အပါအဝင်စုစုပေါင်း ဘာသာစကား (၂၀)မျိုးနှင့် ထုတ်လွှင့်နိုင်သည် မှာလည်း နိုင်ငံတကာအလယ်တွင် ထူးခြား ထင်ရှားပြီး ပြည်ထောင်စု ဖွားတိုင်းရင်းသား အားလုံးကို အလေးထားဝန်ဆောင်မှုပေးနေခြင်း ဖြစ်သဖြင့် ရုပ်သံလွှင့် မီဒီယာအဖွဲ့အစည်းကြီး အဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို ပြောကြား လိုကြောင်း၊

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲ မသမာမှုများကြောင့် နိုင်ငံနဲ့ပြည်သူလူထု အကျိုးအတွက် နိုင်ငံတော်တာဝန်ကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ တာဝန်ယူ ဆောင်ရွက်နေရခြင်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့် အညီ "တိုင်းပြည် သာယာဝပြောရေးနှင့် စားရေ ရိက္ခာဖူလုံရေး" ဟူသည့် အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်နှင့် " စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေ ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင် ရန် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အရေးကြီးဆုံးလိုအပ်ချက် မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နှောင့်ယှက် ဖျက်ဆီးမှုများမှ ကင်းဝေးရန်လိုကြောင်း၊

ယနေ့နိုင်ငံတော်တွင် ပြည်တွင်းပြည်ပ သွေးထိုး မြှောက်ပင့် ပေးနေခြင်းများ၊ ကျင့်ဝတ် သိက္ခာကင်းမဲ့ပြီး နိုင်ငံကို ချောက်ထဲရောက် အောင် တွန်းပို့နေသော ယုတ်ညံ့သည့်မီဒီယာ များ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှု များကို အသိဉာဏ်နှင့်စဉ်းစားသုံးသပ် ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိ ဘဲ ပြည်သူများဆင်းရဲဒုက္ခများစွာ ရောက်နေ ဖြစ်ကြောင်း၊ အဆိုပါ အဖျက်အမှောင့် လုပ်ရပ် များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန် ကြီးခြင်းကြောင့် ပြည်သူလူထု အားလုံးက သိရှိ နားလည်ကြရန် သတင်းတု၊ သတင်းမှားများ ကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့် ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုး မြှင့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ခေတ် အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်း များ သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန် ခဲ့ကြသကဲ့သို့ MRTV ၏ မျိုးဆက်သစ်ဝန်ထမ်း များကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် သမိုင်း ပေးတာဝန်များကို သစ္စာရှိရှိဖြင့် ဝန်ထမ်း ကောင်းများ ပီသစွာကျေပွန်အောင် ဆက်လက် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ် အဆက်ဆက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်

ကျေပွန်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ် တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံ၌ အနုပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူတွေ အားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီးတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် အခြားပရိသတ်များအတွက်ပါ သတင်းအချက်အလက် အပါအဝင် အသိပညာဗဟုသုတ၊ အကြားအမြင်များနှင့် ဖျော်ဖြေတင်ဆက်မှုများ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးတွင် အစဉ်အမြဲမှတ်မှတ်ထင်ထင်ရှိလာအောင် စွမ်းဆောင် ပေးကြရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

MRTV အနေဖြင့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ စီမံဆောင်ရွက်လျက်ရှိသည့် သတင်းများနှင့်အစီအစဉ်များကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများမှ လာရောက်သော နိုင်ငံခြားခရီးသွားများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဧည့်သည်တော် သံတမန်များကိုပါ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် Myanmar Radio International (MRI) အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Radio Channel တစ်ခုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ဖြစ်သည့် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ထုတ်လွှင့်ခဲ့ပြီး အဆိုပါ FM Radio Channel ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် 94.6 MHz၊ ပျဉ်းမနား မြို့နှင့် အနီးတစ်ဝိုက်တွင် 101.7 MHz၊ စစ်ကိုင်း မြို့နှင့် အနီးတစ်ဝိုက်တွင် 99.0 MHz တို့မှ ဖမ်းယူ နားဆင်နိုင်ရန် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ရေဒီယိုတိုးချဲ့ထုတ်လွှင့်မှုတွင် “သပြေရေဒီယို”အမည်ဖြင့် သတင်းမှန်များ ပြန်ကြားထုတ်လွှင့်သည့် ရေဒီယိုအစီအစဉ်အသစ်ကို ၁၁-၇-၂၀၂၁ ရက်နေ့မှ စတင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွက် 200kW Medium Wave 711 kHz လွှင့်စက်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် 200kW FM 99.6 MHz လွှင့်စက်ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိပါသည်။

အလားတူ ရုပ်မြင်သံကြားထုတ်လွှင့်မှု အနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV Multi Channel Playout System တွင် HD (High Definition) စနစ်ဖြင့် သတင်းသီးသန့် MRTV News Channel လိုင်းအသစ်ကို ၁-၂-၂၀၂၂ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ပြီး ၁၅-၂-၂၀၂၃





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ရက်နေ့တွင် News Studio အသစ်တစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး ကြိုဟ်တု စလောင်းဖြင့် ဖမ်းယူကြည့်ရှုနိုင်သော Direct to Home (DTH) စနစ်ဖြင့် ထုတ်လွှင့်သည့် MRTV DTH Platform ကိုလည်း ၁-၂-၂၀၂၂ ရက်နေ့တွင် ရုပ်သံလိုင်း (၁၈) လိုင်း၊ ရေဒီယိုလိုင်း ငါးလိုင်းဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။

ထို့နောက် ၁-၂-၂၀၂၂ ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုအမှတ်တရ အနေဖြင့် မြန်မာ့အသံစိန်ရတုပြတိုက် နှစ်ထပ်ဆောင် တည်ဆောက်ထားရှိပြီး ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရိုက်ကူးထုတ်လွှင့်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံးပစ္စည်းများအား အများပြည်သူလေ့လာနိုင်ရန်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ခေတ်နှင့်အညီ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုများကို ပြခန်းပေါင်း ၄၀ ဖြင့် ဂုဏ်ယူစွာ ခင်းကျင်းပြသနိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဖျော်ဖြေရေးအစီအစဉ်နှင့်တွဲဖက်၍ Edutainment ပုံစံဖြင့် လူငယ်အသိပညာပေး အစီအစဉ်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၁ ကျောင်းတွင် (၁၁)ကြိမ်



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း နေပြည်တော်ရှိ အထက-၁၁ တွင် ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထက-၁၁ တွင် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲပြသရာ ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုစဉ်။

ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ရုံးချုပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ရည်ညွှန်းစာကြည့်တိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများ၌ ပြည်သူ့စာကြည့်တိုက် ၄၁၀ တိုက်ဖွင့်လှစ်ထားရှိပြီး သုတ၊ ရသ စာအုပ်များ လစဉ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ပြည်သူ့စာကြည့်တိုက်များကိုပြောင်းလဲတိုးတက်လာသည့်



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထက-၁၁ တွင် ဗလငါးတန်ဖိုးဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၌ ဂိမ်းပြိုင်ပွဲများ ကျင်းပစဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော်ရှိ အထက-၆ တွင် ကျင်းပသည့် ဗလငါးတန်ဖိုးဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထက-၆ တွင် ဗလငါးတန်ဖိုးဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၌ ကျွမ်းဘားအားကစားဖြင့်သရုပ်ပြသစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထက-၆ တွင် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲပြသရာ ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထက-၆ တွင် ဗလငါးတန်ဖိုးဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၌ ဂိမ်းပြိုင်ပွဲများ ကျင်းပစဉ်။

နည်းပညာနှင့်အညီ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် Digital Library အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံး ၁၀၃ ရုံးတွင် Digital Library Management System ဖြင့် စာအုပ်များရေးသွင်းခြင်း၊ငှားရမ်းခြင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးများ စိတ်ကြည်လင်လန်းဆန်းပြီး ပျော်ရွှင်စေမည့် အသွင်အပြင်ဖြင့် ကလေးစာဖတ်ခန်းများကို စီစဉ်ဆောင်ရွက်ထားရှိ၍ ကလေးစာပေစာအုပ်များ၊ ပန်းချီ၊ ဆေးရောင်ခြယ်နိုင်သည့် ပစ္စည်းများ စီစဉ်ထားရှိပေးခြင်း၊ ကလေးများအတွက် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် ပတ်သက်သည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် သုံးနှစ်တာကာလအတွင်း ဖော်ပြပါစာအုပ်များအား ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

အလားတူ လူငယ်များအသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ လူငယ်လမ်းညွှန်အစီအစဉ် (Youth Directory) Facebook Page ကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး အနုပညာနယ်ပယ်တွင် လူငယ်များပါဝင်သည့် Youth and Art အစီအစဉ်၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ပြည်တွင်း/ပြည်ပ ပညာသင်ဆုအကြောင်းအရာများပါဝင်သော Way to Scholar အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ Web Explore အစီအစဉ်၊ ဘဝတိုးတက်အောင်မြင်ရေးအတွေ့အကြုံများကို မျှဝေပေးသည့် Path Finder အစီအစဉ်စသည့် အစီအစဉ် လေးခုအပြင် ဘာသာပြန်ဗဟုသုတများ၊ အဆိုအမိန့်များ၊ ဉာဏ်စမ်းပဟေဠိများ၊ လူမှုပတ်ဝန်းကျင်တွင် လိုက်နာရမည့် လူမှုကျင့်ဝတ်ဆိုင်ရာ အကြံပြုချက်များကို နေ့စဉ် လွှင့်တင်ပေးလျက်ရှိပြီး အပိုင်း ၂၀ ပါဝင်သည့် “ဒုတိယအိမ်”အမည်ရှိ



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများ၌ Digital Library Management System ဖြင့် စာအုပ်များငှားရမ်းမှုအား တွေ့မြင်ရစဉ်။

စဉ်	စာအုပ်အမည်	အုပ်ရေ
၂၀၂၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ		
၁	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ(၂/၂၀၂၁ မှ ၁၂/၂၀၂၁ ထိ)	၅၂၀၀
၂	သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၂၁)	၆၅၀၀
၃	ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး (၁)	၄၁၀၀
၄	ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး (၂)	၁၀၀၀
၅	ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး (၃)	၁၀၀၀
၂၀၂၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ		
၁	သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၂၂)	၁၂၀၀၀
၂	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့အကျိုးသယ်ပိုး ဆောင်ရွက်ချက် မှတ်တမ်းစာအုပ် (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ – ၂၀၂၂ ခုနှစ် ဇန်နဝါရီလ)	၆၅၀၀
၃	ပြည်ထောင်စုအလံတော် သယ်ယူရေးခရီးစဉ်နှင့် ခေတ်အဆက်ဆက် ပြည်ထောင်စုအလံတော်သယ်ယူရေးခရီးစဉ်များ မှတ်တမ်းစာအုပ်	၂၀၀၀
၄	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ မှတ်တမ်းစာအုပ် (ဇန်နဝါရီလမှ ဩဂုတ်လအထိ)	၁၂၀၀
၅	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၁/၂၀၂၂ မှ ၁၂/၂၀၂၂ ထိ)	၁၈၀၀၀
၆	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Noeleen Heyzer တို့၏ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း	၃၀၀၀
၇	မြန်မာ့ယဉ်ကျေးမှု ဆယ့်နှစ်လရာသီဓလေ့ထုံးစဉ်လာ	၁၀၀၀
၈	(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှတ်တမ်း	၅၀၀
၂၀၂၃ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ		
၁	သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၂၃)	၅၅၀၀
၂	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၁/၂၀၂၃ မှ ၁၂/၂၀၂၃ ထိ)	၁၈၀၀၀
၃	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့အကျိုးသယ်ပိုး ဆောင်ရွက်ချက် မှတ်တမ်းစာအုပ် (၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ – ၂၀၂၃ ခုနှစ် ဇန်နဝါရီလ)	၁၀၀၀

စဉ်	စာအုပ်အမည်	အုပ်ရေ
၄	၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများ၊ သေကျေမှုများ၊ အဖျက်အမှောင့် လုပ်ငန်းများနှင့် လက်နက် ခဲယမ်းဖမ်းဆီးရမိမှုများ (မြန်မာ/အင်္ဂလိပ်)	၂၃၀၀
၅	(၇၅)နှစ်မြောက် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တမ်းစာအုပ် (၁၉၄၈ - ၂၀၂၃)	၁၀၀၀
၆	မြန်မာ့ရုပ်ရှင်စကားဝိုင်းစာအုပ်	၁၀၀၀
၇	(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်း	၅၀၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြုစုထုတ်ဝေခဲ့သည့် စာအုပ်စာစောင်များ

လူငယ်အကျိုးပြု အသိပညာပေး mini-series ကို ရိုက်ကူးတင်ဆက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြမှုကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့မှ စတင်ကာ ထုတ်ဝေခြင်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းထားသည့် သတင်းမီဒီယာများ၏ လူမှုမီဒီယာအသုံးပြု၍ သတင်းများလွှင့်တင်မှုကို နေ့စဉ်စောင့်ကြည့်၍ အဆိုပါသတင်းဌာနများ၏ သတင်းထုတ်လွှင့်မှုအပေါ် သုံးသပ်တင်ပြလျက်ရှိပါသည်။

Online Media များတွင် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေသည့် မဟုတ်မမှန် စာသား/ဓာတ်ပုံများ၊ အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများအပေါ် သတင်းအမှန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအမှန်စိစစ်ပြန်ကြားရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အဖွဲ့ဝင် ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ အဖွဲ့ဝင်ဦးရေကို ၃၀ ဦးဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ ဦးဆောင်မှုဖြင့် တွဲဖက်ဆောင်ရွက်သူ ၂၈၉ ဦးဖြင့် ပြည်သူများသတင်းအဆိပ်မသင့်စေရေးအတွက် သတင်းမှန်များ ပိုမိုပျံ့နှံ့အောင် ဆောင်ရွက်လျက်ရှိပါသည်။

သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်စွာ ချေဖျက်တုံ့ပြန်နိုင်ရန်နှင့် သတင်းများဖလှယ်အသုံးပြုခြင်းကြောင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် သတင်းများကို ပြည်သူများ ပိုမိုသိရှိစေရန်အတွက် ပြင်ပပုဂ္ဂလိကမီဒီယာခြောက်ခုနှင့် သတင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်သူ ၁၇၃ ဦး၊ ထုတ်ဝေသူ ၂၅၃ ဦး၊ သတင်းအေဂျင်စီ ၂၀ ဦးတို့ကို သက်တမ်းတိုး ခွင့်ပြုပေးခဲ့ပြီး ပုံနှိပ်လုပ်ငန်းသုံးခု၊ သတင်းစာတစ်စောင်၊ ဂျာနယ် ၂၅ စောင်၊

မဂ္ဂဇင်း ၁၉ အုပ်၊ အထွေထွေထုတ်ဝေခြင်း လုပ်ငန်း ၂၄၀ ခုနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉ ခုတို့ကို အသစ်ခွင့်ပြုနိုင်ခဲ့ပါသည်။

ထို့အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူများအား အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ အသိပညာပေးဇာတ်လမ်းတိုများအဖြစ် အနုပညာရှင် သရုပ်ဆောင်များပါဝင်ထားသော အပေးအယူ၊ လူပိုကြီး၊ ထင်မိယောင်မှား၊ မြားမှန်သောမုဆိုး၊ သတိစည်းလုံးကြပါ၊ နောက်ကျတဲ့နောင်တ၊ တစ်ရွာလုံးရဲ့ဥည့်သည်၊ မှတ်ပြိလားနှင့် စိတ်မဆိုးကြေး စသည့် အသိပညာပေးဇာတ်လမ်းတို ကိုးကားကိုလည်း ရိုက်ကူးထုတ်လွှင့်ပြသပေးနိုင်ခဲ့ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရေးစာဆိုတော်ကြီးများ စာပေပညာရှင်ကြီးများ ရေးသားထုတ်ဝေခဲ့သည့် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများကို စာပေဗိမာန်ရုံးက တာဝန်ယူပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ ၂၀၂၂ ခုနှစ် ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ မှတ်တမ်းစာအုပ် ၂၀၀၀ အုပ်အား ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ လူငယ်လူရွယ်များ



Youth Directory Facebook Page တွင် လွှင့်တင်ဖော်ပြမှုများအား တွေ့ရစဉ်။



ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေလျက်ရှိသည့် သုတပဒေသာစာစောင်နှင့် သုတပဒေသာ လူငယ်ရေးရာစာစောင်အား တွေ့ရစဉ်။

စာပေဖတ်ရှုသည့် အကျင့်ကောင်းများရရှိလာမည့် အသိဉာဏ်ပညာများဖြင့် ဘဝလမ်းကြောင်းမြင့်မားတိုးတက်စေရန်၊ အတွေးအခေါ် ရင့်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားတတ်စေရန်အတွက် စာပေဗိမာန်က ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည့် သုတပဒေသာစာစောင်အမည်အား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွဲ ၄၈၊ အမှတ် - ၁၂ မှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟူ၍ အမည်နာမပြောင်းလဲပြီး လူငယ်လူရွယ် အကျိုးပြုစာပေများကို လမ်းညွှန်မှုနှင့်အညီ စိစစ်ထုတ်ဝေလျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကျရောက်သည့် စာပေဗိမာန်၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် အတွဲ - ၄၉၊ အမှတ် - ၈ ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ စိန်ရတုအထိမ်းအမှတ်အဖြစ် အတွဲ - ၅၀၊ အမှတ် - ၁ ကိုလည်းကောင်း အထူးထုတ်အဖြစ် ထုတ်ဝေ နိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို လူငယ်နှင့် စာပေပွဲတော်တွင်လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံနှင့် မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) (က-ကုတ်)မိတ်ဆက်ပွဲ အခမ်းအနားများတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲ အခမ်းအနားများတွင်



ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေလျက်ရှိသည့် သုတပဒေသာ လူငယ်ရေးရာစာစောင်အား တွေ့ရစဉ်။

လည်းကောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲနှင့် လူငယ်နှင့်စာပေအနုပညာပြပွဲတို့တွင်လည်းကောင်း စာပေဗိမာန်ထုတ်စာအုပ်များခင်းကျင်းပြသခြင်းနှင့် စာအုပ်များရောင်းချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာကြည့်တိုက်၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းတို့ရှိ စာကြည့်တိုက်များ၊ ခေါင်လန်



၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် (တပေါင်းကွင်း)၌ ပြသထားသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းကို တွေ့ရစဉ်။

ဖူးဒေသရှိ စာကြည့်တိုက်၊ ပူတာအိုဒေသရှိ စာကြည့်တိုက်နှင့် တွံတေးမိဘမဲ့ဂေဟာများသို့ သုတပဒေသာစာစောင်နှင့် ပြည်သူ့လက်စွဲစာအုပ် စုစုပေါင်း ၂၄၀၃ အုပ် လှူဒါန်းနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသသော ပြန်ကြားရေးဝန်ကြီးဌာန၏ ပြခန်းတွင် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်သမိုင်း၊ မြန်မာနိုင်ငံတော် ပြန်တမ်းသမိုင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် ပုံနှိပ်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတို့ကို Light Box, ဗီနိုင်းတို့ဖြင့် ပြသ၍ ကျောင်းသုံး၊ ပြန်တမ်း၊ မိန့်ခွန်းစာအုပ်များနှင့် အခြားပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်၊ စာစောင်များအား နေပြည်တော်(တပေါင်းကွင်း)၌ ခင်းကျင်း ပြသခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်းမှ ထုတ်ဝေသည့် ၂၅ ပြားတန် စာအုပ်များ၊ ၁ ကျပ်တန် စာအုပ်များကို ပြန်လည်၍ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရှေးစာဆိုတော်ကြီးများ၏ စာပေလက်ရာများမှ ကောင်းနိုးရာရာများကို ရွေးချယ်ပြီး ခေတ်စနစ်နှင့်လျော်ညီသည့် အကျိုးပြုစာအုပ်များ ပြန်လည် ထုတ်ဝေခြင်းကိုလည်းကောင်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းအတွဲ - ၁ မှ အတွဲ - ၉ အထိ ပြန်လည် ပုံနှိပ်ခြင်းလုပ်ငန်းစဉ်များအားလည်းကောင်း၊ ယင်းလူထုသိပ္ပံကျမ်းအတွဲ (၉)တွဲ၏ လက်ရှိ မျက်မှောက်ခေတ်ကာလ AI နည်းပညာများ အထိ ပေါင်းစပ်ဖြည့်စွက်ထားသည့် ခေတ်သစ် လူထုသိပ္ပံကျမ်းစာအုပ်ကိုလည်းကောင်း စီစဉ် ထုတ်ဝေလျက်ရှိရာ ပြီးစီးတော့မည်ဖြစ်ပါသည်။

ပုံနှိပ်လုပ်ငန်းများ အရည်အသွေး ပိုမိုကောင်း မွန်လာစေရန်နှင့် ခေတ်စနစ်နှင့် မလျော်ညီသည့် ပုံနှိပ်စက်နေရာများတွက် ခေတ်မီ ပုံနှိပ်စက်များဖြင့် ဖြည့်တင်းဆောင်ရွက်ခဲ့ပါ သည်။ ထိုသို့

ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပုံနှိပ်အရည်အသွေးများ ပိုမို၍သစ်လွင်စွာ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အတူ ပတ်လည်ရောင်စုံပုံနှိပ်စက်ကြီးများ၊ ရွက်ထိုးရောင်စုံပုံနှိပ်စက်များနှင့် အခြားသောပုံနှိပ်နှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် ဆက်စပ်သည့် စက်ပစ္စည်းများအား ဝယ်ယူပြီး စက်ရုံများအလိုက် ထုတ်ကုန်အင်အားစုများ ပိုမို၍ အချိန်တိုအတွင်း ဆောင်ရွက်လာနိုင်ပါသည်။

ယခင်က ပညာရေးဝန်ကြီးဌာနမှအပ်နှံသည့် ကျောင်းသုံးများကိုသာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ဝန်ကြီးဌာနအားလုံး၏ လိုအပ်သည့် ပုံနှိပ်လုပ်ငန်းများကိုလည်း ဌာနမှ တာဝန်ယူ၍ ပုံနှိပ်လုပ်ငန်းများကို လမ်းညွှန်မှုနှင့်အညီ ပြောင်းလဲ၍ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူများ မှန်ကန်သည့် သတင်းအချက်အလက်များ သိရှိပိုင်ခွင့်ရရှိရေးအတွက် Online Media ကဏ္ဍမှဆောင်ရွက်ခြင်း၊ သတင်းမီဒီယာ သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အခွင့်အရေးနှင့်တာဝန်ကို မှန်ကန်စွာထိန်းကျောင်းခြင်း၊ ပုဂ္ဂလိကမီဒီယာများ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း၊ ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို မြှင့်တင်ပေးခြင်းစသည့်ကဏ္ဍများ စနစ်တကျဆောင်ရွက်ရာတွင် အကောင်အထည်ဖော်မည့်မူဝါဒများ၊ လုပ်ငန်းစဉ်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံတကာရေးရာသတင်းများနှင့် အခြားဗဟုသုတရရှိစေသော သတင်းဆောင်းပါးများကို နိုင်ငံပိုင်သတင်းစာများတွင် အရည်အသွေးပြည့်မီစွာ နေ့စဉ်ထုတ်ဝေလျက်ရှိပြီး ပြည်သူများလေးစား အားကိုးရသည့် နိုင်ငံပိုင်သတင်းစာများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၈-၂၀၃၀) စီမံကိန်းအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနလေးခုနှင့် လုပ်ငန်းတစ်ခုတို့က အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရသုံးမှန်းခြေ ငွေစာရင်းများအရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ သာမန်ရငွေ ကျပ်၂၀၆၈၈၀ ဒသမ ၉၆၄ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၆၃ ဒသမ ၅၁၉ သန်း၊ သာမန်အသုံးစရိတ် ကျပ် ၄၈၇၅၆ ဒသမ ၉၅၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၄၀၇၂ ဒသမ ၆၃၇ သန်းတို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဝန်ထမ်းများ အရည်အသွေး မြင့်မားရေး ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၁	AIBD 1 Month Online Workshop for Heanlth Journalist and Content Creators	၁၁-၁-၂၀၂၁ မှ ၈-၂-၂၀၂၁ ထိ	၁
၂	OTT for Community Media	၉-၂-၂၀၂၁	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၃	Major Sports Event Media Opeartional Play by ABU Sports	၂၅-၂-၂၀၂၁	၁
၄	သတင်းဖတ်ကြားခြင်းဆိုင်ရာ အသံထွက် မှန်ကန်မှုသင်တန်း	၉-၃-၂၀၂၁ မှ ၁၂-၃-၂၀၂၁ ထိ	၁
၅	ABU Webinar:Human Resource Management	၅-၃-၂၀၂၁	၁
၆	AIBD/IOM Regional Webinar Series on Dispelling Disinformation about Migrants and Refugees	၉-၃-၂၀၂၁ မှ ၂၃-၃-၂၀၂၁ ထိ	၁
၇	Basic English for Ministry Staff(Course-I)	၂၃-၃-၂၀၂၁ မှ ၁၉-၅-၂၀၂၁ ထိ	၁
၈	Webinar on Satellite Technologies for Boradcasting	၁-၃-၂၀၂၁ မှ ၄-၃-၂၀၂၁ ထိ	၁
၉	Human Resource Management	၅-၃-၂၀၂၁	၁
၁၀	2nd World DAB Asia-Pacific Technical Group Meeting	၉-၃-၂၀၂၁	၁
၁၁	AIBD Regional Webinar on 5G-A Decde of Innovation & Disruption:Impact on Broadcaster	၂၅-၃-၂၀၂၁	၁
၁၂	Webinar on ABU New Media Workshop 2021 Data-Driven Storytelling	၂၄-၃-၂၀၂၁ မှ ၂၆-၃-၂၀၂၁ ထိ	၁
၁၃	English Language Proficency for Officials From Myanmar Mogolia,Laos သင်တန်း	၁၅-၄-၂၀၂၁ မှ ၉-၄-၂၀၂၁ ထိ	၁
၁၄	AIBD/UNESC's IPDC Training Actvities on Safety for Journalists Online သင်တန်း	၁၉-၄-၂၀၂၁ မှ ၅-၅-၂၀၂၁ ထိ	၁
၁၅	Webinar on Jnvestigative Journalism: Going Beyond the.Hedlines သင်တန်း	၅-၄-၂၀၂၁ မှ ၉-၄-၂၀၂၁ ထိ	၁
၁၆	လုပ်ငန်းခွင်စွမ်းရည်မြှင့်တင်ခြင်းသင်တန်း	၁၇-၅-၂၀၂၁ မှ ၂၁-၅-၂၀၂၁ ထိ	၁
၁၇	သတင်းကင်မရာသင်တန်း	၂၄-၅-၂၀၂၁ မှ ၃၁-၅-၂၀၂၁ ထိ	၁
၁၈	အစီအစဉ်ရိုက်ကူးရေးကင်မရာသင်တန်း	၁၇-၅-၂၀၂၁ မှ ၂၁-၅-၂၀၂၁ ထိ	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၁၉	စတူဒီယိုတွင်းရိုက်ကူးရေးသင်တန်း	၂၄-၅-၂၀၂၁ မှ ၃၁-၅-၂၀၂၁ ထိ	၁
၂၀	ကာတွန်း Animation သင်တန်း	၂၂-၆-၂၀၂၁ မှ ၂၆-၆-၂၀၂၁ ထိ	၁
၂၁	Graphic သင်တန်း	၁၇-၅-၂၀၂၁ မှ ၂၁-၅-၂၀၂၁ ထိ	၁
၂၂	Camera သင်တန်း	၂၄-၅-၂၀၂၁ မှ ၃၁-၅-၂၀၂၁ ထိ	၁
၂၃	Sub-Regional Online Workshop on Engaining Audience for Telling Stores	၂၁-၆-၂၀၂၁ မှ ၂၅-၆-၂၀၂၁ ထိ	၁
၂၄	Let's talk about How to Combat health Misinformation with AFP's Rechel Blundy	၂၂-၇-၂၀၂၁	၁
၂၅	GV Startus Training	၈-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ထိ	၁
၂၆	Strengthening the resilience of memory institution in Africa in the face of COVID-19 and beyond	၇-၉-၂၀၂၁	၁
၂၇	AIBD Regional Online Workshop on Health Communi-cation for Media Gatekeeper	၂၀-၉-၂၀၂၁ မှ ၂၄-၉-၂၀၂၁ ထိ	၁
၂၈	အသံထွက်မှန်ကန်မှုသင်တန်း	၂၃-၈-၂၀၂၁ မှ ၄-၉-၂၀၂၁ ထိ	၁
၂၉	အသံထွက်မှန်ကန်မှုသင်တန်း	၁၃-၉-၂၀၂၁ မှ ၂၇-၉-၂၀၂၁ ထိ	၁
၃၀	Introduction to Post-Production workflow,Premier, Pro,Multi-Cam and Exparting(ABU)	၆-၉-၂၀၂၁	၁
၃၁	အသံထွက်မှန်ကန်မှုသင်တန်း	၄-၁၀-၂၀၂၁ မှ ၁၅-၁၀-၂၀၂၁ထိ	၁
၃၂	68th ABU Sports Group Confernence and Associated Meetings(ABU) GA's Associated Meetings)	၉-၁၁-၂၀၂၁	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၃၃	58th ABU General Assembly and Associated	၉-၁၁-၂၀၂၁ မှ ၂၆-၁၁-၂၀၂၁ ထိ	၁
၃၄	AIBD/UNESCO IFDC Regional Hybrid Workshop on Safety for Journalists; Risks Threats & Opportunities	၇-၁၂-၂၀၂၁ မှ ၁၀-၁၂-၂၀၂၁ ထိ	၁
၃၅	Drone ကင်မရာသင်တန်း	၆-၁၂-၂၀၂၁ မှ ၁၉-၁၂-၂၀၂၁ ထိ	၁
၃၆	Drone ကင်မရာသင်တန်း	၁၇-၁၂-၂၀၂၁ မှ ၁၉-၁၂-၂၀၂၁ ထိ	၁
၃၇	How to cover the intergoverment Panel on Climate Change Working GroupII Report (ABU)	၁၈-၂-၂၀၂၂	၁
၃၈	AIBD နှင့် RT တို့ပူးပေါင်းကျင်းပသည့် Online Workshop on News Packges(AIBD)	၂၃-၂-၂၀၂၂ မှ ၂၅-၂-၂၀၂၂ ထိ	၁
၃၉	Presentation Day of the ASEAN Young Cyber Influencer Workshop 24 Feb 2022 Vis Facebook live	၉-၂-၂၀၂၂ မှ ၂၄-၂-၂၀၂၂ ထိ	၁
၄၀	ကုလသမဂ္ဂ၏ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံအပေါ် ABU အဖွဲ့ဝင်များအကြား ဆွေးနွေးမှု	၁၈-၂-၂၀၂၂	၁
၄၁	17th Asia Media Summit သို့တက်ရောက်ခြင်း	၂၃-၅-၂၀၂၂ မှ ၂၆-၅-၂၀၂၂ ထိ	၁
၄၂	12th ABU Pacific Media Partnership Conference သို့ တက်ရောက်ခြင်း	၂၃-၆-၂၀၂၂	၁
၄၃	Media Information Literacy Training	၁၃-၆-၂၀၂၂ မှ ၁၆-၆-၂၀၂၂ ထိ	၁
၄၄	Intellectual Property မူပိုင်ခွင့်သင်တန်း	၂၇-၆-၂၀၂၂ မှ ၂၉-၆-၂၀၂၂ ထိ	၁
၄၅	Documentary Program ရိုက်ကူးခြင်းသင်တန်း	၅-၇-၂၀၂၂ မှ ၁၃-၇-၂၀၂၂ ထိ	၁
၄၆	Radio/TV Sports Reporting and Commentary	၂၀-၆-၂၀၂၂ မှ ၄-၇-၂၀၂၂ ထိ	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၄၇	သတင်းဖတ်ကြားသူများအတွက် အသံထွက်မှန်ကန်ရေး သင်တန်း	၂၀-၆-၂၀၂၂ မှ ၃၀-၆-၂၀၂၂ ထိ	၁
၄၈	Intellectual Property မူပိုင်ခွင့်သင်တန်း	၄-၇-၂၀၂၂	၁
၄၉	Harmonic Prostetrm Mux နှင့်cp-9000 ENC Training	၆-၇-၂၀၂၂ မှ ၇-၇-၂၀၂၂ ထိ	၁
၅၀	Sound Design and Audio Mixing	၁၃-၇-၂၀၂၂ မှ ၂၇-၇-၂၀၂၂ ထိ၊	၁
၅၁	အသံထွက်မှန်ကန်မှုသင်တန်း	၄-၇-၂၀၂၂ မှ ၁၃-၇-၂၀၂၂ ထိ	၁
၅၂	ABU –Rai Days 2022	၄-၇-၂၀၂၂ မှ ၅-၇-၂၀၂၂ ထိ	၁
၅၃	ဌာနတွင်းလုပ်ငန်းစွမ်းရည်မြှင့်သင်တန်း	၁၅-၈-၂၀၂၂ မှ ၂၆-၈-၂၀၂၂ ထိ	၁
၅၄	တင်ဆက်သူနှင့် အခမ်းအနားမှူးသင်တန်း	၁၃-၈-၂၀၂၂ မှ ၂၁-၈-၂၀၂၂ ထိ	၁
၅၅	သတင်းဖတ်ကြားသူများ အသံထွက်မှန်ကန်စေရေးသင်တန်း	၆-၈-၂၀၂၂ မှ ၇-၈-၂၀၂၂ ထိ	၁
၅၆	Graphic သင်တန်း	၂၂-၈-၂၀၂၂ မှ ၄-၉-၂၀၂၂ ထိ	၁
၅၇	Graphic သင်တန်း	၂၆-၈-၂၀၂၂ မှ ၇-၉-၂၀၂၂ ထိ	၁
၅၈	မြန်မာစာ/မြန်မာစကား/ပါဠိစာလုံးများ အသံထွက်မှန်ကန်မှုနှင့် စကားလုံး အထားအသို၊ အရေးအသား မှန်ကန်မှုရှိစေရန်	၁၅-၉-၂၀၂၂ မှ ၁၉-၉-၂၀၂၂ ထိ	၁
၅၉	ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် သိပိုင်ခွင့် အပြည်ပြည်ဆိုင်ရာနေ့ ဂုဏ်ပြုသည့် Online event သင်တန်း	၂၈-၉-၂၀၂၂	၁
၆၀	Pratical Investigative Journalism Online Training သင်တန်း	၁၀-၁၁-၂၀၂၂ မှ ၃၀-၆-၂၀၂၃ ထိ	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၆၁	မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် စွမ်းရည်မြှင့်သင်တန်း	၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ထိ	၁
၆၂	သတင်းကြေညာသူသင်တန်း	၁၅-၅-၂၀၂၃ မှ ၂၆-၅-၂၀၂၃ ထိ	၁
၆၃	တင်ဆက်သူနှင့်အခမ်းအနားမှူးသင်တန်း	၂၉-၅-၂၀၂၃ မှ ၂-၆-၂၀၂၃ ထိ	၁
၆၄	သတင်းဖတ်ကြားရာတွင် အသံထွက်မှန်ကန်မှုသင်တန်း	၅-၆-၂၀၂၃ မှ ၁၆-၆-၂၀၂၃ ထိ	၁
၆၅	Personal Grooming Course	၁၈-၇-၂၀၂၃ မှ ၂၆-၇-၂၀၂၃ ထိ	၁
၆၆	အင်္ဂလိပ်စာလုံးအသံထွက်(Phonetics) သင်တန်း	၁၇-၈-၂၀၂၃ မှ ၁၉-၈-၂၀၂၃ ထိ	၁
၆၇	Basic Knowledge of TV & Radio Maintenance and Measuring equipments	၇-၈-၂၀၂၃ မှ ၁၂-၈-၂၀၂၃ ထိ	၁
၆၈	ကင်မရာ မွမ်းမံသင်တန်း	၁-၇-၂၀၂၃ မှ ၁-၁၀-၂၀၂၃ ထိ	၁
၆၉	ကင်မရာ မွမ်းမံသင်တန်း	၁-၇-၂၀၂၃ မှ ၁-၁၀-၂၀၂၃ ထိ	၁
၇၀	ABU Sports Broadcast and Journalism Fundamentals (ABU)	၁၄-၉-၂၀၂၃	၁
၇၁	ABU Sports Broadcast and Journalism Fundamentals (ABU)	၁၉-၉-၂၀၂၃	၁
၇၂	AIBD/MOI/MRTV Incountry Workshop On Media Literacy to address disinformation	၂၇-၉-၂၀၂၃ မှ ၂၈-၉-၂၀၂၃ ထိ	၁
၇၃	Webinar on Understanding Information in the Era of AI Evolution	၁၂-၁၀-၂၀၂၃	၁
၇၄	Webinar on Climate Change for Children Content Creators	၂၆-၁၀-၂၀၂၃	၁

စဉ်	သင်တန်းအမျိုးအစား	သင်တန်းကာလ	ကြိမ်ရေ
၇၅	MOI–MRTV & AIBD Workshop on Streming Technology and Content Strategy	၁-၁၁-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ	၁
၇၆	AIBD အနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြုလုပ်မည့် သင်တန်းများနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည့် Online အစည်းအဝေး	၂၁-၁၁-၂၀၂၃	၁
၇၇	အွန်လိုင်း ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်းပြီး သဘောပေါက်နားလည်မှုဆိုင်ရာ Online Webinar	၂၂-၁၁-၂၀၂၃	၁
၇၈	Basic Course For Broadcast Engineering	၄-၁၂-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ ထိ	၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၈-၂၀၃၀)စီမံကိန်းနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ရသုံးမှန်းခြေငွေစာရင်းအရ အကောင်အထည်ဖော်နိုင်မှုမှာ သာမန်ရငွေ ၆၄၂ ဒသမ ၃၉၅ သန်း၊ ငွေလုံးငွေရင်းရငွေ ၃ ဒသမ ၀၂၀ သန်း၊ သာမန်အသုံးစရိတ် ၃၁၆၅၉ ဒသမ ၇၇၁ သန်း၊ ငွေလုံးအသုံးစရိတ် ၄၃၀၄ ဒသမ ၄၄၇ သန်း တို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)၊ လဟယ်မြို့နယ်ရုံးနှင့် ဆွမ္မရာမြို့ရုံး အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို စုစုပေါင်း ငွေကျပ် ၆၃၅ ဒသမ ၈၁၀ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(ခ) အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၁၈ ခု ဆောင်ရွက်ရန်အတွက် စုစုပေါင်း ငွေကျပ် ၁၅၉ ဒသမ ၂၁၆ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဂ) အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း ၁၅ မျိုးအတွက် စုစုပေါင်း ငွေကျပ် ၁၀၀ ဒသမ ၉၅၅ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့် နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဃ) ရုံးသုံးပရိဘောဂပစ္စည်း ၆ မျိုး၊ အရေအတွက် ၁၇၃ လုံးအတွက် စုစုပေါင်း ငွေကျပ် ၃၄ ဒသမ ၈၇၀ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့်နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း



လဟယ်မြို့နယ်ရုံး အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအား တွေ့မြင်ရစဉ်။



ဆွမ္မရာမြို့ရုံး အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအား တွေ့မြင်ရစဉ်။

၁၅ ခု ဆောင်ရွက်ရန်အတွက် စုစုပေါင်း ငွေကျပ် ၁၈၂ ဒသမ ၀၇၆ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ခ) ညောင်ဦးခရိုင်ရုံး မြေနေရာအတွက် မြေလျော်ကြေးအဖြစ် ငွေကျပ် ၁၆ ဒသမ ၇၅၀ သန်းကို သက်ဆိုင်ရာ တောင်သူထံသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရုံး ပြင်ဆင်ရန် စစ်ဆေးစရိတ်အဖြစ် ငွေကျပ် ၁၂ ဒသမ ၈၀၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

(ဂ) အခြားရုံးသုံးပစ္စည်းနှင့်ရုံးသုံးစက်ကိရိယာ ပစ္စည်း ၂၈ မျိုးအတွက် စုစုပေါင်းငွေကျပ် ၁၇၅ ဒသမ ၃၅၆ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့်နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

(ဃ) ရုံးချုပ်နှင့်နယ်ရုံးများရှိ စာကြည့်တိုက်များတွင် Digital Library စနစ် အကောင်ထည်ဖော် ဆောင်ရွက်ရန်အတွက် Digital Library Software ရေးဆွဲခြင်းလုပ်ငန်းကို ငွေကျပ် ၁၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(င) ရုံးချုပ်နှင့်နယ်ရုံးများရှိ စာကြည့်တိုက်များ Digital Library စနစ် အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် လုံခြုံမှုရှိစေရန်အတွက် Cloud Based Online Library System လုံခြုံရေးအတွက် Secure Sockets Layer (SSL) Service ထည့်သွင်းရန်အတွက် ငွေကျပ် ၂ ဒသမ ၀၄၇ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(စ) ရုံးသုံးပရိဘောဂပစ္စည်း ၈ မျိုး၊ အရေအတွက် ၂၀၇ လုံးအတွက် စုစုပေါင်းငွေကျပ် ၄၉ ဒသမ ၄၈၆ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့်နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အောက်ပါ လုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ပန်းတနော်မြို့နယ် လူထုအခြေပြု ဗဟိုဌာန (Community Centre) အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေကျပ် ၅၈၂ ဒသမ



ရခိုင်ပြည်နယ်ရုံး အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအား တွေ့မြင်ရစဉ်။

၆၀၀ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(ခ) အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၂၇ ခု ဆောင်ရွက်ရန်အတွက် စုစုပေါင်းငွေကျပ် ၇၈၃ ဒသမ ၃၈၆ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဂ) ဗဟန်းမြို့နယ် ဌာနပိုင်မြေနေရာအတွက် မြေလျော်ကြေးအဖြစ် ငွေကျပ် ၅၆ ဒသမ ၄၅၃ သန်းကို သက်ဆိုင်သူထံသို့လျော်ကြေး/နစ်နာကြေး ပေးလျော်ပြီးဖြစ်ပါသည်။

(ဃ) အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း ၁၉ မျိုးအတွက် စုစုပေါင်းငွေကျပ် ၄၄၀ ဒသမ ၃၄၄ သန်းဖြင့်ဝယ်ယူ၍ ရုံးချုပ်နှင့် နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

(င) ရုံးသုံးပရိဘောဂပစ္စည်း ၁၂ မျိုး၊ အရေအတွက် ၅၇၉ လုံးအတွက် စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၀၉ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့် နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီး ဖြစ်ပါသည်။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အောက်ပါ လုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မော်တော်ယာဉ်ဂိုဒေါင်၊ ရခိုင်ပြည်နယ်ရုံးနှင့် ရသေ့တောင်မြို့နယ်ရုံး (၂၅%) တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေကျပ် ၂၇၅ ဒသမ ၄၄၇ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(ခ) အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၃၆ ခု ဆောင်ရွက်ရန်အတွက် စုစုပေါင်းငွေကျပ် ၄၄၇ ဒသမ ၂၇၂ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဂ) အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း ၃၃ မျိုးအတွက် စုစုပေါင်းငွေကျပ် ၆၃၄ ဒသမ ၄၈၇ သန်းဖြင့်ဝယ်ယူ၍ ရုံးချုပ်နှင့်နယ်ရုံးများသို့ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

(ဃ) ရုံးသုံးပရိဘောဂပစ္စည်း ၁၃ မျိုး၊ အရေအတွက် ၂၉၅ လုံးအတွက် စုစုပေါင်းငွေကျပ် ၈၂ ဒသမ ၁၈၉ သန်းဖြင့် ဝယ်ယူ၍ ရုံးချုပ်နှင့်နယ်ရုံးများသို့ ဖြန့်ခွဲဆောင်ရွက်ပြီးဖြစ်ပါသည်။

ထို့အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၈-၂၀၃၀) စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်(၄)၏ မဟာဗျူဟာ ရည်မှန်းချက် ဖြစ်သော "၂၁ ရာစု လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး"အရ အသိပညာပေးသင်တန်းများဖြစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း

သင်တန်း၊ Digital Library Management System (DLMS) အသုံးပြုနည်းသင်တန်း၊ အခြေခံစာကြည့်တိုက်ပညာ သင်တန်း၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (MIL)သင်တန်း၊ သတင်းထောက်များအတွက် ပြည်သူ့ဆက်ဆံရေးသင်တန်း၊ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း၊ မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းစသည့် သင်တန်း (၄၉)ကြိမ်ကို ဤဦးစီးဌာနရှိ ဝန်ထမ်း ၁၅၈၀ ဦးအား အောက်ပါအတိုင်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်-

စဉ်	သင်တန်းအမည်	၂၀၂၁ ခုနှစ်		၂၀၂၂ ခုနှစ်		၂၀၂၃ ခုနှစ်		ပေါင်း	
		ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ
၁	Video Editing Online သင်တန်း	၂	၁၀၀	-	-	-	-	၂	၁၀၀
၂	Public Relations and Public Speaking သင်တန်း	၁	၈၀	-	-	-	-	၁	၈၀
၃	ကွန်ပျူတာသင်တန်း	၁	၁၄	-	-	၂	၃၃	၃	၄၇
၄	အင်္ဂလိပ်စာသင်တန်း	၁	၁၈	-	-	၁	၁၈	၂	၃၆
၅	မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု (MIL)သင်တန်း	၈	၄၅၀	-	-	-	-	၈	၄၅၀
၆	သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု သင်တန်း	၁	၁၂	-	-	-	-	၁	၁၂
၇	ငွေစာရင်းကျွမ်းကျင်မှုသင်တန်း	၁	၃၁	-	-	-	-	၁	၃၁
၈	မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း	၁	၁၁	-	-	-	-	၁	၁၁
၉	သတင်းထောက်များအတွက် ပြည်သူ့ဆက်ဆံရေးသင်တန်း	၂	၁၀၀	-	-	-	-	၂	၁၀၀
၁၀	ငွေစာရင်းထိန်းသိမ်းနည်း သင်တန်း	-	-	၂	၈၈	-	-	၂	၈၈
၁၁	ဓာတ်ပုံပညာမွမ်းမံသင်တန်း	-	-	၃	၉၀	-	-	၃	၉၀
၁၂	အရာရှိစွမ်းရည်မြှင့်သင်တန်း	-	-	၃	၇၅	-	-	၃	၇၅
၁၃	Digital Library Management System အသုံးပြုနည်းသင်တန်း	-	-	၃	၈၉	၁	၂၀	၄	၁၀၉
၁၄	ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း သင်တန်း	-	-	၂	၄၁	၁	၁၅	၃	၅၆

စဉ်	သင်တန်းအမည်	၂၀၂၁ ခုနှစ်		၂၀၂၂ ခုနှစ်		၂၀၂၃ ခုနှစ်		ပေါင်း	
		ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ	ကြိမ်ရေ	ဦးရေ
၁၅	အခြေခံစာကြည့်တိုက်ပညာသင်တန်း	-	-	၃	၈၂	၅	၈၀	၈	၁၆၂
၁၆	ဝန်ထမ်းသစ်များနှင့် နေ့စားဝန်ထမ်းများအား လေ့ကျင့်ရေးသင်တန်း	-	-	-	-	၁	၃၄	၁	၃၄
၁၇	လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း	-	-	-	-	၂	၅၈	၂	၅၈
၁၈	လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း	-	-	-	-	၁	၃၁	၁	၃၁
၁၉	ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း	-	-	-	-	၁	၁၀	၁	၁၀
	စုစုပေါင်း	**၁၈**	**၈၁၆**	**၁၆**	**၄၆၅**	**၁၅**	**၂၂၉**	**၄၉**	**၁၅၈၀**



လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ဖွင့်လှစ်ပို့ချနေစဉ်။



ဓာတ်ပုံရိုက်ကူးတည်းဖြတ်ခြင်းသင်တန်း ရုံးချုပ်သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချနေစဉ်။



ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)၌ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်ပို့ချစဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ပို့ချစဉ်။



ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)၌ Digital Library Management System အသုံးပြုနည်းသင်တန်း ဖွင့်လှစ်ပို့ချစဉ်။



ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)၌ မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း ဖွင့်လှစ်ပို့ချစဉ်။



ရုံးချုပ်သင်တန်းကျောင်း၌ လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ပို့ချစဉ်။



ပြန်/ဆက်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုသင်တန်းကို ဖွင့်လှစ်ပို့ချစဉ်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၈-၂၀၂၃) စီမံကိန်း အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများမှာ အောင်ဆန်းဒေသတွင် (၆) ခန်းတွဲ၊ (၄) ထပ်၊ ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။ နေပြည်တော် ပုံနှိပ်စက်ရုံတွင် သီးခြားဂိုဒေါင်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် နှစ်အလိုက် ဆောင်ရွက်သည့် အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း၊ ပရိဘောဂများကိုလည်း ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါနည်းလမ်းများအတိုင်း လုပ်ထုံးလုပ်နည်း နှင့်အညီ ဝယ်ယူထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးမှ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ

ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများသို့ တက်ရောက်ရန် စေလွှတ်ပေးနိုင်ခဲ့ပါသည်။ အစိုးရဝန်ကြီးဌာနအသီးသီးမှ အပ်နှံလာသည့် ပုံနှိပ်လုပ်ငန်းများအား ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနလက်အောက်ရှိ ပုံနှိပ်စက်ရုံ ခုနစ်ရုံက အရည်အသွေးပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ၂၀၁၈-၂၀၃၀ စီမံကိန်းနှင့်ချိတ်ဆက်ရေးဆွဲထားသော အမျိုးသားစီမံကိန်းလုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများမှာ မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေ့စဉ်သတင်းစောင့်ကြည့်ခံရသည့် မိဒီယာ/အဖွဲ့အစည်းများ၏ သတင်းအမှားများအပေါ် သတင်းမှန်ဖြင့် တုံ့ပြန်ခြင်းနှင့် အဆိုပါသတင်းတု/သတင်းမှားများအပေါ် သုံးသပ်တင်ပြသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဗဟုသုတရစေနိုင်သည့် Short Video များကို "ပြည်သူမှပြည်သူသို့" မျှဝေသည့် ပုံစံဖြင့် ဖြန့်ဝေလျက်ရှိပါသည်။

အလားတူ Online Service ပေးနိုင်ရန် ၁-၄-၂၀၂၃ မှ ၃၁-၁၂-၂၀၂၃ အထိ ပြည်တွင်းသတင်းများ၊ ဝန်ကြီးဌာနသတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သဘာဝဘေးအန္တရာယ်သတင်းများကို ပြည်သူများသိရှိနိုင်စေရန် အတွက် MDD Facebook page တွင် ထုတ်လွှင့်လျက်ရှိရာ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ အသိပညာပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product)အတွက်ဆောင်ရွက်မှုနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုသတင်း ၃၂၇ ပုဒ်၊



ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ မြန်မာသတင်းဓိဒီယာကောင်စီရုံး၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားစဉ်။

မြန်မာစာ၊ မြန်မာစကား၊ ဗုဒ္ဓအဆုံးအမများ၊ ဗဟုသုတရဖွယ် အသိပညာပေးမှုသတင်း ၄၅ ပုဒ်ကို New Media Platform များအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းကို တည်ဆောက်နိုင်ရန် GMS တွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးရာသတင်းများကို လွှင့်တင်လျက်ရှိပြီး GMS နှင့် Website ရေးဆွဲကာ မြန်မာနိုင်ငံဆိုင်ရာ သတင်းမှန်များလွှင့်တင်ရန် ဆွေးနွေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု (Media Information Literacy–MIL) လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင် ၂၃ ဦးပါ ကော်မတီကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ထပ်မံဖြည့်စွက်၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day)အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၄-၅-၂၀၂၃ ရက်နေ့တွင်အကြိမ် (၃၀) မြောက် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်ပူးပေါင်း၍ ရန်ကုန်မြို့တွင် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝန်ထမ်းများ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မီဒီယာနှင့် မီဒီယာဆိုင်ရာဥပဒေများအကြောင်း သိကောင်းစရာသင်တန်းကို တစ်ပတ်လျှင်နှစ်ကြိမ် သင်ကြားပေးလျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများပါဝင်သော Media Information Literacy(MIL) သင်တန်းကို ၁-၇-၂၀၂၃ ရက်နေ့မှ ၂၂-၇-၂၀၂၃ ရက်နေ့အထိ In–house စနစ်၊ Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား သတင်းမီဒီယာကျင့်ဝတ်ကိုအခြေခံ၍ အပြန်အလှန် လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်ရေးနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်၊ မြန်မာနိုင်ငံသတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့် ပိုမိုရရှိရေးနှင့် မဏ္ဍိုင် (၄)ရပ်တို့ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံဉာဏ်ကောင်းများကို ဖော်ဆောင်နိုင်စေရန်၊ သတင်းအချက်အလက် ရယူခွင့်နှင့်ပတ်သက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။

သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် သတင်းမီဒီယာသမားများ သတင်းအချက်အလက်ရယူခွင့် (Access to Information) ပိုမိုအားကောင်းစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပပြီးစီးခဲ့သည့် မဏ္ဍိုင် (၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမှုများအရ အောက်

ဖော်ပြပါ ရလဒ် (၁၆)ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါသည်-

(က) မဏ္ဍိုင် (၃)ရပ်နှင့် သတင်းမီဒီယာများ အကြား သတင်းရယူခြင်းဆိုင်ရာ ကိစ္စ ရပ်များတွင် အဆင်မပြေမှုများရှိပါက တရား စွဲဆိုခြင်း၊ အရေးယူခြင်းမပြုမီ သတင်း မီဒီယာဥပဒေပါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီထံ တိုင်ကြား နိုင်ရေး တတ်နိုင်သမျှဆောင်ရွက်ပေး ရန်နှင့် မီဒီယာအဖွဲ့အစည်းများမှ အကြံပြုချက်များပေးပို့လာမှုအပေါ် လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက် နိုင်ရေး တင်ပြဆောင်ရွက်ခြင်း၊

(ခ) မီဒီယာများအားလုံး အများပြည်သူ အကျိုးအတွက် သိသင့်သည့် သတင်း များနှင့် ပတ်သက်၍ သတင်းမီဒီယာ ကျင့်ဝတ်နှင့်အညီ ရေးသားပြီး ပြည်သူ များအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိ စေရန် လက်ရှိဖြစ်ပေါ်နေသည့် အခြေ အနေများနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ၊ လူထုအသိပညာပေး သတင်းအချက်အလက်များကို မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Face-book Page တွင် လွှင့်တင်ခြင်းနှင့် People to People အပြင် မြန်မာ နိုင်ငံ၏ သတင်းအချက်အလက်များကို နိုင်ငံတကာမှသိရှိစေရန် ရည်ရွယ်၍ AI အခြေခံစနစ်ဒစ်ဂျစ်တယ်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်း AI BASE DIGITAL INTERNATIONAL COOPERATION SERVICE PLAFORB FOR SMEs) GMS Website တွင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ဆိုင်ရာ သတင်းအချက်အလက်များ ကို လွှင့်တင်ခြင်း၊

(ဂ) သတင်းများ ရေးသားဖော်ပြရာတွင် သတင်း၏အချက်အလက်၊ အကြောင်း အရာများအပြင် သတင်းနှင့်ဆက်စပ် သည့်အသိပညာပေးမှုနှင့်နောက်ဆက်တွဲ ရလဒ်များကို သိရှိစေရန် မြန်မာစာ၊ မြန်မာစကား Short Video များ၊ လူထု အသိပညာပေး သတင်းအချက်အလက် များ၊ အမေရိကန်အစိုးရ၏ လူကုန်ကူး မှု တားဆီးကာကွယ်ရေး အစီရင်ခံစာ ၁၃ ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်သည့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး Video Clip များကို Social Media တွင် လွှင့်တင်ခြင်းနှင့် နိုင်ငံအတွင်း သတင်းတု၊ သတင်းမှား များကြောင့် ဖြစ်ပေါ်လာသည့် အကြမ်း ဖက်မှုအန္တရာယ်ကို ကာကွယ်ရန် En-glish၊ Japanese၊ Spanish ၊ Arabic ၊ Indonesian ၊ Malaysian ၊ Chinese ၊ French ၊ Korean ၊ Russian ၊ Thai ၊ Vietnamese ၊ Portugal ၊ Germanနှင့် Italian စသည့် ဘာသာ စကားများ ဖြင့် Video File များ လွှင့်တင်ပြီး သတင်းမှန် တုံ့ပြန်ဆောင်ရွက်ခြင်း၊

(ဃ) သတင်းစာရှင်းလင်းပွဲများ ပြန်လည်ပြုလုပ်ပေးနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများ၊ ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း၊

(င) မီဒီယာများ၏ ဆက်သွယ်မေးမြန်းမှုများကို အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက အတတ်နိုင်ဆုံး ဖြေကြားရန်အတွက် Viber တွင် သက်ဆိုင်ရာ မီဒီယာအဖွဲ့အစည်းများနှင့် Group ဖွဲ့ပြီး Information Team အမည်ဖြင့် သတင်းအချက်အလက်များ ပြန်လည်ဖြေကြားပေးခြင်း၊

(စ) မီဒီယာစင်တာတစ်ခု ထူထောင်နိုင်ရေးနှင့် အရည်အသွေးရော အရည်အချင်းပါ ပြည့်စုံသည့် သတင်းမီဒီယာများ ပိုမိုပေါ်ပေါက်လာစေရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Media and Information Literacy (မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု) သင်တန်း၊ Foundation Course For Public Opinion Mining Analysis (AI) နည်းပညာသင်တန်းနှင့် သတင်းနှင့် သတင်းဆောင်းပါးရေးသားနည်း အခြေခံသင်တန်းတို့ကို ဌာနတွင်းဖွင့်လှစ်သင်ကြားပေးခြင်း၊

(ဆ) ကျင့်ဝတ်နှင့်အညီ ရေးသားနေသည့် ပြည်တွင်းမီဒီယာများ အသုံးပြုနိုင်ရေးအတွက် Media Platform တစ်ခု ဖော်ဆောင်ရေးအတွက် သုံးသပ်ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့အစည်းများ၏ ပြန်လည်ဖြေကြားချက်များကို Information Team အပါ အဝင် ဖြေကြားမှုများ၌ မီဒီယာများ လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် Word File ဖြင့်ပါ ပေးပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တရားမဝင်စလောင်းများကို ထိန်းချုပ်နိုင်ရေးနှင့်ပတ်သက်၍ လက်ရှိလုပ်ဆောင်နေမှုများ အပါအဝင် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ည) ကိုယ်ပိုင်တရားဝင် Applications ရေးဆွဲ အသုံးပြုမှုကို တည်ဆဲဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုက်နာရမည့် လုပ်ထုံး လုပ်နည်းများ၊ စည်းကမ်းများကို သက်ဆိုင်ရာဌာနက သတ်မှတ်ပေးရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဋ) အစိုးရအဖွဲ့အစည်းများ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ (Spoke Persons) နှင့် ဆက်သွယ်ရန်ပုဂ္ဂိုလ်များ (Con-

tact Persons)အပြောင်းအလဲရှိသည့် အခါတိုင်း မီဒီယာများသိရှိစေရေး အတွက် Information Team အပါ အဝင် မီဒီယာများသို့ လိုအပ်သလို အသိပေးဆောင်ရွက်ခြင်း၊

(၄) Online တွင် တရားမဝင်ထုတ်လွှင့် ပြသ နေမှုများကို ဥပဒေကြောင်းအရ လိုသလို အရေးယူဆောင်ရွက်နိုင်ရေး အတွက် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ခြင်း လုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု အဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာ စာအမှတ် (၃၁/၂၀၂၄)ဖြင့်လည်းကောင်း၊ အမိန့်ကို လိုက်နာမှုမရှိပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ (၅) အရလည်းကောင်း အရေးယူ ဆောင်ရွက်ခြင်း၊

(၅) ပြည်တွင်းမီဒီယာများ ရှင်သန်နိုင်ရေး အတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှု များ စီစဉ်ဆောင်ရွက်ပေးရန်အတွက် အလုပ် ရုံဆွေးနွေးပွဲများကို ကျင်းပ ဆောင်ရွက်ခြင်း၊

(၆) ထုတ်ဝေခွင့်အသိအမှတ်ပြုလက်မှတ် များ လျှောက်ထားရာတွင် အယ်ဒီတာချုပ် တာဝန်ယူမည့်သူသည် အယ်ဒီတာချုပ် တစ်ဦး ရှိသင့်ရှိထိုက်သည့် အရည် အချင်းရှိစေရေး၊ ဆောင်ရွက်မည့်အဖွဲ့ အစည်းသည်လုပ်ငန်းကို ဆောင်ရွက် နိုင်မည့် အခင်းအကျင်းနှင့် အစီအမံ တို့ရှိစေရေးအတွက် လိုအပ်သည့်စိစစ် မှုများဆောင်ရွက်ပေးခြင်း၊

(ဏ) ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းထားသည့် သတင်းမီဒီယာဥပဒေကို ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်နိုင်ရေး ဆောင် ရွက်ခြင်း၊

(တ) သတင်းတု၊ သတင်းမှားများနှင့် လုပ်ကြံ သတင်းများကို Facebook အပါအဝင် လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြနေ မှုများအား ထိရောက်စွာ ကာကွယ် တားဆီးနိုင်မည့် အစီအမံအား သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

ထို့ပြင် ဝန်ထမ်းများ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Foundation Course For Public Opinion Mining Analysis (AI) နည်းပညာသင်တန်းကို ဖ-၁၀-၂၀၂၃ ရက်နေ့မှ ၂၁-၃-၂၀၂၄ ရက်နေ့အထိ သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံ ပြည်နယ် ကွမ်ကျိုးမြို့နှင့် ယူနန်ပြည်နယ် ကူမင်း မြို့တို့တွင် ၁-၁၂-၂၀၂၃ ရက်နေ့မှ ၈-၁၂-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် 5th World Media Summit သို့ မြန်မာနိုင်ငံကိုယ်စားပြု၍ BRI စီမံကိန်းတွင် မီဒီယာကဏ္ဍ ပူးပေါင်းဆောင် ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်အတွင်း ဘူဂေးရီးယားနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ မြန်မာနိုင်ငံနှင့် မီဒီယာကဏ္ဍ ပူးပေါင်းလိုကြောင်း MOU မူကြမ်းကမ်းလှမ်းခြင်းကို ရရှိခဲ့ပါသည်။ ဘူဂေးရီးယားနိုင်ငံ၊ ဆိုဖီယာအခြေစိုက် BTA မှ

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေး စာချုပ်(မူကြမ်း)အား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အီတလီနိုင်ငံ Agenzia Nova News Agency (Agenzia Nova)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန Myanmar News Agency (MNA)တို့အကြား သတင်းအချက်အလက်ဖလှယ်ခြင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် Greater Mekong Subregion(GMS) Website တွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့်ခရီးသွားမြှင့်တင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ၂၂-၁၂-၂၀၂၃ ရက်နေ့မှစတင်၍ လွှင့်တင်ဆောင်ရွက်ခဲ့ရာ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ စုစုပေါင်း သတင်း ၂၁ ပုဒ် လွှင့်တင်နိုင်ခဲ့ပါသည်။

မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား အကောင်အထည် ဖော်နိုင်ရန်အတွက် နိုင်ငံတော်အပေါ် အပြုသဘောဆောင်သည့် မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းနှင့် အာဆီယံအဖွဲ့မှရေးဆွဲသည့် Guideline များ၊ မူဝါဒများ၊ စည်းမျဉ်း၊ စည်းကမ်းများအတွက် အကြံပြုချက်များ၊ သုံးသပ်ချက်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပေးပို့တင်ပြဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ စီမံကိန်းများတွင် စီမံကိန်းအဆိုပြုလွှာများ ရေးသားပေးပို့လျှောက်ထားခဲ့ရာ တစ်နှစ်အတွင်း အဆိုပြုလွှာ Project Proposal ခုနစ်ခုအထိ အဆိုပြုရေးသားပေးပို့လျှောက်ထားနိုင်ခဲ့ပြီး ရရှိပါက အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်တွင်း/ပြည်ပ မီဒီယာအဖွဲ့များထံ အကြံပြုချက်များ တောင်းခံ၍ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး တင်ပြပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် Kunming Dongxum နည်းပညာကုမ္ပဏီလီမိတက်(တရုတ်)နှင့် The Myanmar iHome Group တို့က ပေးပို့လာသည့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်(မူကြမ်း)၊ All China Youth Federation မှ မြန်မာ-တရုတ် New Media ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Media Promotion Plan (မူကြမ်း)တို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့် သတင်းတု/သတင်းမှားများအပေါ် တုံ့ပြန်ခြင်း၊ ပြည်သူမှ ပြည်သူသို့ အသိပညာပေးသည့် ပုံစံဖြင့် ဗဟုသုတမျှဝေခြင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံခြား

ဘာသာ ၁၅ မျိုးဖြင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မီဒီယာလောကနှင့် နိုင်ငံတော်အတွက်အကျိုးရှိမည့် ပြင်ဆင်/ဖြည့်စွက်ချက်များကို ဖော်ထုတ်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဝန်ထမ်းများအား လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမှန်များ စီးဆင်းရေးဆောင်ရွက်ခြင်းနှင့် ပညာပေးအစီအစဉ်များပြုလုပ်၍ အသိပညာပေးရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ရုံးအဆောက်အအုံဆောက်လုပ်ခြင်း၊ လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တာဝန်ယူဆောင်ရွက်သည့်ကာလအတွင်း သတင်းစာတွင် သတင်းဖော်ပြမှုနှင့် စာမျက်နှာအသွင်အပြင် ပြောင်းလဲဆောင်ရွက်ခြင်း၊ သတင်းခေါင်းစီးများကို သတင်းစာဖတ်ပရိသတ်များ ကြိုက်နှစ်သက်မှုရှိစေရေး ဆွဲဆောင်မှုရှိအောင်ဆောင်ရွက်ခြင်း၊ ကာလာအရောင် သုံးစွဲမှုကို သတင်းနှင့်ကိုက်ညီမှုရှိအောင်သုံးစွဲခြင်း၊ ကျေးလက်ဒေသမှ ပြည်သူများ ဖတ်ရှုမှုများသဖြင့် ကျေးလက်ဒေသ၏ အထင်ကရနေရာများ၊ လူမှုရေး၊ စီးပွားရေးအခြေအနေများကို စဉ်ဆက်မပြတ်ဖော်ပြခြင်း၊ လက်ရှိနိုင်ငံရေးအခြေအနေအရ စာဖတ်သူများ နိုင်ငံရေးအမြင်သုံးသပ်ဆင်ခြင်နိုင်စေရန်၊ လူငယ်များ လမ်းမှားမရောက်စေရန်၊ ပြည်သူများ အတွေးအခေါ်မှန်ကန်စေရန်၊ အသိပညာသတိဖြင့် စဉ်းစားဆုံးဖြတ်မှု မှန်ကန်စေရန် အသိပညာဗဟုသုတများစွာရရှိစေမည့် ဆောင်းပါးများကို နေ့စဉ် အနည်းဆုံးနှစ်ပုဒ်မှ ငါးပုဒ်အထိ ဖော်ပြပေးခြင်း၊ သတင်းစာဖတ်ပရိသတ်၏ အကြံပြု တောင်းဆိုမှုအရ သတင်းစာတွင် အကြောင်းအရာအသစ်များ နေ့စဉ်ဖော်ပြနိုင်ရန်အတွက် ကဏ္ဍအသစ်များကို အပတ်စဉ်ဖော်ပြဆောင်ရွက်ခဲ့ပါသည်။

အပတ်စဉ်ကဏ္ဍအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် “၃၈ ဖြာမဂ်လာတရား တော်၊ အခြေခံ မဂ်လာတရားတော်ကဏ္ဍ”၊ “မျိုးဆက်သစ်ပျိုးခင်းကဏ္ဍ”၊ ”ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍ”၊ “ရသစုံလင်ပြိုးပျော်ရွှင်ကဏ္ဍ”၊ “ဇီဝစုံလင် သဘာဝဝန်းကျင်နှင့် လူငယ်နှင့်ဘဝအောင်မြင်ရေးကဏ္ဍ”၊ “ယဉ်ကျေးလိမ္မာစာပဒေသာကဏ္ဍ”၊ “ရင်းနှီးချစ်ကြည်သွေးချင်းတို့ဌာနီကဏ္ဍ”၊ “ကုန်သွယ်စီးပွား ပြည်တွင်း/ပြည်ပ သတင်းများကဏ္ဍ”၊ “နိုင်ငံတကာအားကစားမြင်ကွင်းကဏ္ဍ”၊ “လေ့လာစရာအင်္ဂလိပ်စာကဏ္ဍ”နှင့် နိုင်ငံတကာ၌ ဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ သတင်းဆောင်းပါးများကိုလည်း စာမျက်နှာအပေါ်မူတည်၍ နေ့စဉ်ဖော်ပြပေးခြင်းအပြင် နေ့ထူးနေ့မြတ်နှင့် အထိမ်းအမှတ် ဆောင်းပါးတို့ကိုလည်း စာဖတ်

သူများ အသိပညာ၊ ဗဟုသုတများရရှိစေရန် ဖော်ပြပေးလျက်ရှိသည့်အပြင် အကြောင်းအရာ ကဏ္ဍအသစ်များ ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

အလားတူ Myanmar Digital News အနေဖြင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခဲ့မှု အခြေအနေမှာ Myanmar Digital News ၏ News Portal တွင် ပြည်တွင်း/ ပြည်ပ အကြောင်းအရာများကို ကဏ္ဍများခွဲပြီး စုံလင်စွာဖော်ပြထားသည့်အပြင် အင်္ဂလိပ် ဘာသာပြန်ဆို၍ နေ့စဉ်လွှင့်တင်ပေးလျက်ရှိပါသည်။

ပြည်သူလူထုအား သတင်းအကြောင်းအရာ ဖြစ်စဉ်အမှန်များကို Tablet / Mobile Phone များတွင် အလွယ်တကူဖတ်ရှုသိရှိနိုင်စေရန်၊ သတင်းစာပို့ဆောင်ရန်ခက်ခဲသည့် ဒေသများ၊ အချိန်မီမရောက်ရှိသည့်ဒေသများနှင့် နိုင်ငံရပ်ခြားသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အလွယ်တကူ ဖတ်ရှုသိရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ဌာနရှိဝန်ထမ်းများအား သင်တန်းများဖြင့် စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထိ ဌာနတွင်းသင်တန်းများကို အောက်ပါအတိုင်း ဖွင့်လှစ်နိုင်ခဲ့ပါသည် -

စဉ်	အကြောင်းအရာ	နေ့ရက်
၁	ဂရုပ်ဖစ်ဒီဇိုင်း ဆင့်ပွားသင်တန်း	၂၄-၅-၂၀၂၁ မှ ၄-၆-၂၀၂၁ ထိ
၂	သတင်းရေးသားနည်းသင်တန်း(၁/၂၀၂၁)	၇-၆-၂၀၂၁ မှ ၁၈-၆-၂၀၂၁ ထိ
၃	သတင်းစာ စာမျက်နှာဖွဲ့စည်းခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၂၂)	၁-၈-၂၀၂၂ မှ ၂၆-၈-၂၀၂၂ ထိ

ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှုများ

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် လုပ်ငန်းများမှ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV HD Channel တွင် ၂၀၂၁ ခုနှစ်၌ ၁၀၂ ပုဒ်၊ ၂၀၂၂ ခုနှစ်၌ ၂၆၅ ပုဒ်၊ ၂၀၂၃ ခုနှစ်၌ ၁၅၅ ပုဒ်တို့ကိုလည်းကောင်း၊ MRTV News Channel တွင် ၂၀၂၁ ခုနှစ်၌ ၉၉ ပုဒ်၊ ၂၀၂၂ ခုနှစ်၌ ၂၆၀ ပုဒ်၊ ၂၀၂၃ ခုနှစ်၌ ၁၀၅ ပုဒ်တို့ကိုလည်းကောင်း အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့ပါသည်။

ထို့ပြင် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများကို မြန်မာ့အသံရေဒီယိုမှ သတင်း ၃၃၅ ပုဒ်၊ Myanma Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)မှ သတင်း ၂၉၉ ပုဒ်၊ တိုင်းရင်းသား ၁၇ ဘာသာမှ သတင်း ၃၁ ပုဒ်နှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှုများကို မြန်မာ့အသံရေဒီယိုမှ သတင်း ၃၁ ပုဒ်၊ Myanma Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)မှ သတင်း ၂၅ ပုဒ်၊

စဉ်	သတင်းဌာန	ခုနှစ်			ပေါင်း	မှတ်ချက်
		၂၀၂၁	၂၀၂၂	၂၀၂၃		
၁	MRTV HD	၁၀၂	၂၆၅	၁၅၅	၅၂၂	
၂	MRTV News	၉၉	၂၆၀	၁၀၅	၄၆၄	
စုစုပေါင်း		၂၀၁	၅၂၅	၂၆၀	၉၈၆	

ဆူပူအကြမ်းဖက်မှုကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည် ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှု အခြေအနေ

စဉ်	သတင်းဌာန	သတင်းပုဒ်ရေ	မှတ်ချက်
၁	မြန်မာ့အသံရေဒီယို	၃၆၆	
၂	Myanmar Radio	၃၂၄	
၃	တိုင်းရင်းသား ၁၇ ဘာသာ	၃၆	
စုစုပေါင်း		၇၂၆	

ဆူပူအကြမ်းဖက်မှုကြောင့် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည် ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာ့အသံမှ ထုတ်လွှင့်မှု အခြေအနေ

တိုင်းရင်းသား ၁၇ ဘာသာမှ သတင်း ငါးပုဒ်တို့အား အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုံးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ ဝန်ထမ်းများသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဤဦးစီးဌာနမှ သေဆုံးသူ အမှုထမ်း(၁)ဦး၊ ဖမ်းဆီးခံရသူ ဝန်ထမ်း (၂)ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ (၃)ဦး ရှိခဲ့ပါသည်။ အဆိုပါဖြစ်စဉ် များကြောင့် ဝန်ထမ်းပေါင်း (၁၈၉)ဦး နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး ဝန်ထမ်းအချို့၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရပါသည်။

(ခ) အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဝန်ထမ်းပေါင်း (၁၈၉)ဦးအနက် (၈၅)ဦးအား လုံခြုံစိတ်ချရသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများတွင် တွဲဖက်တာဝန်ထမ်းဆောင်စေပြီး ကာကွယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးကိစ္စများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ဂ) ရုံးအဆောက်အအုံများ လက်နက်ကြီးကျရောက်ခြင်း၊ မီးရှို့ဖျက်ဆီးခံရခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းတို့ကြောင့် ဌာနပိုင် အဆောက်အအုံများ အောက်ပါအတိုင်း ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါသည် -

(၁) **ကချင်ပြည်နယ်။** ပြည်နယ်ရုံး၊ မိုးညင်းခရိုင်ရုံး၊ ဝိုင်းမော်မြို့နယ်ရုံး၊ ဒေါ့ဖုန်းယန်မြို့ရုံး၊

(၂) **ကယားပြည်နယ်။** ရွာသစ်မြို့ နယ်ရုံး၊

(၃) **ကရင်ပြည်နယ်။** ကြာအင်းဆိပ်ကြီးမြို့နယ်ရုံး၊

(၄) **ချင်းပြည်နယ်။** ဟားခါးခရိုင်ရုံး၊ ထန်တလန်မြို့နယ်ရုံး၊

(၅) **စစ်ကိုင်းတိုင်းဒေသကြီး။** ဆွမ်ရာမြို့ရုံး၊ မြောင်မြို့နယ်ရုံး၊

(၆) **တနင်္သာရီတိုင်းဒေသကြီး။** ကလိန်အောင်မြို့နယ်ရုံး၊

(၇) **မကွေးတိုင်းဒေသကြီး။** ရေစကြိုမြို့နယ်ရုံး၊ မြိုင်မြို့နယ်ရုံး၊ အောင်လံမြို့နယ်ရုံး၊

(က) မြန်မာ(ဝူဖရိုး) ၁၂၀၀ အုပ်
(ခ) မြန်မာ(အပ်ပေပါ) ၁၀၀ အုပ်
(ဂ) အင်္ဂလိပ်(ဝူဖရိုး) ၅၀၀ အုပ်
(ဃ) အင်္ဂလိပ်(အပ်ပေပါ) ၅၀၀ အုပ်
စုစုပေါင်း ၂၃၀၀ အုပ်

ထို့အတူ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ထိခိုက်၊ဒဏ်ရာရရှိ၊ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာသား (၂၂၈၂) ပုဒ်တို့ကို MOI Website အပါအဝင် ဤဦးစီးဌာန၏ New Media Platform များတွင် အချိန်နှင့်တစ်ပြေးညီလွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပြည်သူများ သတင်းအဆိပ်သင့်မှုများ၊ အသိအမြင ်လွဲမှားမှုများ မဖြစ်ပေါ်စေရေးအတွက် သတင်းတု၊ သတင်းမှားများကို တန်ပြန်မှုများအနေဖြင့် Website ၊ Social Media ၊ VK ၊ mTube အစ

(၈) **မန္တလေးတိုင်းဒေသကြီး။** သပိတ် ကျင်းမြို့နယ်ရုံး၊ မြင်းခြံခရိုင်ရုံး၊ ချမ်းမြသာစည်မြို့နယ်ရုံး၊

(၉) **ရန်ကုန်တိုင်းဒေသကြီး။** ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ လမ်းမတော် မြို့နယ်ရုံး၊ ဒေါပုံမြို့နယ်ရုံး၊ သာကေတမြို့နယ်ရုံး၊

(၁၀) **ရှမ်းပြည်နယ်။** နမ့်ခမ်းမြို့ရုံး၊

(၁၁) **ဧရာဝတီ တိုင်းဒေသကြီး။** ကန်ကြီးထောင့်မြို့နယ်ရုံး။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှု၊ သေကြေမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများနှင့် လက်နက်ခဲယမ်းဖမ်းစီးရမိမှုများ မှတ်တမ်းစာအုပ်ကို မှတ်တမ်းဓာတ်ပုံများနှင့်အတူ စုစည်းပြုစုကာ မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ အောက်ပါအတိုင်း ထုတ်ဝေဆောင်ရွက်နိုင်ခဲ့ပါသည် –



အကြမ်းဖက်မှု၊ သေကြေမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများနှင့် လက်နက်ခဲယမ်းဖမ်းစီးရမိမှုများ မှတ်တမ်းစာအုပ်(မြန်မာဘာသာ)စာအုပ်မျက်နှာဖုံး။



အကြမ်းဖက်မှု၊ သေကြေမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများနှင့် လက်နက်ခဲယမ်းဖမ်းစီးရမိမှုများ မှတ်တမ်းစာအုပ်(အင်္ဂလိပ်ဘာသာ)စာအုပ်မျက်နှာဖုံး။


ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုံးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေ


စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ဖြစ်ပွားသည့် နေ့ရက်	ပျက်စီးဆုံးရှုံးမှုအခြေအနေ	မှတ်ချက်
၁	ကချင်	၂၈-၃-၂၀၂၁	ကချင်ပြည်နယ်ရုံးအဆောက်အအုံကို လေးခွဖြင့် လာရောက်ပစ်ခတ်ခြင်းကြောင့် ပြတင်းပေါက်မှန်တစ်ချပ်နှင့် မီးအိမ်တစ်လုံးကွဲအက်ပျက်စီးခဲ့ပါသည်။	
၂	″	၅-၄-၂၀၂၁	မိုးညှင်းခရိုင်ရုံး၏ အလူမီနီယံမြေစိုက်နံရံကပ် ပြဘုတ်ရှိ မှန်များအား ရိုက်ခွဲဖျက်ဆီးခဲ့ပါသည်။	
၃	″	၁၆-၉-၂၀၂၂	မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ် ဦးစီးအရာရှိရုံးခန်းနှင့် ပြည်သူ့စာကြည့်တိုက်ခန်းမရှိ တံခါးမကြီးသော့ ရိုက်ဖျက်ခံရပြီး မော်တော်ဆိုင်ကယ်တစ်စီးနှင့် ကွန်ပျူတာတစ်လုံး ပျောက်ဆုံးခဲ့ပါသည်။	
၄	″	၁၅-၁၂-၂၀၂၃	အကြမ်းဖက်အုပ်စုများ၏ ပစ်ခတ်မှုကြောင့် ဗန်းမော်ခရိုင်၊ ဒေါ့ဖုန်းယန်မြို့ရုံး အဆောက်အအုံရှိ အမိုးသွပ်သုံးချပ်နှင့် စာကြည့်တိုက်ခန်း ပြတင်းပေါက် မှန်နှစ်ချပ် ကွဲအက်ပျက်စီးခဲ့ပါသည်။	
၅	ကယား	၂၀-၄-၂၀၂၂	ရွာသစ်မြို့နယ်ရုံး အဆောက်အအုံ အနောက်ဘက်ပိုင်းရှိ ရုံးတံခါးများအား ရိုက်ဖျက်ခံရပြီး ကွန်ပျူတာတစ်စုံ၊ ပရင်တာတစ်လုံး၊ ဆိုလာပြား နှစ်ချပ်၊ ဘက်ထရီလေးလုံး၊ အင်ဗာတာတစ်လုံး ပျောက်ဆုံးခဲ့ပါသည်။	
၆	ကရင်	၂-၁၁-၂၀၂၃	အကြမ်းဖက်အုပ်စုများ၏ ပစ်ခတ်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရုံးအဆောက်အအုံရှိ ခေါင်မိုးသွပ် ခြောက်ချပ်၊ ပြတင်းပေါက်မှန် သုံးချပ်၊ နံရံကပ်ပြဘုတ်မှန် တစ်ချပ်၊ ဝန်ထမ်းအိမ်ရာ ခေါင်မိုးသွပ်နှစ်ချပ် ပျက်စီးခဲ့ပါသည်။	
၇	ချင်း	၂-၅-၂၀၂၁	မသမာသူ လူတစ်စု၏ မီးကွင်းပုလင်းဖြင့် ပစ်ပေါက်မှုကြောင့် ဟားခါးခရိုင်ရုံး အောက်ထပ်ရုံးခန်း ပြတင်းပေါက်မှန် သုံးချပ် ကွဲအက်ပျက်စီးခဲ့ပါသည်။	
၈	″	၃-၁-၂၀၂၃	အကြမ်းဖက်အဖွဲ့များ၏ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ထန်တလန်မြို့နယ်ရုံး (၆၀ ပေ x ၂၀ ပေ) အကျယ်ဝန်းရှိ အုတ်ကြွပ်သွပ်မိုး တစ်ထပ်အဆောက်အအုံတစ်ခုလုံး အပါအဝင် ကြီးကြပ်ကန့်သတ်ပစ္စည်းများ၊ ပရိဘောဂနှင့် စက်ပစ္စည်းများ၊ စာအုပ်စာစောင်များ မီးလောင်ဆုံးရှုံးခဲ့ပါသည်။	
၉	စစ်ကိုင်း	၁၆-၅-၂၀၂၃	ခန္ဓီးခရိုင်၊ ဆွမ္မရာမြို့ရုံးကို အကြမ်းဖက်အဖွဲ့များကြောင့် စာကြည့်တိုက်မှန်တံခါးလေးချပ် ကွဲအက်ပျက်စီးပြီး ကင်မရာတစ်လုံး ပျောက်ဆုံးခဲ့ပါသည်။	

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ဖြစ်ပွားသည့် နေ့ရက်	ပျက်စီးဆုံးရှုံးမှုအခြေအနေ	မှတ်ချက်
၁၀	စစ်ကိုင်း	၂-၁၂-၂၀၂၃	အကြမ်းဖက်အဖွဲ့များက မြောင်မြို့နယ်ရုံး အဆောက်အအုံရှိ လျှောကား ထစ်ငါးခု၊ ပြတင်းပေါက်မှန်ခုနစ်ချပ်၊ ရုံးအဆောက်အအုံ အရှေ့ဘက် ခြမ်းတွင် ကာရံထားသည့် သံဆူးကြိုးများအား ဖျက်ဆီးခဲ့ပြီး စာရေး စားပွဲ တစ်လုံး၊ ကလေးစာဖတ်ခန်းရှိ စားပွဲအသေးငါးလုံးတို့ကို ယူဆောင်သွားပါသည်။	
၁၁	တနင်္သာရီ	၁၆-၃-၂၀၂၃	အကြမ်းဖက်အဖွဲ့က လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား လာရောက်ပစ်ခတ်မှုကြောင့် ကလိန်အောင် မြို့နယ်ရုံး ရှေ့မျက်နှာစာ အုတ်နံရံနှင့် တံခါးပေါက်တို့ သေနတ်ကျည်များ ထိမှန်ခဲ့ပါသည်။	
၁၂	မကွေး	၂၂-၁၀-၂၀၂၂	အကြမ်းဖက်အဖွဲ့က လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ရေစကြို မြို့နယ်ရုံး၏ သွပ်ပြားရှစ်ချပ်၊ ပြတင်းပေါက်မှန်တစ်ချပ်၊ ပန်းအိုးနှစ်လုံးနှင့် လက်ဆေးဘေစင်ရှိ ရေပိုက်လိုင်းများ ပျက်စီးခဲ့ပါသည်။	
၁၃	″	၆-၉-၂၀၂၃	အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် မြိုင်မြို့နယ်ရုံး အဆောက်အအုံအမိုးသွပ်များ၊ မျက်နှာကြက်နှင့် ကလေးစာဖတ်ခန်းတို့ ပျက်စီးခဲ့ပါသည်။	
၁၄	″	၁၃-၁၀-၂၀၂၃	အကြမ်းဖက်အုပ်စုအဖွဲ့များက ဗုံးဖြင့်ပစ်ခတ်မှုကြောင့် ရေစကြို မြို့နယ်ရုံး အဆောက်အအုံ သွပ်(၁၀)ချပ်၊ နှစ်ပေပတ်လည် မျက်နှာကြက် ကျောက်ပြား(၁၆)ချပ်၊ ရုံးတံခါးမှန်တစ်ချပ်၊ စားပွဲတစ်လုံး၊ ရုံးခန်းတံခါးပတ္တာများ ပျက်စီးခဲ့ပါသည်။	
၁၅	″	၁၀-၁၂-၂၀၂၃	အကြမ်းဖက်အဖွဲ့များ၏ လက်လုပ်မိုင်းကြောင့် အောင်လံမြို့နယ်ရုံး အဆောက်အအုံရှိ အဝင်သံပန်းတံခါးနှင့် ပြတင်းပေါက်မှန်နှစ်ချပ် ပျက်စီးခဲ့ပါသည်။	
၁၆	မန္တလေး	၂၈-၇-၂၀၂၃	အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် သပိတ်ကျင်း မြို့နယ်ရုံး၏ အုတ်နံရံနှင့် ပြတင်းပေါက်မှန်နှစ်ချပ် ပျက်စီးခဲ့ပါသည်။	
၁၇	″	၂၉-၃-၂၀၂၁	မသမာသူ လူတစ်စု၏ မီးပုလင်းများဖြင့် ပစ်ခတ်မှုကြောင့် မြင်းခြံခရိုင်ရုံးဟောင်း အဆောက်အအုံ အဝင်ပေါက်တံခါးမကြီး နှစ်ချပ်၊ ပြတင်းတံခါးမှန်များနှင့် ရုံးအတွင်းမှန်များ ပျက်စီးခဲ့ပါသည်။	
၁၈	″	၄-၆-၂၀၂၁	အကြမ်းဖက်များ၏ အသံမြည် လက်လုပ်ဗုံးတစ်လုံး လာရောက် ပစ်ခတ်မှုကြောင့် မြင်းခြံခရိုင်ရုံး ရေမော်တာထားရှိသည့် အဆောက်အအုံတံခါးနှင့် အုတ်နံရံများ ကွဲအက်သွားခဲ့ပါသည်။	
၁၉	″	၁၆-၁၀-၂၀၂၁	ချမ်းမြသာစည်မြို့နယ် ရုံးဆင်ဝင်အောက်တွင် သံပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဗုံး တစ်လုံးပေါက်ကွဲမှုကြောင့် ရုံးအဆောက်အအုံ နေကာမှန်များ ပျက်စီးခဲ့ပါသည်။	

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ဖြစ်ပွားသည့်နေ့ရက်	ပျက်စီးဆုံးရှုံးမှုအခြေအနေ	မှတ်ချက်
၂၀	မန္တလေး	၂၉-၁၁-၂၀၂၂	ဗုံးပေါက်ကွဲမှုကြောင့် မြင်းခြံခရိုင်ရုံးဟောင်း အဆောက်အအုံ တောင်ဘက်ခြမ်းရှိ ပြတင်းပေါက်မှန် (၂၂)ချပ် ကွဲအက်ပျက်စီးခဲ့ပါသည်။	
၂၁	ရန်ကုန်	၁၄-၃-၂၀၂၁	အကြမ်းဖက်များ၏ ပစ်ခတ်ခြင်းကြောင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရုံး ရှေ့မြေစိုက်ဘုတ်မှန်၊ ဆင်ဝင်မီးလုံး၊ ပြတင်းပေါက်မှန်များ ပျက်စီးခြင်းနှင့် မီးကြိုးပျက်ကျခြင်း၊ အုတ်နံရံများ ကွဲအက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။	
၂၂	။	၉-၆-၂၀၂၁	လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် လမ်းအတွင်း နေထိုင်သူများက ဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူး၍ Facebook Page လွှင့်တင်ခြင်း၊ သံပုံးတီးခြင်းများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လေးခွများဖြင့် ပြန်လည်ပစ်ခတ်မှုကြောင့် လမ်းမတော်မြို့နယ် (၁၀) လမ်း ရုံးအဆောက်အအုံ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်တို့ရှိ အလှမှန်များ ကွဲအက်ပျက်စီးခဲ့ပါသည်။	
၂၃	။	၂၄-၆-၂၀၂၂	အကြမ်းဖက်အဖွဲ့များက ယာဉ်ထိန်းရဲရုံး အဆောက်အအုံအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ဒေါပုံမြို့နယ်ရုံး မျက်နှာစာ ပြတင်းပေါက်မှန် (၁၇)ချပ် ကွဲအက်ပျက်စီးခဲ့ပါသည်။	
၂၄	။	၂၆-၁-၂၀၂၃	သာကေတမြို့နယ် ရုံးဝင်းအတွင်းသို့ မီးပုလင်းဖြင့် ပစ်ပေါက်မှုကြောင့် ရုံးရှေ့မျက်နှာစာ ပြတင်းပေါက် မှန်တစ်ချပ် ကွဲအက်ပျက်စီးခြင်းနှင့် စာကြည့်တိုက်ရှိ နှစ်ပေပတ်လည် သစ်သားကြမ်းပြင်မီးလောင်ကျွမ်းခဲ့ပါသည်။	
၂၅	ရှမ်း	၁၈-၁၂-၂၀၂၃	တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် နမ့်ခမ်းမြို့နယ်ရုံး အဆောက်အအုံရှိ ပြတင်းပေါက်မှန်တံခါးများ၊ ပလတ်စတစ်ထိုင်ခုံများ၊ ပရိဘောဂများ၊ ရုံးသုံးတယ်လီဖုန်း၊ Wifi လွှင့်စက်တို့ ပျောက်ဆုံးခြင်းနှင့် တာမိုးညှဲမြို့နယ်ရုံး အဆောက်အအုံ ခေါင်မိုးပွင့်ထွက် ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပါသည်။	
၂၆	ဧရာဝတီ	၃၁-၃-၂၀၂၁	အကြမ်းဖက်အဖွဲ့များ၏ ဖျက်ဆီးမှုကြောင့် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ် ပျက်စီးခဲ့ပါသည်။	







အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထန်တလန်မြို့နယ်ရုံး အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြိုင်မြို့နယ်ရုံး အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပြန်/ဆက်ဦးစီးဌာန အောင်လံမြို့နယ်ရုံး အဝင်တံခါး ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



ပြန်/ဆက်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရုံး နံရံကပ်ပြဘုတ် ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပြန်/ဆက်ဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး အလှမှန်များ ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပြန်/ဆက်ဦးစီးဌာန မြင်းခြံရုံးအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။

ရှိသည်တို့ဖြင့်လည်းကောင်း၊ People to People ပုံစံဖြင့်လည်းကောင်း သတင်းမှန်များဖြင့် တန်ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ သတင်းမှန် ဖြစ်ရပ်များကို နိုင်ငံတကာမှသိရှိစေရန် အင်္ဂလိပ်ဘာသာ အပါအဝင် နိုင်ငံခြားဘာသာ ၁၅ မျိုးဖြင့် ဘာသာပြန်ဆို၍ Online နှင့် Social Media များပေါ်တွင် လွှင့်တင်ကာ ပြည်သူများ သတင်းမှန်သိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သတင်းမှားများ စောင့်ကြည့်လေ့လာရေး အဖွဲ့မှ သတင်းမှန် စိစစ်ပြန်ကြားခြင်းလုပ်ငန်း အနေဖြင့် သုံးသပ်တင်ပြချက်များကို ဆောင်ရွက်လျက်ရှိရာ ၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ စောင့်ကြည့်ထားသည့် မီဒီယာ/အဖွဲ့အစည်းများမှ ထူးခြားသတင်းများ People to People ပုံစံဖြင့် သတင်း ၇၁၉ ပုဒ် ဆောင်ရွက်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းအချက်အလက် ၇၂၁ ပုဒ် စုဆောင်းထားရှိပြီးဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ပုဂ္ဂလိက မီဒီယာများ၏ တစ်ဖက်သတ်လုပ်ကြံဖန်တီးပြီး သတင်းအမှားတင်ဆက်နေမှုများ၊ NUG, CRPH, PDF အကြမ်းဖက်အဖွဲ့များက တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် သံဃာတော်များ၊ ပြည်သူလူထုအပေါ် မတရားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်နေမှုများ၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံပိုင်/ ပုဂ္ဂလိက အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်များကို ပြည်သူများ သတင်းမှန်သိရှိအောင် သတင်းထုတ်ပြန်ခြင်းနှင့် နိုင်ငံတော်အစိုးရမှ ပြန်လည် ထူထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကိုလည်း Myanmar Digital News Online Media မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ခဲ့ပြီး နိုင်ငံပိုင်သတင်းစာများတွင် သတင်း ၃၀၈၆ ကြိမ်၊ ခေါင်းကြီး ၁၄၈ ကြိမ်၊ ဆောင်းပါး ၉၆ ကြိမ်၊ ထုတ်ပြန်ချက် ၆၄၈ ကြိမ်၊ နှိုးဆော်ချက် ၅၅၈ကြိမ်နှင့် ဓာတ်ပုံ ၅၆၃၃ ပုံတို့ကို ပြည်သူများသိရှိနိုင်စေရန် သတင်းမှန် ထုတ်ပြန်ဖော်ပြပေးခဲ့ပါသည်။

စဉ်	အကြောင်းအရာ	သတင်းပုဒ်ရေ	မှတ်ချက်
၁	သတင်း	၃၀၈၆	
၂	ခေါင်းကြီး	၁၄၈	
၃	ဆောင်းပါး	၉၆	
၄	ထုတ်ပြန်ချက်	၆၄၈	
၅	နှိုးဆော်ချက်	၅၅၈	
၆	ဓာတ်ပုံ	၅၆၃၃	
စုစုပေါင်း		၁၀၁၆၉	

နိုင်ငံတော်အစိုးရမှ ပြန်လည် ထူထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြမှု။

ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်နိုင်ခဲ့မှုများ

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ သုံးနှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ပေးပို့သော သတင်းအချက်အလက်များအား MRTV Channel များတွင် နေ့စဉ် ထုတ်လွှင့်ပေးခဲ့ပါသည်။ မုန်တိုင်းသတိပေးချက် ရရှိသည်နှင့် Breaking News အဖြစ် အရောင်သတ်မှတ်ချက်အတိုင်း ထုတ်လွှင့်ခြင်း၊ မုန်တိုင်း၊ မိုးကြိုး၊ ကမ်းပြို၊ မြေပြိုခြင်း၊ ငလျင်၊ လေပြင်း၊ ရေကြီးရေလျှံမှု အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းများ၊ TV Spots များအား ထုတ်လွှင့်ခြင်း၊ မုန်တိုင်းသတိပေးချက် စတင်ရရှိသည့်အချိန်မှစ၍ ဆောင်ရန်/ရှောင်ရန်အတွက် နှိုးဆော်ချက်များ၊ မုန်တိုင်းတိုက်ခတ်ချိန်၊ တိုက်ခတ်ပြီး ဆောင်ရွက်ရမည့် နှိုးဆော်ချက်များကို TV Spots များ သတိပေးထုတ်လွှင့်ပေးခြင်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များအတွက် မုန်တိုင်းသတိပေးချက် TV Spots များ ထုတ်လွှင့်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး TV Spot များကို နေ့စဉ်နံနက် ၉ နာရီအချိန်နှင့် ညနေ ၄ နာရီအချိန် သတင်းအပြီးတွင် ထုတ်လွှင့်ပေးခဲ့ပါသည်။

ထို့ပြင်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များကို အပတ်စဉ် တနလ်ာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ထုတ်လွှင့်ပေးခဲ့ပါသည်။ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒမှ ထုတ်ပြန်ချက်ကို အချိန်နှင့်တစ်ပြေးညီ Breaking News/ Update News များကို ထုတ်ပြန်ခဲ့ပြီး Crawler များကို နေ့စဉ်အချိန်မရွေး အရောင်များနှင့် အဆင့်အလိုက် သတ်မှတ်ထုတ်လွှင့်ပေးခဲ့ပါသည်။ မုန်တိုင်းသတင်းနှင့်ပတ်သက်၍ အရောင်သတ်မှတ်ချက်အတိုင်း အကြိမ်ရေ တိုးမြှင့်ထုတ်လွှင့်ခြင်း၊ FM Radio များအားလုံးသို့ ဆက်လက်ပေးပို့ထုတ်လွှင့်စေခြင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များအား အင်တာဗျူးများ မေးမြန်းထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက စတင်ဖြစ်ပေါ်သည့်အချိန်မှစတင်၍ အမြန်ဆုံးထုတ်လွှင့်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက် ရှစ်ခု၊ ငလျင်သတိပေးချက် ငါးခု၊ ရေဘေးသတိပေးချက် ခုနစ်ခု၊ မြေပြိုခြင်းသတိပေးချက် လေးခု၊ မိုးကြိုးဘေးသတိပေးချက် လေးခု၊ လေပြင်းဘေးသတိပေးချက် လေးခု စသည့် သတိပေးနှိုးဆော်ချက်များကို ဘေးအန္တရာယ် တစ်ခုချင်းစီအလိုက် Crawler ၊ TV Spots များ ထုတ်လွှင့်ခဲ့ပါသည်။

ထို့အတူ ၁၄-၅-၂၀၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့်စပ်လျဉ်း၍ မုန်တိုင်းမကျရောက်မီ ကြိုတင်ကာကွယ်မှုအနေဖြင့် မိုးဇလအပါအဝင် သက်ဆိုင်ရာဌာနများမှ ပေးပို့သည့် သတင်းများ၊ ကြိုတင်ပြင်ဆင်မှုများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ နာရီစဉ်သတင်း၊ Breaking News ၊ Crawler ၊ TV Spots များ ဆောင်ရွက်၍လည်းကောင်း၊ မုန်တိုင်းကျရောက်မည့်နေရာများသို့ ရိုက်ကူးရေးအတွက် သတင်းရိုက်ကူးရေးအဖွဲ့အား သတင်းပေးနိုင်မည့် Backpackနှင့် ဆက်စပ် ပစ္စည်းများနှင့်တကွ ကြိုတင်စေလွှတ်၍ ပြန်လည်ထူထောင်ရေးဆိုင်ရာ သတင်းနှင့် အစီအစဉ်များဖြစ်သည့် သတင်း ၁၃၂ ပုဒ်၊ TV Spots ၁၂၁ ကြိမ် ထုတ်လွှင့်ဖော်ပြခဲ့ပါသည်။

အလားတူ ရခိုင်ပြည်နယ်တွင် ၁၄-၅-၂၀၂၃ ရက်နေ့က တိုက်ခတ်ခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့်စပ်လျဉ်း၍ သတင်း ၃၀ ပုဒ်၊ Update News ခုနစ်ကြိမ်၊ Breaking News သုံးကြိမ်နှင့် TV Spots ၄၃ ကြိမ် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ မုန်တိုင်း၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ မိုးဇလတာဝန်ရှိသူများအား အင်တာဗျူးမေးမြန်း၍ ထုတ်လွှင့်ဖော်ပြနိုင်ခဲ့ပါသည်။ မုန်တိုင်းအခြေအနေနှင့် ပျက်စီးဆုံးရှုံးမှုနှင့် သတိပြုရမည့်အချက်များအား စာတန်းပြေး ထုတ်လွှင့်ဖော်ပြခဲ့ပါသည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” သဘာဝဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်း ၁၂၉၇ ပုဒ်၊ Update News ၁၆၁ ပုဒ်၊ Breaking News သုံးပုဒ်၊ မုန်တိုင်းဒဏ်သင့် ဒေသများအတွက် ပါဝင်လှူဒါန်းနိုင်ကြောင်းTV Spots အား တစ်နေ့လျှင်နှစ်ကြိမ် ထုတ်လွှင့်ဖော်ပြပေးခဲ့ပါသည်။

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် “တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရတစ်ခုတည်းသာမက စေတနာရှင်ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီမှုများမှာ ရန်ပုံငွေရှာဖွေပွဲအဖြစ် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ ပူးပေါင်းတင်ဆက်သည့် မိုခါရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကိုလည်း တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့ပါသည်။ ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ မုန်တိုင်းဒဏ်သင့် စစ်တွေမြို့သို့ နှစ်ကြိမ်သွားရောက်၍ ကယ်ဆယ်၊ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများအား အနုပညာဖျော်ဖြေမှုများ၊ တင်ဆက်မှုများကို သတင်းရယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖုန်းအင်တာဗျူးမေးမြန်းထုတ်လွှင့်ခြင်း၊ သဘာဝဘေးဖြစ်ပေါ်ခဲ့သော နေရာဒေသမှ ဒေသခံပြည်သူများ၏ လိုအပ်ချက် အခက်အခဲနှင့် တာဝန်ရှိသူများမှ ကူညီထောက်ပံ့ ဆောင်ရွက်ပေးမှုများအား “ရှင်သန်ခြင်း ကမ်းလက်များ (Life Line)” အစီအစဉ်အဖြစ် အပတ်စဉ်ထုတ်လွှင့်ခြင်း၊ မုန်တိုင်းသတိပေးချက်ရရှိသည်နှင့် Breaking News အဖြစ် အရောင်သတ်မှတ်ချက်အတိုင်း ထုတ်လွှင့်ခြင်း၊ မုန်တိုင်း၊ မိုးကြိုး၊ ကမ်းပြို၊ မြေပြိုခြင်း၊ ငလျင်၊ လေပြင်း၊ ရေကြီး၊ ရေလျှံမှု အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းများ၊ Radio Spot များ၊ အစီအစဉ်များ၊ ဇာတ်လမ်းတို များအား ထုတ်လွှင့်ခြင်း၊ မုန်တိုင်း သတိပေးချက် စတင်ရရှိသည့်အချိန်မှစ၍ ဆောင်ရန်/ရှောင်ရန်အတွက် နှိုးဆော်ချက်များ မုန်တိုင်း တိုက်ခတ်ချိန်၊ တိုက်ခတ်ပြီး ဆောင်ရွက်ရမည့် အချက်များအား သတိပေးထုတ်လွှင့်ခြင်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းယာဉ်များအတွက် မုန်တိုင်းသတိပေးချက်များထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာ့အသံရေဒီယိုမှ သတင်း ၁၅၀၇ ပုဒ်၊ နှိုးဆော်ချက် ၇၆၃ ကြိမ်၊ ကျေးလက် ဇာတ်လမ်း ၃၀ ကြိမ်၊ ဆောင်းပါး ၇၉ ကြိမ်၊ ရေဒီယိုမဂ္ဂဇင်း ၂၄ ကြိမ်၊ သိပ္ပံပညာ သင့်ကမ္ဘာ ၁၂၀ ကြိမ်၊ မျှဝေခံစားလူမှုစီးပွားအစီအစဉ် ၅၈ ကြိမ်၊ Myanma Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)မှ အစီအစဉ် ၃၆ ခုနှင့် သတင်း ၁၆၀၀ ပုဒ်၊ တိုင်းရင်းသား ၁၇ ဘာသာမှ သတင်း ၁၉၀ ပုဒ်၊ ဆောင်းပါး ၂၆ ပုဒ်၊ သပြေရေဒီယိုမှ သတင်း ၁၅၀၇ ပုဒ်နှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊

ပြန်လည် ထူထောင်ရေး ဆောင်ရွက်နိုင်မှုများအား မြန်မာ့အသံရေဒီယိုမှ သတင်း ၇၂၅ ပုဒ်၊ Myanma Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)မှ သတင်း ၆၁၉ ပုဒ်၊ တိုင်းရင်းသား ၁၇ ဘာသာမှ သတင်း ၇၉ ပုဒ်၊ ဆောင်းပါး ၂၅ ပုဒ် တို့အား ထုတ်လွှင့်ခဲ့ပါသည်။

အလားတူ မြန်မာ့အသံရေဒီယို၊ အင်္ဂလိပ်ပိုင်းအစီအစဉ်၊ သပြေရေဒီယို၊ တိုင်းရင်းသား ၁၇ ဘာသာ၊ မေယု FM နှင့် Webportal တို့တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သဘာဝဘေးမကျရောက်မီ ၁၀-၅-၂၀၂၃ ရက်နေ့မှ ၁၃-၅-၂၀၂၃ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်စဉ်လိုက်နာရန်အချက်များအား Radio Spot အဖြစ် ၉၂၀ ကြိမ်ထုတ်လွှင့်ပြီး ပညာပေးဇာတ်လမ်းတိုတစ်ပုဒ်၊ သတင်း/အင်တာဗျူး ၁၃၅၀ ပုဒ်နှင့် Update News ရှစ်ပုဒ်တို့အား ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

မုန်တိုင်းဖြစ်ပေါ်စဉ် လိုက်နာရန်အချက်များ၊ မုန်တိုင်းကြောင့် မြေပြိုမှုဖြစ်ပေါ်ပြီးအချိန်တွင် ပြုလုပ်ရန် အချက်များ၊ မုန်တိုင်းဖြစ်ပြီးချိန် လိုက်နာရမည့်အချက်များအား Radio Spot အဖြစ် ၃၂ ကြိမ်၊ သတင်း ၄၉ ပုဒ်၊ သတင်းစာအဘော်/ဆောင်းပါး နှစ်ပုဒ်တို့အားလည်းကောင်း၊ မြန်မာ့အသံရေဒီယိုမှ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သဘာဝဘေးကျရောက်ပြီးနောက် လိုက်နာရန်အချက်များ၊ မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းနိုင်ရေးတို့ကို Radio Spot အဖြစ် ၃၁၆ ကြိမ်၊






မိုခါမုန်တိုင်းဒဏ်ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)ရုံးအဆောက်အအုံ၏ အမိုးပျက်စီးမှုအား ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

သတင်း ၇၂၄ ပုဒ်၊ သတင်းစာအာဘော်/ဆောင်းပါး ၁၅ ပုဒ်၊ တိုင်းရင်းသား ၁၇ ဘာသာမှ သတင်း ၇၂၄ ပုဒ်၊ ဆောင်းပါး ၁၀ ပုဒ်၊ ဆောင်ပုဒ် ၃၂ ကြိမ်၊ Webportal မှ Update News ၂၁၄ ပုဒ်တို့ကို လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့ပါသည်။

ထို့ပြင် “မိုခါ” ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရတစ်ခုတည်းသာမက စေတနာရှင်ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီခဲ့သည့် သတင်းများအား မြန်မာ့အသံ ရေဒီယို၊ အင်္ဂလိပ်ပိုင်းအစီအစဉ်၊ တိုင်းရင်းသားအစီအစဉ် ၁၇ ဘာသာနှင့် သပြေရေဒီယိုတို့မှ ၇၂၄ ပုဒ်ထုတ်လွှင့် ပေးနိုင်ခဲ့ပြီး Webportal တွင် သတင်း ၂၄၇ ပုဒ် ဖော်ပြပေးနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၌ ၁၄-၅-၂၀၂၃ ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နယ်ထပ်ဆင့်လွှင့်စက်ရုံများဖြစ်သည့် စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ကျောက်ဖြူ၊ ဘူးသီးတောင် စက်ရုံ၊ မင်းတပ်(ရွောက်ချုံ)စက်ရုံနှင့် ပုပ္ပါးစက်ရုံတို့တွင် စက်ရုံ၊ ဝန်ထမ်းအိမ်ရာများနှင့် မီးစက်ရုံတို့ရှိ အမိုးသွပ်၊ အဆောက်အအုံနှင့် အမိုးများ၊ ခြံစည်းရိုးများပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ စစ်တွေစက်ရုံတွင် 100 Meter Self Supporting Tower တိုင် လဲပြိုကျသွားသည့်အတွက် ရုပ်သံထုတ်လွှင့်မှုများ အမြန်ပြန်လည်ထုတ်လွှင့်နိုင်ရေး 30 Meter Guyed Tower ယာယီတပ်ဆင်ဆောင်ရွက်၍ 300 W DVB–T2 နှင့် 300 W MRTV FM လွှင့်စက်တို့ဖြင့် ရုပ်သံအစီအစဉ်တို့အား ၃၀-၅-၂၀၂၃ ရက်နေ့မှစ၍ ပြန်လည်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံး၊ ရသေ့တောင်မြို့နယ်ရုံး၊ ဘူးသီးတောင်မြို့နယ်ရုံးနှင့် ဟိုင်းကြီးကျွန်းမြို့ရုံး အဆောက်အအုံ ပျက်စီးခဲ့မှုများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်ရုံးသစ် အဆောက်အအုံကို ငွေကျပ် ၁၈၀ ဒသမ ၉၁၀ သန်းဖြင့်လည်းကောင်း၊ ရသေ့တောင်မြို့နယ်ရုံးသစ်အဆောက်အအုံ ၂၅ ရာခိုင်နှုန်းကို ၂၄ ဒသမ ၀၃၇ သန်းဖြင့်လည်းကောင်းဆောက်လုပ်ပြီးစီးခဲ့ပြီး ဘူးသီးတောင်မြို့နယ်ရုံး အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်းကို ငွေကျပ် ၄၇ ဒသမ ၈၆၈ သန်းဖြင့်လည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့ရုံး အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်းကို ငွေကျပ် ၃၈ ဒသမ ၉၀၀ သန်းဖြင့်လည်းကောင်း ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင် မိုခါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော စစ်တွေ ခရိုင်ရုံး၊ ပေါက်တောမြို့နယ်ရုံး၊ မြောက်ဦးခရိုင်ရုံး၊ ကျောက်တော်မြို့နယ်ရုံး၊ မင်းပြားမြို့နယ်ရုံးနှင့် မြေပုံမြို့နယ်ရုံး အဆောက်အအုံ ပျက်စီး






မိုခါမုန်တိုင်းဒဏ်ကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘူးသီးတောင်မြို့နယ်ရုံး အဆောက်အအုံ ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

ခဲ့မှုများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံး စရိတ်ရန်ပုံငွေ စုစုပေါင်းကျပ် ၂၆ ဒသမ ၉၉၈ သန်းဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်းမိုခါသဘာဝဘေးနှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေး ဆောင်ရွက်မှုများကို မုန်တိုင်းမကျရောက်မီ ကြိုတင်ကာကွယ်ခြင်း၊ ကျရောက်စဉ် ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) **မုန်တိုင်းမကျရောက်မီ ကြိုတင်ကာကွယ် ဆောင်ရွက်မှုများ။** ဆိုင်ကလုန်းမုန်တိုင်း မိုခါ သဘာဝဘေးမကျရောက်မီ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအနေဖြင့် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် လေဖိအားနည်းရပ်ဝန်းအခြေအနေ ထုတ်ပြန်ချက်၊ မုန်တိုင်းငယ်သတိပေးချက်၊ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် သတိပေးထုတ်ပြန်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(၁) အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း ၉၉၉ ကြိမ်၊

(၂) သက်ဆိုင်ရာရုံးများအလိုက် ဖွင့်လှစ်ထားရှိသည့် Facebook Page များတွင် လွှင့်တင်ပေးခြင်း ၇၄၀၅ ကြိမ်၊

(၃) မုန်တိုင်းအန္တရာယ် အသိပညာ

ပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း ၂၀၁ ကြိမ်၊

(၄) အသိပညာပေး Website TV Talk Show ရိုက်ကူး၍ သက်ဆိုင်ရာ ရုံးများ၏ Facebook Page များတွင် လွှင့်တင်ပေးခြင်း ၁၃၀ ကြိမ်၊

(၅) နံရံကပ်စာစောင်များ ပြသခြင်း ၁၇၈ ကြိမ်၊

(၆) မုန်တိုင်းအန္တရာယ် အသိပညာပေး ဟောပြောခြင်း ၆၇ ကြိမ်။

(ခ) **မုန်တိုင်းကျရောက်စဉ် ဆောင်ရွက်ပေးမှုများ။** မုန်တိုင်း ကျရောက်နေစဉ်အတွင်း မုန်တိုင်းဒဏ်သင့်ဒေသများ၏ အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့တင်ပြခြင်း၊ လူမှုကွန်ရက်အချို့တွင် ဖော်ပြနေသည့် သတင်းမှားများအား တားဆီးနိုင်ရေး ခရိုင်နှင့် မြို့နယ်ရုံးများ အလိုက် ဖွင့်လှစ်ထားရှိသည့် Facebook Page များတွင် မုန်တိုင်းသတင်းမှန်များအား လွှင့်တင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **မုန်တိုင်း ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများ။** မုန်တိုင်းကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ပျက်စီးခဲ့သည့် အဆောက်အအုံများအား ပြန်လည် ရှင်းလင်း ဆောင်ရွက်ခြင်းများ စသည့် သတင်း ၁၁၈ ကြိမ် ပေးပို့ဆောင်ရွက်နိုင်ခဲ့ပြီး မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဘဏ္ဍာငွေစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ လှူဒါန်းသည့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံ ပေးအပ်လှူဒါန်းနိုင်ခဲ့ပါသည်။

(ဃ) **မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စိတ်ခွန်အားပေးခြင်း။** မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)တို့မှ အနုပညာရှင်များ ပူးပေါင်းဆောင်ရွက်ကာ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စိတ်ခွန်အားပေးသီချင်း ဖန်တီးတေးသွားဆို ဗီဒီယိုဖိုင်ကို ရုပ်မြင်သံကြား၊ MRTV-4 နှင့် MRTV Live Channel တို့တွင် ထုတ်လွှင့်ခဲ့ပါသည်။

စဉ်	အကြောင်းအရာ	အကြိမ်	မှတ်ချက်
၁	ထုတ်ပြန်ချက်၊ သတိပေးချက်များ အသံချဲ့စက်ဖြင့် ကြေညာခြင်း	၉၉၉	
၂	Facebook Page များတွင် လွှင့်တင်ခြင်း	၇၄၀၅	
၃	လက်ကမ်းစာစောင် ဖြန့်ဝေခြင်း	၂၀၁	
၄	Talk Show ဆောင်ရွက်ခြင်း	၁၃၀	
၅	နံရံကပ်စာစောင်များပြသခြင်း	၁၇၈	
၆	အသိပညာပေးဟောပြောခြင်း	၆၇	
စုစုပေါင်း		၈၉၈၀	

မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးမကျရောက်မီ ကြိုတင်ကာကွယ်ခြင်း၊ ကျရောက်စဉ်ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး ထုတ်လွှင့်ဖော်ပြမှုအခြေအနေ

ပညာရှင် (၄၉)ဦး ပါဝင်သည့်အဖွဲ့များသည် စစ်တွေမြို့သို့သွားရောက်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ရေးအတွက် စိတ်ခွန်အားများ ရရှိစေရေး နှစ်သိမ့်အားပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့ပူးပါင်း၍ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေ ပဒေသာကပွဲအား ၂-ဖ-၂၀၂၃ ရက်နေ့မှ ၄-ဖ-၂၀၂၃ ရက်နေ့အထိ ဒဂုံမြို့နယ်ရှိ အမျိုးသား ကဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

ထို့အတူ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုအနေဖြင့် မုန်တိုင်း သတိပေးချက်၊ မုန်တိုင်းမဖြစ်ခင် ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မုန်တိုင်းကျရောက်စဉ် လိုက်နာရှောင်ကျဉ်ရမည့် အချက်များနှင့် မုန်တိုင်းဖြစ်ပေါ်ပြီးနောက်ပိုင်း ကူညီကယ်ဆယ်ရေး ဆောင်ရွက်ခဲ့မှုများကို နှစ်ပတ်တစ်ကြိမ်ထုတ် ဒို့ကျေးရွာဂျာနယ်တွင် ဖော်ပြပေးနိုင်ခဲ့ပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ၊ အသိပညာပေး ဆောင်ရွက်မှုများ၊ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးမှုများ၊ သတိပေးထုတ်ပြန်ချက်များ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ထိခိုက် ပျက်စီးမှုများ၊ ကူညီကယ်ဆယ်ဆောင်ရွက်မှုများနှင့် ထောက်ပံ့ပေးအပ်မှုသတင်းများကို MOI Website အပါအဝင် ဤဦးစီးဌာန၏ New Media Platform များတွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုခါ ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုသတင်း (၁၉၂) ပုဒ်၊ ဘေးလွတ်ရာသို့ ပြောင်းရွှေ့မှုသတင်း (၃၁) ပုဒ်၊ သတိပေးထုတ်ပြန်ချက် (၃၅၃)ပုဒ်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုသတင်း (၁၈၂)ပုဒ်၊ ကူညီကယ်ဆယ်ဆောင်ရွက်မှုသတင်း (၂၅၁)ပုဒ်နှင့် ထောက်ပံ့ပေးအပ်မှုသတင်း (၃၁၃)ပုဒ်တို့ကို MOI Website အပါအဝင် ဤဦးစီးဌာန၏ New Media Platform များတွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်နိုင်ခဲ့ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းစဉ်များ မရှိသော်လည်း သက်ဆိုင်ရာဌာနခွဲများအလိုက် ကြိုတင်၍ သဘာဝဘေးအန္တရာယ်များအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအား အချိန်နှင့်တစ်ပြေးညီ အသိပေးဆောင်ရွက်ပေးလျက်ရှိပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို လက်တွေ့မြေပြင်တွင် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သတင်း



မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်မှုဖြင့် ရုန်ပုံငွေပဒေသာ ဖျော်ဖြေပွဲအား ရုန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ၂-၆-၂၀၂၃ မှ ၄-၆-၂၀၂၃ အထိ ဖျော်ဖြေတင်ဆက်ခဲ့စဉ်။

















ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စစ်တွေမြို့မှ ဒေသခံ ပြည်သူများကို မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အနုပညာရှင်များ သွားရောက်တွေ့ဆုံပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။





မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သောဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ ပူးပေါင်းပြီး ရန်ပုံငွေဘောလုံးပြိုင်ပွဲကျင်းပစဉ်။





ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)များတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပစဉ်။

အချက်အလက်များကို Online Media အနေဖြင့် GMS Website နှင့် MDD Facebook Page တို့၌ သတင်းများ လွှင့်တင်ခြင်းအပါအဝင် ပြည်သူမှ ပြည်သူသို့ မျှဝေသည့်ပုံစံဖြင့် သတင်းများ ထပ်ဆင့်မျှဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ခဲ့မှုများနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် အလွန့်အလွန်အားကောင်းသော "မိုခါ" ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့် သဘာဝဘေးမကျရောက်မီ နိုင်ငံပိုင်သတင်းစာများတွင် မုန်တိုင်းသတိပေးချက်၊ အသိပေးနှိုးဆော်ချက်၊ ခေါင်းကြီး၊ သတင်းတို့ကို နေ့စဉ်ထုတ်ပြန်ဖော်ပြပေးခဲ့ပါသည်။ ထို့ပြင် မုန်တိုင်းတိုက်ခတ်နိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များမှ ပြည်သူများအား မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာ စခန်းများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးနေမှုနှင့် အဓိကလိုအပ်ချက်ဖြစ်သည့် အစားအစာ၊ ရေ၊ ဆေးဝါးများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုသတင်းများကို ပြည်သူများသိရှိနိုင်ရေး ဖော်ပြပေးနိုင်ခဲ့ပါသည်။

အလားတူ မုန်တိုင်းတိုက်ခတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၌ "မိုခါ"ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် အဆောက်အအုံနှင့် နေအိမ်များ ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ထိခိုက်ဆုံးရှုံးမှုများလည်း များပြားသဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်စေရန်နှင့် ပြည်သူများဗဟုသုတရရှိစေရန်အတွက် ၁၅-၅-၂၀၂၃ ရက်နေ့နှင့် ၁၆-၅-၂၀၂၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဓာတ်ပုံမြင်ကွင်း နှစ်မျက်နှာစီဖြင့် ထည့်သွင်းဖော်ပြပေးနိုင်ခဲ့သလို မုန်တိုင်းတိုက်ခတ်ပြီးနောက် သဘာဝဘေးဒဏ်သင့်ပြည်သူများကို နိုင်ငံတော်အစိုးရမှ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့မှု၊ အစားအစာ၊ ရေ၊ ဆေးဝါး၊ အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့မှု၊ နေအိမ်၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာနှင့်ပတ်သက်၍ ဖော်ပြပေးရာတွင် သတင်း ၃၁၅၇ ပုဒ်၊ ခေါင်းကြီး ၁၁၈ ပုဒ်၊ ဆောင်းပါး ၁၆၆ ပုဒ်၊ အင်တာဗျူး ၂၁ ပုဒ်၊ ထုတ်ပြန်ချက် ၃၈၇ ကြိမ်၊ နှိုးဆော်ချက် ၂၀၆ ကြိမ်နှင့် ဓာတ်ပုံ ၅၁၂၆ ပုံတို့ကို ထုတ်ပြန်ဖော်ပြပေးနိုင်ခဲ့ပါသည်။

ထူးခြားပြီး အရေးကြီးသည့် အခမ်းအနားများ၊ ညီလာခံများ၊ အစည်းအဝေးများ ဆောင်ရွက်နိုင်ခဲ့မှု

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၌ နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ထူးခြားပြီးအရေးကြီးသည့် အခမ်းအနားများ၊ ညီလာခံများ၊ အစည်းအဝေးများကို ဝန်ကြီးရုံးအပါအဝင် ဌာနကြီးငါးခုတို့မှ နှစ်အလိုက် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၂၀၂၁ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု အခမ်းအနားအား တိုက်ရိုက်(Live) ထုတ်လွှင့်ခြင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံများ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပပုံများ၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအခမ်းအနား ကျင်းပပုံများ၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံများ၊ (၇၇)နှစ်မြောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲများ၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ကျင်းပပုံနှင့် ၂၀၁၉ ခုနှစ် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတို့အား တိုက်ရိုက်(Live) ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

ထို့ပြင် ၁၅-၁၀-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်နိုင်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အခမ်းအနားမှူးများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ Video Clip များအား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေ Promo များ၊ နေပြည်တော်လမ်းလျှောက်









(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံများအား တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်စဉ်။









(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပပုံများအား တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်စဉ်။

သကြိန် Promo များ၊ “ရာပြည့်နှစ်အလွန် အကျိုးဆက်ရှာဖွေ မြန်မာ့ရုပ်ရှင် တိုးတက်ပါစေ” Video Clip ၊ “နုပျိုဆန်းသစ် (၇၈)နှစ်မှ သည် ပြည်သူ့အတွက် MRTV” Video Clip ၊ “စာပေပဒေသာ ဝေဆာစေမည်” Video Clip၊ “သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်” Video Clip၊ “ဆန်းသစ် တီထွင်ဖန်တီးမှုများနဲ့ အနာဂတ်ကမ္ဘာကို တည်ဆောက်ကြစို့” Video Clip၊ “(၁၄၇)နှစ်မြောက် မြန်မာ့မီးရထား နှစ်ပတ်လည်နေ့” Video Clip၊ “နိုင်ငံ့အကျိုးအတွက် မှန်းမျော်ရည် ခိုင်မာတိုးတက်စေရမည်” Video Clip၊ “လူထုသိပ်ပံကျမ်းလှုဒါန်းမှုမှသည် စာဖတ်ရှုနိုင်မြှင့်တင်ရေးသို့” Video Clip၊ “ပညာရည်မြင့်မားရေးဆောင်ရွက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့” Video Clip၊ “အနုပညာသည် ပြည်သူ့အတွက် ရာပြည့်နှစ်လွန် သက်သေတည်လျက်” Video Clip၊ “နိုင်ငံတော်အတွက်အားထားရမည့် လူရည်ချွန် မောင်မယ်များနှင့် မျိုးဆက်သစ် လူငယ်များ” Video Clip၊ “နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မိဒီယာ၏ အခန်းကဏ္ဍ” Video Clip၊ “တားဆီးကာကွယ်ရေး မိဒီယာ အဆိပ်သင့်အန္တရာယ်” Video Clip တို့အား အထူးပြုလုပ်ဆောင်နိုင်ခဲ့ပါသည်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြနေသည့် သုတဝေဖြာ မျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်နှင့် လူထုသိပ်ပံကျမ်းများ လှူဒါန်းမှုမှသည် စာဖတ်ရှုနိုင်မြှင့်တင်ရေးသို့ အစီအစဉ်များအား တွေ့ရစဉ်။

မြန်မာ့အသံရေဒီယိုနှင့် MRTV Online တို့မှ ၁၅-၁၀-၂၀၂၃ ရက်နေ့၌ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို Live Streaming လွှင့်တင်ပေးခဲ့ပြီး သတင်းဓာတ်ပုံ၊ မိန့်ခွန်း/ဂုဏ်ပြုစကား ခုနစ်ကြိမ်၊ Live Stream တစ်ကြိမ်၊ တိုင်းရင်းသားဘာသာ (NRC Channel)ဖြင့် ထုတ်လွှင့်မှု မိန့်ခွန်း/ဂုဏ်ပြုစကား ၁၁ ကြိမ်၊ တိုင်းရင်းသားဘာသာ(Radio) ဖြင့် ထုတ်လွှင့်မှု ၁၇ ကြိမ်တို့အား ထုတ်လွှင့်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စာပေဆုနှင့်းသဘင်အခမ်းအနားကိုလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု









(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား
တိုက်ရိုက်ထုတ်လွှင့်မှုကို တွေ့ရစဉ်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားတို့ကိုလည်း တိုက်ရိုက် Live ထုတ်လွှင့်ပြသနိုင်ခဲ့သလို အာဆီယံဒေသအတွင်း ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ (10th ASEAN Quiz)ကို အိမ်ရှင်အဖြစ် နေပြည်တော် MICC-II ၌ လက်ခံကျင်းပခဲ့သည့် ပုံရိပ်များကိုလည်း ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း နေပြည်တော်မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသော (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား၊ နေပြည်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၁၁/၂၀၂၂) တို့ကို တိုက်ရိုက် (Live) ထုတ်လွှင့်နိုင်ခဲ့ပါသည်။ ထို့အပြင် "74th Independence Day Celebration by MRTV (Yangon)" ခေါင်းစဉ်ဖြင့် TODAY MYANMAR အစီအစဉ်ကိုလည်း ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းကို အင်္ဂလိပ်စာတန်းထိုး ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ရှမ်းပြည်နယ်နေ့ သတင်းများ၊ (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာပေးပို့သည့် သတင်းများကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ ၈-၂-၂၀၂၂



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းအား တိုက်ရိုက်ထုတ်လွှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲအား တိုက်ရိုက်(Live) ထုတ်လွှင့်စဉ်။

ရက်နေ့တွင် Development in Myanmar: Five–Point Consensus of ASEAN အား News Extra အစီအစဉ်အဖြစ်လည်းကောင်း၊ 75th Union Day 2022 Objectives နှင့် Mottos ဦးတည်ချက်နှင့် ဆောင်ပုဒ်များအား Promotional TV Spot အဖြစ်လည်းကောင်း၊ ၂၃-၂-၂၀၂၂ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲ MOI PRESS (PART–1)နှင့် MOI PRESS (PART–2)တို့ကိုလည်းကောင်း News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် မတ်လတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်း ထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၂/၂၀၂၂)နှင့် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သော (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်း အနားတို့ကိုလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဧပြီလအတွင်း၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ထေရ်ကြီး၀ါကြီးဆရာတော်ကြီးများနှင့် နိုင်ငံတော်အကြီးအကဲများ၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မိန့်ခွန်း၊ နေပြည်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၃/၂၀၂၂)တို့ကို တိုက်ရိုက်(Live) ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းကို ဘာသာပြန်ဆို၍ အင်္ဂလိပ်စာတန်းထိုးပြီး နှစ်နာရီခြား ဆက်တိုက် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် မေလအတွင်း၌ MRTV Media Worldwide Mobile Satellite Data Application Service, MRTV Media & Web Application and Web Launching Ceremony နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၄/၂၀၂၂)တို့ကို တိုက်ရိုက်(Live) ထုတ်လွှင့်ခဲ့သည့်အပြင် Reality Show The 10th ASEAN Quiz (National Level – 1,2) နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံကိန်းအရ One Village, One Product (Broom making) ခေါင်းစဉ်ဖြင့် TODAY MYANMAR အစီအစဉ်ကိုလည်း ရိုက်ကူးထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇွန်လအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၅/၂၀၂၂)နှင့် (၁၆/၂၀၂၂) တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ Prague မြို့တွင်ကျင်းပမည့် ASEAN+3 ရုပ်ရှင်ပွဲတော်တွင် ပြသရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တောင်းခံလာသဖြင့် “Mogok The Ruby Land” အစီအစဉ်ကို MRTV ရုံးချုပ်မှတစ်ဆင့် ပေးပို့ခဲ့ပါသည်။ ထို့အတူ ကူဝိတ်နိုင်ငံတွင် အာဆီယံနိုင်ငံများ စုပေါင်းပြုလုပ်သော ယဉ်ကျေးမှုဆိုင်ရာ ပြပွဲအစီအစဉ် ၁၀ ပုဒ်အား ပေးပို့ခဲ့ပြီး







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် MRTV Media Worldwide Mobile Satellite Data Application Service, MRTV Media & Web Application and Web Launching Ceremony သို့ တက်ရောက်အားပေးစဉ်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုပုံရိပ်များကို ပြသခွင့်ရခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း၌ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၇/၂၀၂၂) ကို တိုက်ရိုက် (Live) ထုတ်လွှင့်ခြင်း၊ ၈-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားသော ဂျပန်ဝန်ကြီးချုပ်ဟောင်း H.E. Mr. Shinzo Abe အမှတ်တရ ဂုဏ်ပြုအစီအစဉ်အဖြစ် ဂျပန်ဝန်ကြီးချုပ် မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်နှင့် မေးမြန်းခန်းအစီအစဉ်ကောက်နုတ်ချက်များကို News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်တင်ဆက်ခဲ့ပါသည်။ ထို့ပြင် (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာ

ရှင်းလင်းပွဲ(၁၈/၂၀၂၂) တို့ကို တိုက်ရိုက် (Live) ထုတ်လွှင့်ခဲ့ပါသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ကြားသည့် "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ" "Keep Moving Forward to Achieve Our Goal" အား အင်္ဂလိပ်စာတန်းထိုးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၁၉/၂၀၂၂)နှင့် စာပေဗိမာန်(ရန်ကုန်)တွင် ကျင်းပသော စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် အခမ်းအနားတို့ကိုလည်းကောင်း တိုက်ရိုက် ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် Discussions between SAC Chairman and UNSG Special Envoy on Myanmar ခေါင်းစဉ်ဖြင့် News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း၌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ သတင်းထောက် Ms. Kukushkima Tatiama တွေ့ဆုံ၍ မေးမြန်းမှုများကို လက်ခံဖြေကြားမှု အပြည့်အစုံနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂၀/၂၀၂၂)အား Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် "7th Eastern Economic Forum 2022, Myanmar Delegation in Russia" ခေါင်းစဉ်ဖြင့် News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသော (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ Video Message ဖြင့်ပြောကြား



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ သတင်းထောက် Ms. Kukushkima Tatiama တွေ့ဆုံ၍ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။



ဒသမအကြိမ်မြောက် အာဆီယံ ဥဏ္ဍာစမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်း) 10th ASEAN Quiz (Regional Level)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပစဉ်။

သည့် မိန့်ခွန်းနှင့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတို့ကို Event Live ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၂၁/၂၀၂၂)၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသော ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားအား Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့အတူ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်း) 10th ASEAN Quiz (Regional Level) ဖွင့်ပွဲအခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် စီးပွားရေးဦးတည်ချက်များအနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြုသော Thilawa SEZ (Thriving Model Special Economic Zone)ကို Documentary အစီအစဉ်အဖြစ် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။

ထို့နောက် ASEAN Communication Master Plan II စီမံကိန်းအရ AEC, APSC နှင့် ASCC ကဏ္ဍကြီးသုံးရပ်အကြောင်း တင်ဆက်ထားသည့် ASEAN-101 Series အစီအစဉ်ကိုးပုဒ်ကိုလည်း MITV မှ ပြင်ဆင်တည်းဖြတ်ပြီး ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် ဆွဲဆောင်မှုရှိသော အာဆီယံ ခရီးသွားစီမံကိန်းအရ မြန်မာနိုင်ငံကိုယ်စား "ဒုံးညောင်မှိုင်း လူထုအခြေပြု ခရီးသွား" အစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခဲ့ပါသည်။ မြန်မာစာတန်းထိုးပြီး MRTV တွင်လည်း ထုတ်လွှင့်ခဲ့ပါသည်။

အလားတူ Right Information Saves and Empowers ASEAN (RISE ASEAN) ဗီဒီယို ဇာတ်လမ်းတိုပြိုင်ပွဲအစီအစဉ်ကို သတ်မှတ်ကာလ ၂၀၂၂ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ MITV မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ ထို့အတူ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ASEAN Quiz အတွက် "Welcome to the 10th ASEAN Quiz" သီချင်းကို MITV ဝန်ထမ်းများဖြင့် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ ၎င်းအပြင် Mekong–Lancang Cooperation: Puppet Festival အတွက် ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာနမှ ပေးပို့လာသည့်အစီအစဉ် ခုနစ်ပုဒ်ကို အင်္ဂလိပ်ဘာသာပြန် စာတန်းထိုး ထုတ်လွှင့်ခဲ့ပြီး Creative Performance by Puppeteers of the People's Republic of China အစီအစဉ်ကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

၎င်းအပြင် (၅၆)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆပ်ကော်မတီမှ ၂၀၂၂ ခုနှစ်အတွင်း (ASEAN Cultural Fund-ACF) စီမံကိန်းဖြစ်သော သတင်းတုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်သံဇာတ်လမ်းတိုပြိုင်ပွဲ Right Information Saves and Empowers ASEAN-

RISE ASEAN)ကို MITV ဌာနခွဲမှ မြန်မာနိုင်ငံကိုယ်စား ဆောင်ရွက်ခဲ့ရာ အဆိုပါရုပ်သံဇာတ်လမ်းတိုပြိုင်ပွဲတွင် MITV မှ (ပထမဆု)ရရှိခဲ့ပါသည်။ ASEAN – China Video Contest 2022 ပြိုင်ပွဲတွင် “Millennia Paukphaw Friendship” ခေါင်းစဉ်ဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေမှ သဗ္ဗညုဘုရားကြီးအား တရုတ်နိုင်ငံအထောက်အပံ့ဖြင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေပုံ အစီအစဉ်အား ပြိုင်ပွဲဝင်ခဲ့ရာ ပထမဆု (Gold Award) ရရှိခဲ့ပါသည်။

ထို့အတူ အာဆီယံအဖွဲ့တည်ထောင်ခြင်းဆိုင်ရာ အထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကလေးသူငယ်များ ကစားလေ့ရှိသော ရိုးရာကစားနည်း ဗီဒီယိုဖိုင်ငါးခုပေးပို့နိုင်ပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တောင်းခံလာခြင်းအတွက် မြန်မာ့ရိုးရာကစားနည်း ငါးမျိုးကို ရုပ်မြင်ဌာနခွဲမှတစ်ဆင့် ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပေးပို့လာသည့် “Media Information Literacy ASEAN Youth Cyber READI” အစီအစဉ်ခြောက်ခုနှင့် ASEAN Women Enterpreneurs အစီအစဉ် ၁၀ ပုဒ်တို့ကိုလည်း ထုတ်လွှင့်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်၊ အမျိုးသားရေး လုပ်ငန်းစဉ်များ အပေါ် ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းအဖြစ် Five Point Road Map ထုတ်လွှင့်မှု ၂၄၆၀ ကြိမ်၊ Nine Objective ထုတ်လွှင့်မှု ၂၄၆၀ ကြိမ်၊ Covid-19 Promo အဖြစ် Mask တပ်ရန်၊ Social Distance ၊ Hand Wash ၊ All to prevent



SEAN – China Video Contest 2022 ပြိုင်ပွဲတွင် ရွေတံဆိပ်ဆု ရရှိခဲ့သည့် “Millennia Paukphaw Friendship” Documentary ဗီဒီယိုအားတွေ့ရစဉ်။

Covid-19 တို့ကို ၂၁၉၆ ကြိမ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်၌ ကျင်းပသော ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပြခန်းများ၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများ၊ ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနား၊ နေပြည်တော်မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြု အခမ်းအနားတို့ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့ပြင် Today Myanmar အစီအစဉ်အဖြစ် Event in Commemoration of the 76th Anniversary of Union Day ကို ထုတ်လွှင့်ခဲ့ပါသည်။ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေး Exclusive Interview with H.E. Ambassador of Russia (Part-1 & 2)၊ စိန်ရတု ဂုဏ်ပြု တွေ့ဆုံမေးမြန်းခန်းအစီအစဉ် News Extra အထူးအစီအစဉ်များအဖြစ် Myanmar-Russia Fraternity to Eternity နှင့် Diamond Jubilee of Myanmar-Russia Diplomatic Relations တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်သီချင်းများဖြစ်သည့် Legacy of National Brethren's Union,Union Spirit, Union of Myanmar သုံးပုဒ်ကိုလည်း ဘာသာပြန်စာတန်းထိုးပြီး ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လအတွင်း၌ In Commemoration of 78th Anniversary of the Armed Forces Day 2023 ကို Promotional



(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများ၊ ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား ထုတ်လွှင့်ပြသစဉ်။

TV Spot နှင့် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် Arrangement on return of Displaced Persons from Rakhine State ကို News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဧပြီလအတွင်း၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် Today Myanmar: Welcoming Myanmar New Year Thingyan Festival & Charity Feast၊ Blissful Activities and New Year Festivities နှင့် Now in Yangon: Myanmar New Year's Day Celebration အစီအစဉ်တို့ကိုလည်းကောင်း၊ ဇွန်လအတွင်း၌ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေး အခမ်းအနားနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်၊ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားတို့ကိုလည်းကောင်း Today Myanmar အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် Int'l Day Against Drug Abuse and Illicit Trafficking (26th June) ကို Promotional TV Spot ထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း၌ ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်သော (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို Event Live ထုတ်လွှင့်ခဲ့ပြီး “Let's prevent the danger of narcotic drugs together” ခေါင်းစဉ်ဖြင့် Today Myanmar အစီအစဉ် ထုတ်လွှင့်ခဲ့ပါသည်။ Commemorative Day တို့





အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ထုတ်လွှင့်မှု မြင်ကွင်းအား တွေ့ရစဉ်။





(၇၇)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကျင်းပမှုကို တိုက်ရိုက်(Live) ထုတ်လွှင့်စဉ်။

ခေါင်းစဉ်ဖြင့် မြန်မာအမျိုးသမီးနေ့ အစီအစဉ်နှင့် အာဇာနည်နေ့ အထိမ်းအမှတ်အစီအစဉ်တို့ကိုလည်း ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ အတွင်း၌ နေပြည်တော် ဒကွိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်အား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနား ကျင်းပခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်း ထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂၂/၂၀၂၂)ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။ ထို့အပြင် Exclusive Interview with Union Minister for Information နှင့် Exclusive Interview with Union Minister for Commerce by CRI Myanmar တို့ကို News Extra အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

စက်တင်ဘာလအတွင်း၌ သံတမန်များနှင့် ရခိုင် ခရီးစဉ်သွားရောက်ရိုက်ကူးထုတ်လွှင့်ခြင်း၊ ဆူးလေဆိပ်ကမ်း၌ ဘင်္ဂလီဒုက္ခသည်များနေရပ်ပြန်လည်ပို့ဆောင် မှတ်တမ်းရိုက်ကူးခြင်းနှင့် The 74th Anniversary of the Founding of the People's Republic of China အစီအစဉ်တို့ကို ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။

အလားတူ အောက်တိုဘာလအတွင်း၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို Event Live ထုတ်လွှင့်ခဲ့ပါသည်။

ဒီဇင်ဘာလအတွင်း၌ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်းသဘင်အခမ်းအနားနှင့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် အခမ်းအနားတို့ကို Event Live ထုတ်လွှင့်ခဲ့သည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်အတွက် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားကို အင်္ဂလိပ်ဘာသာဖြင့် စာတန်းထိုးပြီး ထုတ်လွှင့်ခဲ့ပါသည်။

MITV အနေဖြင့်လည်း NCA (၈)နှစ်မြောက် အခမ်းအနား၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်းသဘင်အခမ်းအနားနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (နေပြည်တော်)၌ကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်အခမ်းအနားတို့ကို တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်။















မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊
ကျောက်စာရုံစေတီတော်အား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချ အောင်မင်္ဂလာကုသိုလ်တော်
မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။















မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်အား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချ အောင်မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။
















မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်အား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချ အောင်မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။









ကမ္ဘာပေါ်တွင် ထိုင်တော်မူရုပ်ပွားတော်များအနက် ဥဏှတော်အမြင့်ဆုံးဖြစ်သော
မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သည် ၁-၂-၂၀၂၁ ရက်နေ့မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ နိုင်ငံတော်အဆင့်ပွဲတော်နှင့် အခမ်းအနားများကိုအောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ် ဧန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့ပါသည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၉-၁-၂၀၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၃၀ မိနစ် အချိန်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လူငယ်နှင့် စာပေပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသား/ကျောင်းသူများက ဖျော်ဖြေတင်ဆက်သည့် "သွေးချင်းများပီပီ၊ ပြည်မြန်မာ၊ လူချွန်လူကောင်း၊ လုလင်ငယ် သွေးနှင့် သွေးချင်းတို့ဌာနေ မြန်မာပြည်" တေးသီချင်းတို့ဖြင့် ဂုဏ်ပြုဖျော်ဖြေပွဲကို ကြည့်ရှုအားပေးပါသည်။

ပွဲတော်တွင် အောက်ပါဝန်ကြီးဌာနများနှင့် လေကြောင်းဝါသနာရှင်များအသင်းတို့က ပြခန်း(၄၄)ခန်း ခင်းကျင်းပြသပါသည် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊
(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊
(ဂ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊
(ဃ) ပညာရေးဝန်ကြီးဌာန၊
(င) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊
(စ) ကျန်းမာရေးဝန်ကြီးဌာန၊
(ဆ) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊
(ဇ) လေကြောင်းပညာရပ်ဆိုင်ရာပြခန်းများ၊
(ဈ) ပန်းချီပြခန်းများ။

ပွဲတော်သို့ လာရောက်သူများအနေဖြင့် စာအုပ်စာစောင်များ အလွယ်တကူ ဝယ်ယူလေ့လာနိုင်စေရန်အတွက် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ စာပေနန်းတော်စာအုပ်အရောင်းဆိုင်နှင့် လူငယ် ရွှေခေတ်စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးနိုင်ခဲ့ပါသည်။

ပွဲတော်ကျင်းပသည့် နေ့ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား/ကျောင်းသူများက အဆို၊ အကများဖြင့် လည်းကောင်း၊ အနုပညာရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ စိုးသီဟ၊ ယဉ်လတ်၊ မော်ဒယ်ဂျေနော်၊ ဒိန်းဒေါင်၊ ငြိမ်းချမ်း၊ အုန်းသီး၊ ကျော်ထက်တို့က အဆို၊ အကတို့ဖြင့်လည်းကောင်း၊ ဉာဏ်လင်းထက်(ကျောက်ဆည်) ဆင်အကဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။



(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို တာဝန်ရှိသူများကဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်တွင် ပြသထားသည့် ပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်တွင် ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြပြီး ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများနှင့် ပြည်သူများက တစ်ရက်လျှင် ၁၃၀၀၀ ဦးခန့် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ နေပြည်တော် မြို့တော်ခန်းမ လဟာပြင် ကဇာတ်ရုံတွင် ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတို့မှ အနုပညာရှင်များက "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဇာတ်တော်ကြီး၊ ပြဇာတ်များ၊ တေးသရုပ်ဖော်များနှင့် တေးဂီတ ဖျော်ဖြေမှုများဖြင့် ကပြဖျော်ဖြေခဲ့ကြပါသည်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

ရင်ခွင်မဲ့ကလေးငယ်များအတွက် ကူညီထောက်ပံ့ရေး ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် "ကြယ်လေးများရဲ့ အနာဂတ်" ဖျော်ဖြေပွဲကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရင်ခွင်မဲ့နေကြသော ရင်သွေးရတနာလေးများ၊ ဘဝအခြေအနေ ချို့တဲ့နေကြသော ကလေးသူငယ်များကို ကောင်းကင်တွင် တောက်ပမည့် ကြယ်ကလေးများအဖြစ် တင်စား၍ ဖျော်ဖြေကျင်းပသည့် အဆိုတော် မြန်မာပြည်သိန်းတန်၏ "ကြယ်လေးများရဲ့အနာဂတ်" တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ ညနေ ၆ နာရီမှ ည ၉:၃၀နာရီအထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။





ရင်ခွင်မဲ့ကလေးငယ်များအတွက် ကူညီထောက်ပံ့ရေး ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် "ကြယ်လေးများရဲ့ အနာဂတ်" ဖျော်ဖြေပွဲအား မြန်မာပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ဖျော်ဖြေတင်ဆက်စဉ်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II)၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် "လူငယ်နှင့် စာပေအနုပညာပြပွဲ"ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများသည် လူငယ်နှင့်စာပေအနုပညာပြပွဲအတွင်းရှိ ပြခန်းများနှင့် "ကြီးမြတ်သော မြန်မာ" မှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့မှု မှတ်တမ်း ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား/ကျောင်းသူများ၏ "သွေးရင်းများ ပီပီ၊ ပြည်မြန်မာ၊ ဇာတိမာန်၊ ထာဝရမြန်မာ" တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်မှုကိုလည်းကောင်း၊ မြန်မာပြည်သိန်းတန်၏ "လွတ်လပ်ရေးတေးသံ" သီချင်းဖြင့် ဂုဏ်ပြု သီဆိုဖျော်ဖြေမှုကိုလည်းကောင်း၊ တင်မောင်ဆန်းမင်းဝင်းနှင့် အဖွဲ့၏ "တာဝန်ကိုယ်စီထိန်းသိမ်းမည်" သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြပါသည်။

အဆိုပါပြပွဲတွင် အောက်ပါဝန်ကြီးဌာနများက ပြခန်းပေါင်း ၆၂ ခန်းကို ခင်းကျင်း ပြသခဲ့ကြပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊
(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
(ဂ) ပြန်ကြားရေးဝန်ကြီးဌာန၊
(ဃ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊
(င) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊
(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
(ဆ) ပညာရေးဝန်ကြီးဌာန၊
(ဈ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊
(ည) ကျန်းမာရေးဝန်ကြီးဌာန၊
(ဋ) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊
(ဌ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း။

ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်တွင်း၌ ထုတ်ဝေခဲ့သော စာအုပ်/စာစောင် ၂၈၂၀ အုပ်ကို ခင်းကျင်းပြသခဲ့ပြီး စာအုပ်/စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်စေရန် စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကို ဖွင့်လှစ်ရောင်းချပေးခဲ့ပါသည်။

ပြပွဲတွင် ကျောင်းသား/ကျောင်းသူလေးများနှင့် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေခဲ့ကြပြီး မြန်မာလူမျိုးတို့၏ ကိုယ့်ထီးကိုယ့်နန်း၊ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြင့် ကြီးကျယ်မြင့်မြတ်စွာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာ ပြပွဲကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။





(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက လှည့်လည်ကြည့်ရှု အားပေးစဉ်။



နေထိုင်လာခဲ့မှုများ၊ သူ့ကျွန်ဘဝရောက်ရှိခဲ့ချိန်နှင့် နယ်ချဲ့တို့၏ အနိုင်ကျင့်ဗိုလ်ကျမှုများ၊ ကိုလိုနီကျွန်ဘဝတွင် ကြုံတွေ့ခဲ့ရသော နယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာမှုများကို ထင်ဟပ်ပေါ်လွင်စေသည့် "ကြီးမြတ်သော မြန်မာ၊ သူ့ကျွန်မခံပြီ၊ ငဘ" ရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်ပြသခဲ့ပါသည်။

မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေး၊ ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍာပေါင်းစုံ ပိုမို ပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပနိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဆင့်တူ ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV၊ တာဝန်ရှိသူများနှင့် Naypyitaw State Academy မှ ကျောင်းသား၊ ကျောင်းသူများဖြင့် အင်အား ၃၇၀ ဦးကျော်ခန့် ပါဝင်တက်ရောက်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်ခဲ့သည့် မှတ်တမ်းဗီဒီယိုနှင့် ဖော်ပြပါ ခင်းကျင်းပြသထားသည့် မြန်မာ-ရုရှား ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်-

(က)	၁၉၆၃ မှ ၁၉၈၇ အထိ	၁၆၀ ပုံ
(ခ)	၂၀၀၆ မှ ၂၀၀၇ အထိ	၂၀ ပုံ
(ဂ)	၂၀၁၁ မှ ၂၀၁၅ အထိ	၁၃ ပုံ
(ဃ)	၂၀၁၆ မှ ၂၀၁၈ အထိ	၇ ပုံ
(င)	၂၀၂၁ ခုနှစ်	၄၀ ပုံ
(စ)	၂၀၂၂ မှ ၂၀၂၃ အထိ	၈၀ ပုံ
	စုစုပေါင်း	**၃၂၀ ပုံ**

မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "သမိုင်းတစ်ခေတ် တို့ဖွင့်လှစ်မည်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာ-ရုရှား ခေတ်အဆက်ဆက် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကိုပြသခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV က နှုတ်ခွန်းဆက်စကားပြောကြားပါသည်။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
မြန်မာ-ရုရှားချစ်ကြည်ရေးနှင့်
ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်တွင်
ခင်းကျင်းပြသထားသည့် မှတ်တမ်းဗီဒီယိုနှင့်
မှတ်တမ်းဓာတ်ပုံများအား လှည့်လည်
ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တက်ရောက်စဉ်။



မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် "မြန်မာ-ရုရှားဆက်ဆံရေးနှင့် မြန်မာ့လူမှုစီးပွားရေးအပေါ် အကျိုးဖြစ်ထွန်းမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။



မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် "မြန်မာ-ရုရှားဆက်ဆံရေး မျက်မှောက်နှင့် အနာဂတ်ခရီး" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များက Rossiya Vperod ရုရှားတေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပါသည်။

(၇၅)နှစ်မြောက် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် သဘာပတိအဖြစ် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ဆောင်ရွက်၍ "မြန်မာ-ရုရှားဆက်ဆံရေး မျက်မှောက်နှင့် အနာဂတ်ခရီး" ခေါင်းစဉ်ဖြင့် ဦးခင်မောင်ဇော်၊ ဒေါက်တာနိုင်ဆွေဦးနှင့် ဦးကျော်လင်းဦးတို့ကလည်းကောင်း၊ "မြန်မာ-ရုရှားဆက်ဆံရေးနှင့် မြန်မာ့လူမှုစီးပွားရေးအပေါ် အကျိုးဖြစ်ထွန်းမှုများ" ခေါင်းစဉ်ဖြင့် ဒေါက်တာနန္ဒာမွန်း၊ ဒေါက်တာမောင်သင်း၊ ဦးရဲမင်းအောင်တို့ကလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ၊ လဟာပြင်ကဇာတ်ရုံတွင် ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့၌ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၄ ဆု ချီးမြှင့်ရန် လျာထားခဲ့သော်လည်း အခမ်းအနားကျင်းပသည့်နေ့တွင်

စဉ်	ဆုအမည်	ဆုရရှိသူအမည်	ဇာတ်ကားအမည်	မှတ်ချက်
၁	ဓာတ်ပုံဆု	အာကာတိုး	ဒဏ္ဍာရီမိုး	
၂	တေးဂီတဆု	ကျော်ကျော်ထွန်း	နို့ဘီလူး	
၃	အသံဆု	ကြည်မင်းသိန်း	၁၀၁၄	
၄	တည်းဖြတ်ဆု	ဂျီသရီး / ကျော်ခိုင်စိုး	၁၀၁၄	
၅	ဇာတ်ညွှန်းဆု	မောင်မြတ်ဆွေ	နိုင်ငံကြီးသား	
၆	အမျိုးသမီးဇာတ်ပို့ဆု	ခင်ဝင့်ဝါ	လှပ်၍လွင့်သော	
၇	အမျိုးသားဇာတ်ပို့ဆု	ရွှေထူး	ဒဏ္ဍာရီမိုး	
၈	အမျိုးသမီးဇာတ်ဆောင်ဆု	အိန္ဒြာကျော်ဇင်	ဟစ်တိုင်	
၉	အမျိုးသားဇာတ်ဆောင်ဆု	မြင့်မြတ်	ရိုးမပေါ်ကျတဲ့ မျက်ရည်	

၂၀၁၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများစာရင်း

စဉ်	ဆုအမည်	ဆုရရှိသူအမည်	ဇာတ်ကားအမည်	မှတ်ချက်
၁	ဓာတ်ပုံဆု	ဖြိုးကျော်	ပိတောက်ကတဲ့ ဂီတ	
၂	တေးဂီတဆု	အောင်ကိုလတ်	ဂန္ဓဗ္ဗ	
၃	ဇာတ်ကားဆု	Frezon	ပိတောက်ကတဲ့ ဂီတ	
၄	အထူးဆု	ဌေးဌေးတင်နှင့်အဖွဲ့	ကမ္ဘဖလ	
၅	ဒါရိုက်တာဆု	မီးပွား	ပိတောက်ကတဲ့ ဂီတ	
၆	အမျိုးသမီးဇာတ်ပို့ဆု	မေသဉ္ဇာဦး	ရွှေမင်းသမီး	
၇	အမျိုးသားဇာတ်ပို့ဆု	အုန်းသီး	သောင်းတိုက်က ကြားစေသား	
၈	အမျိုးသမီးဇာတ်ဆောင်ဆု	စိုးပြည့်သဇင်	ရွှေမင်းသမီး	
၉	အမျိုးသားဇာတ်ဆောင်ဆု	စိုင်းစိုင်းခမ်းလှိုင်	ပိတောက်ကတဲ့ ဂီတ	

၂၀၂၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများစာရင်း

စဉ်	ဆုအမည်	ဆုရရှိသူအမည်	ဇာတ်ကားအမည်	မှတ်ချက်
၁	တည်းဖြတ်ဆု	ကြည်သာ	လိပ်ပြာထောင်ချောက်	
၂	ဇာတ်ကားဆု	Triple Six	ဝေးမနေချင်ဘူး	
၃	အမျိုးသမီးဇာတ်ဆောင်ဆု	ရွှေမှုံရတီ	ဝေးမနေချင်ဘူး	
၄	အမျိုးသားဇာတ်ဆောင်ဆု	ပြေတီဦး	လိပ်ပြာထောင်ချောက်	

၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများစာရင်း

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမှု မှတ်တမ်း









၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို
နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပစဉ်။



၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။











၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။









၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး
ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၂ ဆုကို ချီးမြှင့်နိုင်ခဲ့ပါသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ချီးမြှင့်သည့် အကယ်ဒမီရွေစင်ရုပ်တုများတွင် တပ်ဆင်ထားသော ရွှေသားအစစ်ဖြင့် ပြုလုပ်သည့် ရွှေကြယ်များ ပြုလုပ်နိုင်ရေးအတွက် ရွှေစင် တစ်ပိဿာနှင့် ၂၀ ကျပ်သားကို လည်းကောင်း၊ ယခင်နှစ်များက ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူများအား ချီးမြှင့် ဝတ်ဆင်ပေးသည့် ရင်ထိုးတံဆိပ်များပြုလုပ်ရန် အတွက် ၁၄ ဒသမ ၄ ကျပ်သားကိုလည်းကောင်း၊ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သန်း ၂၀၀ ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၂ (MICC–II) တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၌ ကျင်းပရာ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၏ အရေးကြီးပုံနှင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စု၏ အင်အားဖြစ်သည်ဟူသော အဓိပ္ပာယ်တို့ကို မျိုးဆက်သစ် လူငယ်များ သိရှိနိုင်စေရန်အတွက် အောက်ပါ ပြကွက်များကို ပြသနိုင်ခဲ့ပါသည် –

(က) ပြည်ထောင်စုလှေပြကွက်၊

(ခ) လွတ်လပ်ရေးကျောက်တိုင်၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။









တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြသထားသည့် ပြခန်းများအား တွေ့ရစဉ်။

(ဂ) လွတ်လပ်ရေး ကြေညာစာတမ်း၊

(ဃ) စည်းလုံးညီညွတ်မှုကိုဖော်ညွှန်းသည့် ထင်းစည်းချိုးသရုပ်ဖော်ပြကွက်။

ထို့အတူ ၁၉၆၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နိုင်ငံတော်အစိုးရ အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား ကျင်းပခဲ့မှု မှတ်တမ်းဓာတ်ပုံများကို အောက်ပါအတိုင်း ခင်းကျင်းပြသနိုင်ခဲ့ပါသည် -

(က) တော်လှန်ရေးကောင်စီ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် မှတ်တမ်းဓာတ်ပုံ ၃၁၈ ပုံ၊

(ခ) နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် မှတ်တမ်းဓာတ်ပုံ ၅၄ ပုံ၊

(ဂ) စိန်ရတု လွတ်လပ်ရေးနှင့် ပြည်ထောင်စုနေ့အခမ်းအနား မှတ်တမ်းဓာတ်ပုံ ၁၆၅ ပုံ။

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်သဘင်အခမ်းအနားကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာ စင်တာ၌ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပရာ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော သုတ၊ ရသ၊ အထွေထွေစာအုပ် ၂၈၅၅ အုပ်ကို ခင်းကျင်းပြသနိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်သဘင်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံတွင် စာပေဒေသာဝေဆာ စည်ပင်ဖွံ့ဖြိုးရန်နှင့် စာအုပ်စာပေများ ထွန်းကားပျံ့နှံ့



မြန်မာနိုင်ငံတွင် စာပေဒေသာဝေဆာစည်ပင်ဖွံ့ဖြိုးစေရန်နှင့် စာအုပ်စာပေများ ထွန်းကားပျံ့နှံ့စေရန်အတွက် စာပေကမ္ဘာလုံးကြီးကို ဆန်းသစ်စွာ ပြင်ဆင်ပြသထားမှုအား တွေ့ရစဉ်။

နေမှု၊ ဝေဆာဖြစ်ထွန်းနေမှုများကို ဖော်ပြပေး နိုင်ရန် စာပေသစ်ပင်ကြီး ဖွံ့ဖြိုးစည်ပင်ရန် အတွက် အားလုံးက ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးရမည်ဆိုသည့် အဓိပ္ပာယ်ဖြင့် စာပေသစ်ပင် ပုံစံပြုလုပ်ပြသခြင်း၊ သုတ/ရသစာအုပ်များ၊ အသိပညာပေး ဆောင်ပုဒ်များ ပြသခဲ့ပြီး e-Book များနှင့် Audio Book များ၊ Website များနှင့် Application များကို Tablet များ အသုံးပြု၍ Online & Offline ဖတ်ရှုနားဆင် နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် စာပေ၏ တန်ဖိုးကြီးမားမှုနှင့် ကြီးမြတ်သည့် နိုင်ငံ့သမိုင်းကို မျိုးဆက်သစ်လူငယ်များ သိရှိ အောင် စာအုပ်စာပေများဖြင့် လက်ဆင့်ကမ်း သယ်ဆောင်လာမှုတို့အား သိရှိနိုင်စေရန် အတွက် ခေတ်အဆက်ဆက်တွင် ထွန်းကားခဲ့ သည့် စာပေပုံစံများဖြစ်သည့် ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာများ ဖြစ်ထွန်းတိုးတက် ပြောင်းလဲလာမှု သမိုင်းများကို Lightbox များ ဖြင့် ပြသခြင်း၊ မြန်မာနိုင်ငံတွင် စာပေဖွံ့ဖြိုး တိုးတက်မှု သမိုင်းကြောင်းများကို ဖော်ညွှန်း ထားသည့် ပန်းချီကားတို့ကို Lightbox များဖြင့် ပြသနိုင်ခဲ့ပါသည်။

ထို့ပြင် အဆိုပါအခမ်းအနားတွင် ပြည်တွင်း၌ ထုတ်ဝေခဲ့သော စာအုပ်စာစောင် ၃၁၈၀ အုပ် အား အခမ်းအနားတက်ရောက်လာသူများ လေ့လာဖတ်ရှုနိုင်ရန် ခင်းကျင်းပြသနိုင်ခဲ့ ပါသည်။

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေ ဗိမာန်စာမူဆု ဆုနှင့်းသဘင်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန် ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ ရာ ကမ္ဘာပေါ်ရှိ လူသားတို့သည် သုတ/ရသ စာပေများဖြင့် သမိုင်းစဉ်ဆက် ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်မှု၊ စာအုပ်စာပေများ ထွန်းကားပျံ့နှံ့နေမှု၊ ဝေဆာဖြစ်ထွန်းနေမှုများ ကိုဖော်ပြပေးနိုင်ရန် စာပေကမ္ဘာလုံးကြီး စဉ်ဆက် မပြတ် ဖွံ့ဖြိုးစည်ပင်ရန်အတွက် အားလုံးက ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးရမည်ဆိုသည့် အဓိပ္ပာယ်ကို သိရှိနိုင်ရန်အတွက် စာပေကမ္ဘာ လုံးကြီးကို ဆန်းသစ်စွာ ပြင်ဆင်၍ သုတ/ရသ စာအုပ်များ၊ အသိပညာပေး ဆောင်ပုဒ်များ ပြသ ခဲ့ပြီး e-Book များနှင့် Audio Book များ၊ Website များနှင့် Application များကို Tablet များ အသုံးပြု၍ Online & Offline ဖတ်ရှုနား ဆင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် စာပေ၏ တန်ဖိုးကြီးမားမှုနှင့် ကြီးမြတ် သည့် နိုင်ငံ့သမိုင်းကို မျိုးဆက်သစ်လူငယ်များ သိရှိအောင် စာအုပ်စာပေများဖြင့် လက်ဆင့်ကမ်း သယ်ဆောင်လာမှုတို့အား သိရှိနိုင်စေရန် အတွက် စာရေးဆရာကြီး မြသန်းတင့် ရေးသား ခဲ့သည့် “သမိုင်းထဲက ပုဂံ၊ ပုဂံထဲက သမိုင်း” စာအုပ်အား ပုံစံတူစာအုပ်ကြီး ပြုလုပ်၍ ခေတ်မီ ဆန်းသစ်စွာ ခင်းကျင်းပြသနိုင်ခဲ့ပါသည်။

ထို့ပြင် အဆိုပါအခမ်းအနားတွင် ပြည်တွင်း၌ ထုတ်ဝေခဲ့သော စာအုပ်စာစောင် ၂၈၄၀ အုပ် အား အခမ်းအနားတက်ရောက်လာသူများ လေ့လာဖတ်ရှုနိုင်ရန် ခင်းကျင်းပြသနိုင်ခဲ့ ပါသည်။













နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်
အခမ်းအနားတွင်ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင်
ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန် လူငယ်များအတွင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရုံ(B) တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၂၂ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၀-၁၂-၂၀၂၃ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လူငယ်နှင့် စာပေအနုပညာပွဲတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “လူငယ်နှင့်စာပေ အနုပညာ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အားကစားမောင်မယ်များ၏ အားကစားနည်းအလိုက် စွမ်းရည်ပြသခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ “ရှေ့သို့လှမ်းချီမြန်မာပြည်”၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများ၏ “ဘက်စုံပညာရည် တို့လှမ်းချီ”၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ “နတ်မြင်းပျံ” ယိမ်းအက၊ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ”၊ “ပြည့်ရတနာ”၊ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၏ “ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား” သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် အဆိုတော် ယုန်လေး၏ “အနာဂတ်သူရဲကောင်း” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ၏ “ရတနာများစွာ” တေးအော်ပရာဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ အနုပညာရှင်များ၏ “တာဝန်ကိုယ်စီ ထိန်းကြမည်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား/ကျောင်းသူများ၏ “သျှောင်ပေစူး” သီချင်းဖြင့် ကပြ ဖျော်ဖြေ တင်ဆက်မှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ပါသည်။

လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် အောက်ပါဝန်ကြီးဌာန(၁၄)ခုက ပြခန်းပေါင်း (၆၂) ခန်းကို ခင်းကျင်းပြသခဲ့ပြီး ဥဏ်စမ်းပဟေဠိများ ဖြေဆိုခြင်း၊ ဂိမ်းကစားခြင်းများကို ပါဝင်ဆင်နွှဲခဲ့ကြပါသည်-

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊
(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
(ဃ) နယ်စပ်ရေးရာဝန်ကြီးဌာန၊
(င) ပြန်ကြားရေးဝန်ကြီးဌာန၊
(စ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊
(ဆ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
(ဇ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
(ဈ) ပညာရေးဝန်ကြီးဌာန၊
(ည) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊
(ဋ) ကျန်းမာရေးဝန်ကြီးဌာန၊
(ဌ) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊
(ဍ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊
(ဎ) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်တွင်း၌ ထုတ်ဝေခဲ့သော စာအုပ်/စာစောင် ၂၀၄၀ အုပ်ကို ခင်းကျင်းပြသခဲ့ပြီး စာအုပ်/စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ် တကူ ဝယ်ယူနိုင်စေရန်အတွက် ဝန်ကြီးဌာနများမှစာအုပ်အရောင်းဆိုင်ငါးဆိုင်နှင့် ပြင်ပစာအုပ်ဆိုင်များမှ စာအုပ်အရောင်းဆိုင်သုံးဆိုင် စုစုပေါင်း စာအုပ်အရောင်းဆိုင်ရှစ်ဆိုင် ဖွင့်လှစ်ရောင်းချပေးခဲ့ပါသည်။ ထို့အတူ ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် မိဘပြည်သူများအနေဖြင့် ဈေးနှုန်းချိုသာပြီး သန့်ရှင်းလတ်ဆတ်သည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကို အလွယ်တကူ ဝယ်ယူသုံးဆောင်နိုင်ရန် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်(၁၈)ဆိုင် ဖွင့်လှစ်ရောင်းချပေးခဲ့ပါသည်။

ပွဲတော်ကျင်းပသည့် ၂၀-၁၂-၂၀၂၃ ရက်နေ့တွင် MRTV-4 မှ အနုပညာရှင်များက “လူငယ်နှင့်စာပေ”ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ၂၁-၁၂-၂၀၂၃ ရက်နေ့တွင် “လူငယ်နှင့် အကောင်းမြင်စိတ်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၂-၁၂-၂၀၂၃ ရက်နေ့တွင် “လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား သီချင်းဖျော်ဖြေတင်ဆက်ကပြမှုကို တွေ့ရစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်အား
စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူများက ကပြဖျော်ဖြေတင်ဆက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇ဖ)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ခင်းကျင်းပြသထားသည့်
ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားတွင်
ဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားမှ အနုပညာရှင်များက ဖျော်ဖြေရေးအစီအစဉ်များ ဖြင့် ဖျော်ဖြေခဲ့ကြရာ ဝန်ထမ်းများ၊ ကျောင်း သား/ကျောင်းသူများနှင့် ပြည်သူများ တစ်ရက် လျှ င် ၁၁၀၀၀ ဦးခန့် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်မြန်မာ ပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့၌ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် အထူးဆုအပါအဝင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၃ ဆု ချီးမြှင့်ရန် လျာထားခဲ့သော်လည်း အခမ်းအနားကျင်းပ သည့်နေ့တွင် မြန်မာ့ရုပ်ရှင် တစ်သက်တာ ထူးချွန်ဆု သုံးဆုနှင့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုကိုး ဆု၊ စုစုပေါင်း ထူးချွန်ဆု ၁၂ ဆုကို အောက်ပါ ဧယားအတိုင်း ချီးမြှင့်နိုင်ခဲ့ပါသည်။


မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်း အနားတွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိသူများအား ချီးမြှင့်သည့် အကယ်ဒမီရွှေစင်ရုပ်တုများတွင် တပ်ဆင်ထား သော ရွှေသားအစစ်ဖြင့် ပြုလုပ်သည့် ရွှေကြယ် များ ပြုလုပ်နိုင်ရေးအတွက် ရွှေစင် ၅၅ ကျပ်သား ကိုလည်းကောင်း၊ ယခင်နှစ်များက ရုပ်ရှင်ထူးချွန် ဆုရရှိပြီးသူများအား ချီးမြှင့်ဝတ်ဆင်ပေးသည့် ရင်ထိုးတံဆိပ်များ ပြုလုပ်ရန်အတွက် ရွှေစင် ၁၆ ဒသမ ၅ ကျပ်သားကို လည်းကောင်း၊ အခမ်း အနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်

စဉ်	ဆုအမည်	ဆုရရှိသူအမည်	ဇာတ်ကားအမည်	မှတ်ချက်
၁	ရုပ်ရှင်တစ်သက်တာဆု	ဦးအောင်မြင့်မြတ်		
၂	ရုပ်ရှင်တစ်သက်တာဆု	ပန်းချီစိုးမိုး		
၃	ရုပ်ရှင်တစ်သက်တာဆု	ဒေါ်နွဲ့နွဲ့စန်း		
၄	ဓာတ်ပုံဆု	ဝင်းလွင်ထက်	ကံကောင်း	
၅	တေးဂီတဆု	ကောင်းဆက်ပိုင်(ဂီတမြို့)	ကံကောင်း	
၆	ဇာတ်ညွှန်းဆု	ညိုမင်းလွင်	ဆရာမ	
၇	ဇာတ်ကားဆု	ခတ္တိယ	ကံကောင်း	
၈	ဒါရိုက်တာဆု	တင်အောင်စိုး (ပန်းမြို့တော်)	စောင်နီလေးတစ်ထည်	
၉	အမျိုးသမီးဇာတ်ပို့ဆု	မေမြင့်မိုရ်	မုန်းခွင့်	
၁၀	အမျိုးသားဇာတ်ပို့ဆု	နေဝင်း	ရည်ရွယ်မိုး	
၁၁	အမျိုးသမီးဇာတ်ဆောင်ဆု	စိုးမြတ်သူဇာ	ဘယ်တော့မှ အရှုံးမပေးဘူး	
၁၂	အမျိုးသားဇာတ်ဆောင်ဆု	ရန်အောင်	စောင်နီလေးတစ်ထည်	

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများစာရင်း

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမှု မှတ်တမ်း















၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည့် အနုပညာရှင်များအနက် ထူးချွန်ဆုရရှိပြီးသူများအား ရွှေစင်ရုပ်တုရင်ထိုးတံဆိပ်များ ဆင်မြန်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။













နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ရုပ်ရှင်တစ်သက်တာဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။















၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်ဆုရရှိသူများနှင့် အခမ်းအနား တက်ရောက်လာသူများအနက်မှ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။







၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုနှင့်
ဆုရရှိသူများစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးမှုအား တွေ့ရစဉ်။

ငွေကျပ် သန်း ၁၅၀ ကို လည်းကောင်း နိုင်ငံတော်အစိုးရက ပံ့ပိုးပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသော(၄၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ အနုပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။ ယင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ကျပ်သိန်း ၁၀၀ စီအား သက်ကြီးအနုပညာရှင်များသို့ လှူဒါန်းခဲ့ပါသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ (၁၀၂) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် ရုပ်ရှင်တစ်သက်တာဆုပေးပွဲ၊ မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်ဖွင့်ပွဲနှင့် (၄၅) ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် နိုင်ငံတော်က ရုပ်ရှင်တစ်သက်တာဆုအတွက် ရွှေစင် ၅ ကျပ်သားနှင့် အကယ်ဒမီရွှေစင်ရုပ်တုကို ချီးမြှင့်ခဲ့ပါသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆)ကြိမ်






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၄၅) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့် ရုပ်ရှင်တစ်သက်တာဂုဏ်ပြုဆုပေးအပ်ပွဲတွင် မြန်မာ့ရုပ်ရှင် သက်ကြီးပညာရှင်များအား ဂုဏ်ပြုဆု ပေးအပ်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၄၆) ကြိမ်မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲတွင် အမှာစကား ပြောကြားစဉ်။

မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သက်ကြီး အနုပညာရှင်များ အတွက်ပေးအပ်သည့် အလှူငွေကျပ် သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ဝန်ထမ်း မိသားစုများက ငွေကျပ် သိန်း၂၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အလှူရှင်များက ငွေကျပ် သိန်း ၁၅၀၊ Forever Group Co.,Ltdက ငွေကျပ် သိန်း ၇၀၊ ရွှေသံလွင်မီဒီယာ (Sky Net) မိသားစုများက စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၆၃ သိန်းရှိ (Sky Net) (DTH) ကြည့်ရှုခွင့်ခြောက်လစာနှင့် (DTH)စက်တစ်စုံနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင် မိသားစုများက ငွေကျပ် ၁၇ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသိရီဗိမာန် ဧည့်ခန်းမ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆောင်တွင် တွေ့ဆုံပြီး စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပိုင်းဆိုင်ရာကဏ္ဍများမှတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေ ကျပ်သိန်း ၄၀၀၀၊ ဆန်အိတ် ၁၀၀၊ ဆီပိသာ ၅၀၀ နှင့် ပဲပိသာ ၃၀၀ တို့အား ပေးအပ် ထောက်ပံ့ခဲ့ပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အနုပညာလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ပြသ ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ရုပ်ရှင်လောကသားများ ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံ လုပ်ငန်းလုပ်ကိုင်သူများနှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) Mingalar Cinema ရုပ်ရှင်ရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ် JCGV (Kantharyar) ရုပ်ရှင်ရုံတို့ကို ကွင်းဆင်းလေ့လာဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ၂၀၂၂ ခုနှစ် မေလ ၆ ရက်နေ့တွင် ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းခဲ့ပါသည်။

အလားတူ ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ပြည်တွင်းရုပ်ရှင်ဇာတ်ကား ဇာတ်လမ်းတွဲ၊ နိုင်ငံခြားဇာတ်ကား ဇာတ်လမ်းတွဲများအား ဗီဒီယိုစိစစ်ခွင့်ပြုချက်ရယူပြီး ပြသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သံလွှင့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့က ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးဆောင်၍ ၆-၅-၂၀၂၃ ရက်နေ့၌ နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ရွေစင်ရုပ်နှင့်အတူ ဆုတစ်ဆုလျှင် ရွေစင်ငါးကျပ်သားစီ စတင်ချီးမြှင့်ပေးခဲ့ပါကြောင်းနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည့် အနုပညာရှင်များထဲမှ ထူးချွန်ဆုရရှိပြီးသည့် အနုပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရွှေဖြင့် ပြုလုပ်ထားသည့် ရွေစင်ရုပ်တုရင်ထိုးတစ်ခုလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ကာလအတွင်း

ရုပ်ရှင်ပညာရှင်ကြီးများနှင့် ရုပ်ရှင်လောကသား အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ဂုဏ်ထူးဆောင်ဘွဲ့များနှင့် လက်မှတ်များ ပေးအပ်ခဲ့ရာ ၂၇-၃-၂၀၂၂ ရက်နေ့တွင် လူမှုထူးချွန်တံဆိပ် ပထမအဆင့် ၂၄ ဦး၊ လူမှုထူးချွန်တံဆိပ် ဒုတိယအဆင့် ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် တတိယအဆင့် ခုနစ်ဦး၊ စုစုပေါင်း ၃၈ ဦးတို့ကိုလည်းကောင်း၊ ၁၇-၄-၂၀၂၂ ရက်နေ့တွင် လူမှုထူးချွန်တံဆိပ် ပထမအဆင့်တစ်ဦး၊ လူမှုထူးချွန်တံဆိပ် ဒုတိယအဆင့် တစ်ဦး၊ အနုပညာထူးချွန်တံဆိပ် ဒုတိယအဆင့် လေးဦး စုစုပေါင်း ခြောက်ဦးတို့ကို လည်းကောင်း၊ ၁၇-၁၁-၂၀၂၂ ရက်နေ့တွင် လူမှုထူးချွန်တံဆိပ် ပထမအဆင့် လေးဦး၊ လူမှုထူးချွန်တံဆိပ် ဒုတိယအဆင့် နှစ်ဦး၊ လူမှုထူးချွန်တံဆိပ် တတိယအဆင့် သုံးဦး၊ အနုပညာထူးချွန်တံဆိပ် ပထမအဆင့် တစ်ဦး၊ အနုပညာထူးချွန်တံဆိပ် ဒုတိယအဆင့် ၃၆ ဦးနှင့် အနုပညာထူးချွန်တံဆိပ် တတိယအဆင့် ၁၅ ဦး စုစုပေါင်း ၆၁ ဦးတို့ကို လည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယသက်တမ်းပြည့်ပြီး ဖြစ်သောကြောင့် တတိယသက်တမ်းအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်း လုပ်ငန်းစဉ်များ အတိုင်း ဆောင်ရွက်ခဲ့ပြီး ရွေးချယ်တင်မြှောက်ခြင်းခံရသော သတင်းမီဒီယာ ကောင်စီဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၃၀-၁၀-၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၃၄/၂၀၂၁)ဖြင့် အဖွဲ့ဝင်(၂၂)ဦးပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဖွဲ့စည်းပေးခဲ့ပါသည်။

တတိယအကြိမ်သက်တမ်း ရွေးချယ်ခြင်းခံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရှေ့မှောက်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ ကတိသစ္စာပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကောင်စီဝင်များ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေ့မောက်၌ ကတိသစ္စာပြုခြင်း အခမ်းအနားကို ၂၄-၁၁-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သဘင်ဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရှေ့မောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ရှုထောင့်ပေါင်းစုံမှသိရှိပြီး နိုင်ငံတော်အစိုးရအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များ ပေးနိုင်ရန်၊ ဦးစီးဌာနအတွင်းရှိ ဝန်ထမ်းများအနေဖြင့် နည်းပညာဆိုင်ရာ အသိပညာများ၊ သတင်းတု/သတင်းမှားများနှင့် ပတ်သက်သည့် အသိပညာ



မြန်မာ-အာဆီယံ ဆက်ဆံရေးအကျိုးအပြစ် ဆွေးနွေးပွဲ ကျင်းပစဉ်။



လက်ရှိအရွေ့ကို ဘယ်လိုရွေ့ကြမလဲဆွေးနွေးပွဲ ကျင်းပစဉ်။



ရုရှား-ယူကရိန်း ပဋိပက္ခနှင့်ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများဆွေးနွေးပွဲ ကျင်းပစဉ်။

တိုးတက်လာစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေး ဟောပြောပွဲများကို ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည် -

မြန်မာနှင့်အာဆီယံ ဆက်ဆံရေး အကျိုးအပြစ် ဆွေးနွေးပွဲ ကို မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို ရှုထောင့်ပေါင်းစုံမှသိရှိပြီး နိုင်ငံတော်အစိုးရအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များ ပေးနိုင်ရန်ရည်ရွယ်၍ ၇-၃-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် Moderator အဖြစ် ဦးကိုကို (ကိုကို-စက်မှု)၊ Speakers များအဖြစ် ဒေါက်တာအောင်မျိုး၊ ဒေါက်တာနိုင်ဆွေဦး၊ ဦးသန်းမောင်(စစ်တွေ)၊ ဦးကိုကိုကြီး၊ ဦးအောင်ကြည်စိုးတို့က ဆွေးနွေးခဲ့ကြသည်။

လက်ရှိအရွေ့ကိုဘယ်လိုရွေ့ကြမလဲဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို ရှုထောင့်ပေါင်းစုံမှသိရှိပြီး နိုင်ငံတော်အစိုးရအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များပေးနိုင်ရန် ရည်ရွယ်၍ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် Moderator အဖြစ် ဦးရန်ကျော်၊ Speakers များအဖြစ် ဦးသုဝေ၊ ဦးစိုင်းအိုက်ပေါင်း၊ ဒေါက်တာအေးမောင်၊ ဒေါက်တာညီညီသင်းတို့က ဆွေးနွေးခဲ့ကြသည်။

ရှရှား-ယူကရိန်းပဋိပက္ခနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်



အသိဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။



မြန်မာရေးရာ လေ့လာရေးအဖွဲ့၏ (၇) နှစ် မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲ ကျင်းပစဉ်။



သတင်းမှားများ ကိုင်တွယ် ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

တိုးတက် ပြောင်းလဲမှုများကို ရှုထောင့်ပေါင်းစုံ မှသိရှိပြီး နိုင်ငံတော်အစိုးရအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များ ပေးနိုင်ရန် ရည်ရွယ်၍ ၃-၈-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် Moderator အဖြစ် ဦးမောင်မောင်မြင့်သိန်း၊ Speakers များအဖြစ် ဒေါ်ခိုင်ခိုင်နွယ်၊ ဒေါက်တာစိုးထွန်း၊ ဦးကျော်ကျော်လှိုင်၊ ဦးသိန်းထွန်းဦးတို့က ဆွေးနွေးခဲ့ကြသည်။

အသိဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အရာထမ်းများနှင့် အမှုထမ်းများအား အသိဉာဏ်ရည်တု (Artificial Intelligence – AI) နည်းပညာများကို သိရှိစေပြီး အသုံးပြုနိုင်စေရန်ရည်ရွယ်၍ ၁၄-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပြန်/ဆက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်သူတို့က ဆွေးနွေးခဲ့ကြသည်။

မြန်မာရေးရာ လေ့လာရေးအဖွဲ့၏ (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲကို ရေးရာစာစောင်များတွင် ရေးသားပေးလျက်ရှိသော စာရေးဆရာများအချင်းချင်းတွေ့ဆုံခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးမှုရရှိပြီး ရေးရာ စာစောင်များအတွက် စာမူကောင်းများတိုးတက်ရရှိလာစေရန်အတွက် ၂၀-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ရှိ ဝန်ထမ်းများ လူမှုမီဒီယာ ပလက်ဖောင်းများတွင် ထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများကို ပူးပေါင်းတိုက်ဖျက်နိုင်စေရန် ရည်ရွယ်၍ ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပြန်/ဆက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝဏ္ဏအောင်တို့က ဆွေးနွေးခဲ့ကြသည်။



ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပစဉ်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ရှိ ဝန်ထမ်းများ အိုင်စီတီအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် eGovernment ဆိုင်ရာလုပ်ငန်းများတွင် ဆိုက်ဘာ တိုက်ခိုက်မှု အန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများ ပြည့်ဝစေရန်နှင့် ဟက်ကာများ၏ တိုက်ခိုက်မှု နည်းလမ်းများနှင့် တိုက်ခိုက်ခြင်းများမှ ကာကွယ်နိုင်သည့် နည်းလမ်းများကို သိရှိနိုင်စေရန်ရည်ရွယ်၍ ၃-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် Myanmar Infosec မှ Director ဦးကျော်စွာမင်း၊ Network Engineer ဦးကျော်ဇင်ဦးတို့က ဆွေးနွေးခဲ့ပါသည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စိန်ခေါ်မှုများ မည်သို့ပင်ရှိပါစေ၊ အခက်အခဲအတားဆီးများ မည်သို့ပင်ရှိပါစေ ပြည်သူများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို ရင်ဆိုင် ဖြတ်သန်းကျော်လွှားနိုင် စေရန် ရည်ရွယ်၍ ကျန်းမာရေး အသိပညာပေးဖြစ်သော “ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူအားလုံးပါဝင်ပေး” ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၂၁ ခုနှစ်တွင် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပစဉ်။

"နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် "လှပသာယာပြည်မြန်မာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် "လှပသာယာပြည်မြန်မာ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူး ထားသော ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ဖိတ်ခေါ်ကျင်းပခဲ့ရာ သုံးနှစ်တာကာလအတွင်း ပြိုင်ပွဲဝင် ၆၈၈ ဦးက ရောင်စုံဓာတ်ပုံစုစုပေါင်း ၂၅၆၈ ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ပြိုင်ပွဲဝင်များ၏ ဆုရဓာတ်ပုံများကို လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ် ပို့စကတ်များထုတ်ဝေပေးနိုင်ခဲ့ပါသည်။









ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာ၌ လည်းကောင်း၊ ၂၀၂၁ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားနှင့် ၂၀၂၂ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC – II) ၌လည်းကောင်း နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့်ခဲ့ပြီး ဆုရစာရေးဆရာကြီးများနှင့် စာပေပညာရှင်တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဆရာကြီး ဦးစိန်လှိုင်(သူရဇော်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေဆု ဂန္ဓဝင်ကဗျာဆုရ "မြင်းမိုရ်စိတ်ကူးကဗျာများ" စာအုပ်ကို ရေးသားသူ ဆရာချစ်စုအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၀ ပြည့်နှစ် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်
အခမ်းအနားတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများနှင့် အမျိုးသားစာပေဆုရ စာအုပ်များစာရင်း

အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများ

၁။ ဦးမောင်မောင်လတ်(နောင်)

၂။ ဦးစိန်လှိုင်(သူရဇော်)

၃။ ဒေါ်ချိုချိုတင်(မစန္ဒာ)

အမျိုးသားစာပေဆုရစာအုပ်များ

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၁	ဝတ္ထုရှည်	မခြူးပွင့်	ပျောက်ဆုံးသွားသောနှင်းစက်များ(သို့မဟုတ်) နှင်းစက်ပုံပြင်	တက်တိုး
၂	ဂန္ဆဝင်ကဗျာဆု	ချစ်စုအောင်	မြင်းမိုရ်စိတ်ကူးကဗျာများ	စာပေဗိမာန်
၃	ခေတ်ပေါ်ကဗျာဆု	အောင်ကောင်းမြစ်	ဒီနေ့ပန်းတွေပွင့်တယ်	စိတ်ကူးချိုချို
၄	စာပဒေသာ	မြသန်းစံ	ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့် ဓမ္မဆီမီး	အပွမာဒ စာစဉ်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ	နိုင်ဇော်	ရှေးဟောင်းယဉ်ကျေးမှု အစဉ်အလာ အမွေအနှစ် တက္ကသိုလ် ပညာသင်ကြားခဲ့ရာများ	သီရိဝဏ္ဏ စာပေ
၆	ဘာသာပြန် (သုတ)	ရဲမင်းဝင်း	ပစ်မှတ်	သားငယ် စာပေ
၇	သုတပဒေသာ (ဝိဇ္ဇာ)	ဒေါက်တာ အောင်မြင့်ဦး	စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး	ရောဝဏ် စာပေတိုက်
၈	သုတပဒေသာ (အသုံးချသိပ္ပံ)	ဒေါက်တာဦးလှကြည် (ကလေးကျန်းမာရေး)	ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်	ရှင်မတောင် စာပေ

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၉	နိုင်ငံရေး	မန္တဲ့ရီ(မဟာဝိဇ္ဇာ)	ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး သဘောတရား အမြင်များ	ကနုတ်ပန်း စာပေ
၁၀	အင်္ဂလိပ် (သုတ)	Situ Dr.Thaw Kaung	Papers from My Shoulder Bag (Myanmar Literary, Cultural and Historical Essays)	Myanmar Book Centre
၁၁	အင်္ဂလိပ် (ရသ)	Aye Phyu	A Motley Collection of My Works	မွန်မြတ်သူ စာပေ
၁၂	ရသစာတမ်း (အက်ဆေး)	နိုင်ဝင်းသီ	မြို့ကလေးရဲ့ အော်ပရာ အက်ဆေးများ	သီရိဝဏ္ဏ စာပေ

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများနှင့် အမျိုးသားစာပေဆုရ စာအုပ်များစာရင်း

အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများ

၁။ ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)
၂။ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)
၃။ ဒေါက်တာမျိုးသန့်တင်
၄။ ဒေါက်တာဒေါ်တင်ဝင်း(ဒေါက်တာမတင်တင်း–ပညာရေးတက္ကသိုလ်)

အမျိုးသားစာပေဆုရစာအုပ်များ

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၁	ဝတ္ထုတို	မင်းခိုက်စိုးစန်	ဂျစ်ကန်ကန်ဝတ္ထုတိုများ	ငါတို့စာပေ
၂	စာပဒေသာ	စိုးတင့်(ဧရာဝတီ)	ဖိုးထောင်ဇာတ်လမ်းစုံ	နိုင်ငံ့ဂုဏ်ရည်

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၃	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ	ရွှေကူနန်းနွဲ့နွဲ့	ညောင်ရမ်းခေတ်ဝန်ကြီး ပဒေသရာဇာ၏ မဏိကက် ပြဇာတ်ကို တေးဂီတရှုထောင့်မှ လေ့လာခြင်း	သစ္စာရောင်ခြည် စာပေတိုက်
၄	လူငယ်စာပေ	အကြီးကိုကို (ကသာ)	လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀	အကြီးကိုကို စာအုပ်တိုက်
၅	ဘာသာပြန်(သုတ)	သက်ဆွေ	အရှက်တကွဲ အကျိုးနည်း	Myanmar Heritage
၆	သုတပဒေသာ (ဝိဇ္ဇာ)	ပန်းတနော် ခင်မောင်မြင့်	ရာမည	ဇွန်ပန်း မွေးမွေး စာပေတိုက်
၇	သုတပဒေသာ (အသုံးချသိပ္ပံ)	ဒေါက်တာ သန်းထိုက်	သိပ္ပံနည်းကျ ဒေတာလမ်းပြ စားသောက်ကုန် တာရှည်ခံထိန်း ဓာတုပစ္စည်းများ စံချိန်စံညွှန်းပြည့်မီစွာ အသုံးပြုနည်း	MCM Publishing
၈	အင်္ဂလိပ်ဘာသာ (သုတ)	Maw Thar Htwe (Mandalay)	GLOBEL PERSPECTIVE VIEWS ON ENERGY AND ELECTRICITY	Tha Zin Sar Pay
၉	အင်္ဂလိပ်ဘာသာ (ရသ)	Maung Swe Ngae	Through the Window of Darpay Beikman	နိုင်ငံ့ဂုဏ်ရည်

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများနှင့် အမျိုးသားစာပေဆုရ စာအုပ်များစာရင်း

အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများ

၁။ ဒေါက်တာသန်းဦး(ပြည်စိုးမင်း)
၂။ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)
၃။ ဦးချစ်စံ(ချစ်စံဝင်း)
၄။ ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်–မြန်မာစာ)

အမျိုးသားစာပေဆုရစာအုပ်များ

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၁	ကဗျာ(ဂန္ဆဝင်)	မောင်စိမ်းနောင် (လယ်ဝေး)	ချစ်တေးသီပါ ကျေးတမာ ကဗျာများ	ပန်းရုံစာပေ
၂	စာပဒေသာ	ဝေလွင်မောင်	ကိုယ်နှင့်သက်ကို နှင်းဆက် လို၍..	မြဝတီ စာပေတိုက်
၃	မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာ	အောင်သျှန်ဝိုင်း (ကျိုက်မရော)	မြန်မာ့ဂီတသူရဲကောင်း စန္ဒရား ဒေါက်တာဦးရည်နွယ်	အရုဏ်ဦး စာပေ
၄	ကလေး	ဝတ်ရည်ခင် (ပဲခူး)	မြန်မာ့မေတ္တာစွမ်း ကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေး ဝတ္ထုတိုများ	စာပေဗိမာန်
၅	ဘာသာပြန် (သုတ)	ဒေါက်တာ တင်ဘုန်းကျော်	စူပါ ပါဝါပြိုင်ပွဲနှင့် AI နည်းပညာ	စာပေဗိမာန်
၆	သုတပဒေသာ (ဝိဇ္ဇာ)	ဦးကျော်မြင့် G.A ဒုတိယညွှန်ကြား ရေးမှူးချုပ်(ငြိမ်း)	အသုံးချမြေယာနှင့် အုပ်ချုပ်ရေး	စိတ်ကူး ချိုချို စာပေ
၇	သုတပဒေသာ (အသုံးချသိပ္ပံ)	စုလှိုင်တင့်	ဇီဝအန္တရာယ် ကျရောက်နိုင်ခြေ များအား စီမံခန့်ခွဲခြင်း	ဦးဟန်မြင့်နောင် စာပေတိုက်

စဉ်	ဘာသာရပ်	စာရေးသူ	စာအုပ်အမည်	စာပေတိုက်
၈	နိုင်ငံရေး	သက်နိုင်ဦး (ကျည်ကာ)	တစ်ကြောင်းတည်းသော မြန်မာနိုင်ငံ ထွက်ရပ်လမ်းမြေပုံကျမ်း	ဧရာဝတီ ပုံနှိပ်တိုက်
၉	အင်္ဂလိပ်ဘာသာ (သုတ)	Win Thein	My Anthology of Nation-Building Endeavours	Aung Myo Publishing House
၁၀	ရသစာတမ်း (အက်ဆေး)	မြေလတ် မောင်မြင့်သူ	နာမည်လေးမွေးလို့ ချစ်ချင်သည် အက်ဆေးများ	လင်းလွန်းခင် စာပေတိုက်
၁၁	ရည်ညွှန်း	အရှင်ပညာသာရ (မဟာမဂ္ဂပါလ ဆရာတော်)	မြန်မာ့ရှေးရိုးပန်းချီ ဗုဒ္ဓဝင်	ကြီးပွားရေး စာအုပ်တိုက်



၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။

ထို့ပြင် NCA ရှုစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ငြိမ်းချမ်းရေးကာတွန်းများစာအုပ် အုပ်ရေ ၁၇၀၀ အုပ်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းစာအုပ် (မြန်မာ/အင်္ဂလိပ်)အုပ်ရေ ၁၈၀၀ အုပ်၊ NCA ရှုစ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား မှတ်တမ်းစာအုပ် ၁၅၀၀ အုပ်တို့အား ပုံနှိပ် ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာကော်မတီသို့ အချိန်မီ ထောက်ပံ့နိုင်ရေး ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။

မိဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကမ္ဘာ့ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားကို နှစ်စဉ် ကျင်းပလျက်ရှိရာ ၄-၅-၂၀၂၃ ရက်နေ့တွင် အကြိမ်၃၀မြောက်ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် နေ့ (World Press Freedom Day) အခမ်းအနား ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပူးပေါင်း၍ ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့ပါသည်။ ထို့ပြင် အစိုးရအဖွဲ့အစည်းများနှင့် စတုတ္ထမဏ္ဍိုင် ဖြစ်သည့် သတင်းမီဒီယာတို့အကြား ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများအား မှန်ကန် တိကျသော သတင်းအချက်အလက်များ ပေး နိုင်ရေးအတွက် ပဉ္စမအကြိမ်မြောက် မဏ္ဍိုင်(၄)



ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မဏ္ဍိုင် (၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၆-၇-၂၀၂၃ ရက် နေ့တွင် Horizon Lake View Hotel နေပြည်တော်၌ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှရရှိခဲ့သည့် ရလဒ် ၁၆ ချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုံပြည်နယ်၊ ကွမ်ကျိုးမြို့နှင့် ယူနန်ပြည်နယ် ကူမင်းမြို့တို့တွင် ၁-၁၂-၂၀၂၃ ရက်မှ ၈-၁၂-၂၀၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် 5th World Media Summit သို့ မီဒီယာဖွဲ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု၍ BRI စီမံကိန်းတွင် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးနိုင်ခဲ့ပါသည်။

မီဒီယာဖွဲ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူငယ်များ သတင်းအချက်အလက်နှင့် အသိပညာ ပြန့်ပွားစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week) အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်း (ဇေယျာသီရိ)နှင့် အမှတ်-၃ အခြေခံပညာ အထက်တန်းကျောင်း(ပုဗ္ဗသီရိ) ကျောင်းများမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမသို့ဖိတ်ခေါ်၍သတင်းအချက်အလက် သိနားလည်မှုအသိပညာပေး စကားဝိုင်းဆွေးနွေးပွဲအားလည်းကောင်း၊ ၂၀၂၃ ခုနှစ် အောက်တို





ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရက်သတ္တပတ် အခမ်းအနားကျင်းပစဉ်။



Foundation Course For Public Opinion Mining Analysis (AI) နည်းပညာသင်တန်းဖွင့်ပွဲကျင်းပစဉ်။





5th World Media Summit တွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဆွေးနွေးစဉ်။

ဘာလ ၂၄ ရက်နေ့တွင် အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်း(ရွှေမြို့)မှ ကျောင်းသား၊ ကျောင်းသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာတိုက်များနှင့် ပုံနှိပ်စက်ရုံများသို့ လည်းကောင်း လက်တွေ့လေ့လာရေးသွားရောက်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်ခဲ့သည့် လူငယ်နှင့်စာပေပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းပုံရိပ်များကို ၃၀-၁-၂၀၂၂ ရက်နေ့နှင့် ၃၁-၁-၂၀၂၂ ရက်နေ့တွင် ဖော်ပြပေးနိုင်ခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၂-၂-၂၀၂၂ ရက်နေ့ထုတ် သတင်းစာတို့တွင် အထူးထုတ်လေးမျက်နှာဖြင့် ဖော်ပြပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၃) ကြိမ်မြောက်နှင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဖွင့်ပွဲနေ့မှစတင်၍ ပြိုင်ပွဲပြီးဆုံးသည်အထိ သတင်း၊ ဓာတ်ပုံများ ရယူပြီး အခမ်းအနားတက်ရောက် လာကြသည့် ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်များ ဖတ်ရှုနိုင်စေရန် တစ်ရက်လျှင် သတင်းလွှာ ရှစ်မျက်နှာပုံနှိပ်၍ သတင်းလွှာ စောင်ရေ ၁၀၀၀ ကို အခမ်းအနားကျင်းပသည့် နေရာများသို့ အချိန်မီဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ပုံရိပ်များကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အချပ်ပို ရှစ်မျက်နှာဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြပေးနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြင်ကွင်းပုံရိပ်များကို လည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသတင်းများကို ယခင်နှစ်များကဲ့သို့ ပုံမှန်ဖော်ပြပေးခြင်းမျိုးမဟုတ်ဘဲ စိန်ရတုလွတ်လပ်နေ့ အခမ်းအနားမြင်ကွင်းကို အချပ်ပုံရှစ်မျက်နှာဖြင့်လည်းကောင်း၊ မြို့နယ်အသီးသီးတွင် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်းများကိုလည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၏ "အံ့ဩဖွယ်မကုန် ပီတိရသဖြင့် ဆင်နွှဲခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အောင်ပွဲ" ဆောင်းပါးကိုအထူးအချပ်ပုံရှစ်မျက်နှာဖြင့် ၂၂-၁-၂၀၂၃ ရက်နေ့ တွင်လည်းကောင်း နိုင်ငံပိုင်သတင်းစာများတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ဝေဝေဆာဆာ ထည့်သွင်းဖော်ပြပေးနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဘိသိက်သွန်းလောင်း ပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ၊ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအား ပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် နိုင်ငံပိုင် သတင်းစာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးနိုင်ခဲ့သည့်အပြင် အခမ်းအနားကျင်းပခဲ့မှု ပုံရိပ်များကို ဓာတ်ပုံမြင်ကွင်းလေးမျက်နှာဖြင့် ဝေဝေဆာဆာဖော်ပြပေးနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်ပတ်သက်၍ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအား ဖိတ်ကြားကာ သတင်းရယူနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံပိုင်သတင်းစာများတွင် အမှားအယွင်းမရှိဖော်ပြပေးနိုင်ခဲ့ခြင်းနှင့် အခမ်းအနားကျင်းပခဲ့မှုအား ဓာတ်ပုံမြင်ကွင်း နှစ်မျက်နှာဖြင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ဝေဝေဆာဆာ ဖော်ပြပေးနိုင်ခဲ့ပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများအလိုက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် 10th ASEAN Quiz (Regional Level Competition) ကို မြန်မာနိုင်ငံမှ နေပြည်တော် MICC-II တွင် Hybrid စနစ်ဖြင့် အိမ်ရှင်အဖြစ် တာဝန်ယူ ကျင်းပခဲ့ပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့မှုအား MRTV မှ ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့ပါသည်။ ထို့အပြင် MRTV နှင့် YMG တို့ ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် "ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ" နှစ်ဖက်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မိမိတို့ကိုယ်ပိုင်ထုတ်လုပ်ခဲ့သည့် ကောင်းနိုးရာရာ အစီအစဉ်များကို တစ်ဖက်ဌာနသို့ မိတ်ဆက်ပေးခြင်းနှင့် ပေးပို့သောအစီအစဉ်များကို လက်ခံဌာန၏ မီဒီယာပလက်ဖောင်းတွင် ထုတ်လွှင့်ခွင့်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် အာရှ-ပစိဖိတ်ရုပ်သံလွှင့်အဖွဲ့(ABU) အသင်းနှင့် ABU Children's Drama Co-Production တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ABU Media Academy သည် Australian Film, Television & Radio School (AFTRS) နှင့် ပူးပေါင်း၍ ၁၈-၇-၂၀၂၄ ရက်နေ့တွင် Screen Narrative, ၂၅-၇-၂၀၂၄ ရက်နေ့တွင် Finding and Audience နှင့် ၁-၈-၂၀၂၄ ရက်နေ့တွင် Industry၏ အခြေအနေ Online သင်တန်းများသို့ MRTV ဝန်ထမ်းများ တက်ရောက်နိုင်ခဲ့ပါသည်။ ABU Media Academy မှ ကြီးမှူးကျင်းပသည့် Voice Over Online Webinar အား ၇-၈-၂၀၂၄ ရက်နေ့တွင် Voice Over Session (1), ၁၄-၈-၂၀၂၄ ရက်နေ့တွင်

Voice Over Session(2) သင်တန်းများသို့ MRTV မှဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး Asia-Pacific Institute for Broadcasting Development (AIBD)နှင့် ပူးပေါင်း၍ Workshop များ၊ Online Regional Webiner များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် သင်္ကြန်ကာလတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်နှင့် နေပြည်တော် စည်ပင်သင်္ကြန်မဏ္ဍပ်တို့တွင် MRTV နှင့် ကိုရီးယားနိုင်ငံမှ Boss & Jobs ကုမ္ပဏီအဖွဲ့တို့ ပူးပေါင်း၍ လူငယ်ကိုရီးယား Dancer အကအဖွဲ့များ၊ အဆိုတော်များနှင့် ရုပ်ရှင်မင်းသမီးများပါသော အဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နိုင်ခဲ့ပြီး MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့် နိုင်ခဲ့ပါသည်။ ဆက်လက်ပြီး အလှအပဆိုင်ရာအစီအစဉ်၊ ရုပ်သံ ဇာတ်လမ်းတွဲများ ဝယ်ယူပြသထုတ်လွှင့်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရုရှားဖက်ဒေးရှင်းနိုင်ငံ၊ BRICS Media Summit နှင့် ITAR-TASS သတင်းဌာန နှစ်(၁၂၀)ပြည့် အခမ်းအနားအား ၁၄-၇-၂၀၂၄ ရက်နေ့မှ ၁၇-၉-၂၀၂၄ ရက်နေ့အထိ ကျင်းပမည် ဖြစ်ရာ ITAR- TASS သတင်းဌာနမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် မြန်မာနိုင်ငံ-အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ (Sub Committee on Information-Myanmar SCI)တွင် ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်၊ (၁၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (15th ASEAN Ministers' Responsible for Information and its related Meetings) အား အလှည့်ကျ ဥက္ကဋ္ဌ ဖြစ်သည့် ထိုင်းနိုင်ငံမှ ၂၀၂၁ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ ပါဝင်ဆွေးနွေးခဲ့ပြီး အောက်ပါ Outcome Documents များအား အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်-

(က) Framework for Developing Digital Readiness among Citizens

(ခ) Framework for Promoting



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Video Conferencing ဖြင့် ကျင်းပသည့် 15th ASEAN Ministers' Responsible for Information and its related Meetings သို့ တက်ရောက်စဉ်။

Accessibility for ALL in ASEAN Digital Broadcasting

(ဂ) Joint Media Statement of the 15th AMRI and Related Meetings

ထို့အပြင် (၇) ကြိမ်မြောက် ထုတ်လုပ်ခြင်းလုပ်ငန်းအဖွဲ့ အစည်းအဝေး (7th SOMRI Working Group on Content and Production–WGCP)အား ၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Video Conferencing စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ WGCP မှ ကိုယ်စားလှယ်များဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရုပ်မြင်ဌာနခွဲ၊ အသံလွှင့်ဌာနခွဲနှင့် MITV ဌာနခွဲ)တို့မှ ပါဝင်တက်ရောက်ခဲ့ပါသည်။

အလားတူ (၂၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (22nd ASEAN Sub–Committee Meeting on Information, 22nd SCI Meeeting) ကို ၂၀၂၁ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် Video Conferencing စနစ်ဖြင့် ကျင်းပရာ SCI–Myamar ဥက္ကဋ္ဌအဖြစ် ညွှန်ကြား ရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

(၅၆)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီအစည်းအဝေး (56th ASEAN COCI Meeting)သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်နှစ်ဦးပါဝင်တက်ရောက်ခဲ့ပြီး အောက်ပါစီမံကိန်းအသစ်ခြောက်ခုနှင့် ပုံမှန်အစည်းအဝေးနှစ်ခု၊ စုစုပေါင်း စီမံကိန်း ရှစ်ခုတို့အား ၂၀၂၂ ခုနှစ်အတွက် ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုနိုင်ခဲ့ပါသည်–

(က) 23rd Meeting of the ASEAN–COCI Sub–Committee on Information (ဗီယက်နမ်)

(ခ) 10th ASEAN Quiz (Regional Level) (မြန်မာ)

(ဂ) ASEAN Information Exchange Initiative (ASEAN Exchange 2022) (ထိုင်း)

(ဃ) ASEAN International Broadcasting Conference (မလေးရှား၊ ဗီယက်နမ်)

(င) RISE ASEAN (Right Information Saves and Empowers ASEAN)

(စ) Short Video Contest on Countering the Infodemic (ဖိလစ်ပိုင်)

(ဆ) ASEAN Creative Film in Response to COVID–19 (လာအို)

(ဇ) Guideline Development on Management of Government



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ Video Conferencing ဖြင့် ကျင်းပသည့် 22nd ASEAN Sub–Committee Meeting on Information, 22nd SCI Meeeting သို့ တက်ရောက်စဉ်။

Information in Combating Fake News and Disinformation in the Media (အင်ဒိုနီးရှား)

အာဆီယံ- တရုတ် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် "2021 ASEAN-China Short Video Contest on the Theme of Friendship and Cooperation" ပြိုင်ပွဲတွင် MITV ဌာနခွဲမှ မြန်မာနိုင်ငံကိုယ်စားပြု၍ ပါဝင် ယှဉ်ပြိုင်ခဲ့ရာ Winner နှင့် Excellent Award ဆု (၂)ခု ရရှိခဲ့ပါသည်။

အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ဗီယက်နမ်နိုင်ငံက ဦးဆောင်ပြုလုပ်သည့် Capacity Building of ASEAN TV Broadcasters through Documentary Programme Production on Marine Plastic Waste in ASEAN စီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစီမံကိန်းကို ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ အစီအစဉ်များ ထုတ်လုပ်ခဲ့ကာ ကျန်အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသခဲ့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။



2021 ASEAN-China Short Video Contest on the Theme of Friendship and Cooperation ဆုချီးမြှင့်ပွဲ ကျင်းပစဉ်။

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ASEAN-Korea Training Course on New Media and Crisis Management ကို ဗီယက်နမ်နိုင်ငံ၏ ဦးဆောင်မှုဖြင့် Project Proposal အား ပြန်လည်ပြင်ဆင်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြကာ ကိုးရီးယားသမ္မတနိုင်ငံသို့ဆက်လက်ပေးပို့ကာဆောင်ရွက်ဆဲ စီမံကိန်း ဖြစ်ပါသည်။

ထို့အတူ Symposium and Youth Forum on ASEAN Identity and Strengthening ASEAN-ROK Cooperation: Now and Beyond ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ကိုးရီးယားသမ္မတနိုင်ငံအစိုးရတို့ ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၂-၉-၂၀၂၂ ရက်နေ့တွင် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာရှိတစ်ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

(ဖ)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်၊ မီဒီယာနှင့် သင်တန်းဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး (6th SOMRI Working Group on Information, Media and Training-WGIMT)အား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံမှ Video Conferencing စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ WGIMT မှ ကိုယ်စားလှယ်များဖြစ်သည့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/ လုပ်ငန်းတို့မှ ကိုယ်စားလှယ်များ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် Forever Group Media Co., Ltd. နှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလိမိတက်တို့မှ ကိုယ်စားလှယ်

များ ပါဝင်တက်ရောက်ခဲ့ပါသည်။

ထို့အပြင် ၂၀၂၂ ခုနှစ်၊ (၆)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှု နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေး (6th SOMRI Working Group on ASEAN Digital Broadcasting–WGADB)အား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံမှ Video Conferencing စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ WGADB မှ ကိုယ်စားလှယ်များ ဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(စက်မှုဌာနခွဲ)မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။

(၈)ကြိမ်မြောက် ထုတ်လုပ်ခြင်းလုပ်ငန်းအဖွဲ့ အစည်းအဝေး (8th SOMRI Working Group on Content and Production WGCP) အား ၂၀၂၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ Video Conferencing စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ WGCP မှ ကိုယ်စားလှယ်များဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုပ်မြင်ဌာနခွဲ၊ အသံလွှင့်ဌာနခွဲနှင့် MITV ဌာနခွဲ)တို့မှ ပါဝင်တက်ရောက်ခဲ့ပါသည်။

(၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (19th ASEAN Senior Officials Responsible for Information and its related Meetings–19th SOMRI)အား ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံမှ Video Conferencing စနစ်ဖြင့် ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်၍ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် (၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (23rd ASEAN Sub–Committee Meeting on Information, 23rd SCI Meeting) ကို ဇွန်လ ၃၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

(၅၇)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့်





Video Conferencing စနစ်ဖြင့် ကျင်းပသည့် 19th ASEAN Senior Officials Responsible for Information and its related Meetings–19th SOMRI သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

ပြန်ကြားရေး ကော်မတီအစည်းအဝေး (57th ASEAN COCI Meeting) သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ် နှစ်ဦးပါဝင် တက်ရောက်ခဲ့ပြီး အောက်ပါ စီမံကိန်းအသစ် ငါးခုနှင့် ပုံမှန်အစည်းအဝေးတစ်ခု၊ စုစုပေါင်း စီမံကိန်းခြောက်ခုတို့အား ၂၀၂၃ ခုနှစ်အတွက် ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုနိုင်ခဲ့ပါသည်-

(က) 24th Meeting of the ASEAN-COCI Sub-Committee on Information (ဘရူနိုင်း)

(ခ) Tour of ASEAN Journalists to Observe SEA Games in Cambodia (ကမ္ဘောဒီးယား)

(ဂ) Sustainable ASEAN MSMEs (မြန်မာ)

(ဃ) Workshop on Digital Transformation for Media Communications in ASEAN (ဗီယက်နမ်)

(င) Forum of Tackling Disinformation in ASEAN (ဗီယက်နမ်)

(စ) Promotion of ASEAN Value and Identity in All AMS (ကမ္ဘောဒီးယား)

အာဆီယံ- တရုတ် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် 2022 ASEAN-China Short Video Contest on the Theme of Friendship and Cooperation အတွက် ပြိုင်ပွဲဝင်များကို ၂၀၂၂ ခုနှစ် ဇွန်လမှ အောက်တိုဘာလအထိ ဖိတ်ခေါ်ခဲ့ပြီး ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုတို့အား ချီးမြှင့်ခဲ့ပါသည်။ Online Award Ceremony ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၁၆)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် Capacity Building of ASEAN TV Broadcasters through Co Production of TV Programme on Commemora-tion of 50th Anniversary of ASEAN- Japan Friendship and Cooperation သည် အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိသည့် စီမံကိန်းဖြစ်ပါသည်။

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရရှိခဲ့သော ကိုရီးယားအစိုးရ၏ အတည်ပြုချက်အရ ASEAN-ROK Film Community Programme 2022 - 2025 စီမံကိန်း၏ အချိန်ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြင်ဆင်သတ်မှတ်ထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် 3-Year Programme of the ASEAN-India Media Exchange Visits 2018-2024 အစီအစဉ်အရ အိန္ဒိယနိုင်ငံမှ သတင်းထောက်ရှစ်ဦး၊ အိန္ဒိယနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရေးရာဝန်ကြီးဌာနမှ ညှိနှိုင်းရေးမှူးတစ်ဦးနှင့် အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး ပါဝင်သော အဖွဲ့ဝင်(၁၀)ဦးပါသော အိန္ဒိယသတင်းမီဒီယာအဖွဲ့သည် စင်ကာပူနှင့် ကမ္ဘောဒီးယား နိုင်ငံသို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့ကြပါသည်။



7th SOMRI Working Group on Information, Media and Training–WGIMT အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

(၇)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်၊ မီဒီယာနှင့် သင်တန်းဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး (7th SOMRI Working Group on Information, Media and Training–WGIMT)အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိုမြို့တွင်ကျင်းပရာ မြန်မာနိုင်ငံ WGIMT မှ ကိုယ်စားလှယ်များဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (10th ASEAN Quiz Regional Competition)ကို မြန်မာနိုင်ငံမှ နေပြည်တော် MICC–2 တွင် Hybrid စနစ်ဖြင့် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် ASEAN–Australia Workshop to Exchange Practices on Community Resilience Programs to Counter Radicalisation and Violent Extremism Activities အလုပ်ရုံဆွေးနွေးပွဲအား အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင်လည်းကောင်း၊ 2nd Meeting of the ASEAN Task Force on Fake News (2nd ASEAN TFFN) အစည်းအဝေးအား အင်ဒိုနီးရှားနိုင်ငံမှ Video Conferencing ဖြင့် ပြုလုပ်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနမှ National TFFN အဖွဲ့ဝင်များကလည်းကောင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

(၂၄) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး(24th ASEAN Sub Committee for Information–24th SCI Meeting)အား ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ မှ ၉ ရက်နေ့အထိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်တွင် ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်နှစ်ဦး ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် SCI–Myanmar အနေဖြင့် စီမံကိန်းသစ်နှစ်ခုဖြစ်သည့် VIVID ASEAN စီမံကိန်းနှင့် Workshop on Mastering Government Communication: Empowering Spokes-persons for Effective Public Engagement စီမံကိန်းတို့အား ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ရန်







ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း 16th ASEAN Ministers' Responsible for Information and its related meetings – 16th AMRI and related meetings သို့ တက်ရောက်စဉ်။

အဆိုပြုတင်ပြခဲ့ပြီး အစည်းအဝေးတွင် အတည်ပြုချက် ရရှိခဲ့ပါသည်။

(၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministers' Responsible for Information and its related meetings–16th AMRI and related meetings) အား ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဒါနန်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အောက်ပါ key Documents ခုနစ်ခု အား အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်။ ထို့အတူ (၁၀)ကြိမ်မြောက် SOMRI Working Group on Content and Production Meeting (SOMRI WG-CP) အား ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သဘောတူညီချက်ရရှိခဲ့ပါသည် –

(က) Vision Statement by AMRI – ASEAN 2030: A Transformative, Responsive and Resilient Information and Media Sector

(ခ) Da Nang Declaration on "Media: From Information to Knowledge for a Resilient and Responsive ASEAN"

(ဂ) Guideline on Management of Government Information in Combating Fake News and

Disinformation in the Media

(ဃ) Plan of Action of the ASEAN Task Force on Fake News (PoA of TFFN)

(င) Extension of the Work Plan on Enhancing ASEAN–China Co-operation through Information and Media 2018–2024

(စ) Extension of the Work Plan on Enhancing ASEAN Plus Three Cooperation through Information and Media 2018–2023

(ဆ) Joint Media Statement of the 16th AMRI and Related Meetings

(၅၈) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီအစည်းအဝေး (58th Committee on Culture and Information meeting – 58th ASEAN COCI) ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်နှစ်ဦး ပါဝင်တက်ရောက်ခဲ့ပြီး အောက်ပါ စီမံကိန်းအသစ်ရုပ်ခုနှင့် ပုံမှန်အစည်းအဝေးတစ်ခု၊ စုစုပေါင်းစီမံကိန်းကိုးခုတို့အား ၂၀၂၄ ခုနှစ်အတွက် ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုနိုင်ခဲ့ပါသည် –

(က) 25th SCI Meeting (ကမ္ဘောဒီးယား)

(ခ) ASEAN Forum on Raising Media and Information Literacy in the Age of Artificial Intelligence (ဖိလစ်ပိုင်)

(ဂ) ASEAN Symposium on Enhancing Public Access to Information (ဖိလစ်ပိုင်)

(ဃ) ASPIRING (ASEAN Short Sports Regional Documentaries) (မလေးရှား)

(င) A Journey of ASEAN Flavour (ထိုင်း)

(စ) VIVID ASEAN (မြန်မာ)

(ဆ) Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement (မြန်မာ)

(ဇ) Review ASEAN Quiz for Advancement (အင်ဒိုနီးရှား)

(ဈ) Enhancing Reporting Skills for Journalists in ASEAN Region on Child Safety Online (ဗီယက်နမ်)

(၉)ကြိမ်မြောက် SOMRI Working Group on Content and Production Meeting (9th



58th Committee on Culture and Information meeting – 58th ASEAN COCI အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

SOMRI WG–CP) အစည်းအဝေးအား လာအို နိုင်ငံမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အွန်လိုင်းမှလည်းကောင်း၊ (၈)ကြိမ်မြောက် SOMRI Working Group on Infomation, Media and Training Meeting (8th SOMRI WG–IMT) အစည်းအဝေးအား အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ hybrid စနစ်ဖြင့် လည်းကောင်း ပြုလုပ်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

Asia–Pacific Institute for Broadcasting Develoment (AIBD)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအနေဖြင့် AIBD သို့ တင်းပြည့်အဖွဲ့ဝင် (Full membership) အဖြစ် နှစ်စဉ်အသင်းဝင်ကြေးများပေးသွင်း၍ ၂၉–၇–၁၉၉၇ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး အသင်းဝင်စည်းကမ်းများနှင့် ကိုက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

AIBD မှ အချို့သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ Seminars များ၊ Conference များကို Full–Fellowship (ကုန်ကျစရိတ်အားလုံးကျခံခြင်း) သို့မဟုတ် Semi–Fellowship (လေယာဉ်စရိတ် သို့မဟုတ် တည်းခိုစရိတ်ကျခံခြင်း) သို့မဟုတ် မိမိအစီအစဉ်ဖြင့် စရိတ်ကျခံတက်ရောက်ရန် ဖိတ်ကြားလေ့ရှိပြီး MRTV မှ ဝန်ထမ်းများကို ရွေးချယ်စေလွှတ် တက်ရောက်စေခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်မှစ၍ ကိုဗစ်–၁၉ အခြေအနေကြောင့် အစည်းအဝေးများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများအား Online ဖြင့် ပြုလုပ်ခဲ့ရာ MRTV မှ စိတ်ပါဝင်စားသူ ဝန်ထမ်းများ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၁–၅–၂၀၂၃ ရက်နေ့မှ ၂၅–၅–၂၀၂၃ အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် 18th Asia Media Summit သို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ယင်း Summit ၏ Pre Workshop များသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် AIBD တို့ ပူးပေါင်း၍ “Workshop on Media Literacy to address disinformation” အား ၂၇–၉–၂၀၂၃ ရက်နေ့မှ ၂၈–၉–၂၀၂၃ ရက်နေ့အထိလည်းကောင်း၊ “Workshop on Streaming Technology and content Strategy” အား ၁–၁၁–၂၀၂၃ ရက်နေ့မှ ၃–၁၁–၂၀၂၃ ရက်နေ့အထိလည်းကောင်း နေပြည်တော် Horizon Lake View Hotel တွင် ကျင်းပခဲ့ပါသည်။

ထို့ပြင် Asia–Pacific Broadcasting Union (ABU) နှင့်ပူးပေါင်းဆောင်ရွက်ခဲ့မှုများအနေဖြင့် MRTV အနေဖြင့် Asia–Pacific Broadcasting Union (ABU) သို့ ၂၀၁၀ ပြည့်နှစ်မှစ၍ Full Member အဖြစ် ဝင်ရောက်ခဲ့ပြီး နှစ်စဉ်ကြေးများပေးသွင်း၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ABU ၏ Member ဖြစ်သည့်





ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မီဒီယာသိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားပြီး ပါဝင်ဆွေးနွေးသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

အားလျော်စွာ ABU ၏ အချို့သော Event များသို့ ပါဝင်တက်ရောက်ခဲ့သော်လည်း အချို့ကို အကြောင်းအမျိုးမျိုးကြောင့် ပါဝင်တက်ရောက်နိုင်ခြင်းမရှိပါ။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေ-၃-၂၀၂၃ ရက်နေ့မှ ဧ-၃-၂၀၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ABU Digital Broadcasting Symposium 2023 သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယအင်ဂျင်နီယာချုပ် ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း၌ မလေးရှားနိုင်ငံ ကူချင်းမြို့၌ ကျင်းပခဲ့သည့် 2023 ABU News Group Meeting and Global News Forum သို့ လည်းကောင်း၊ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သည့် “60th ABU General Assembly & Associated Meetings” သို့လည်းကောင်း MRTV မှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ပါသည်။ Asiavision(AVN)သည် ABU ၏ သတင်းဖလှယ်ရေးအစီအစဉ်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် လစဉ်ကြေးအမေရိကန်ဒေါ်လာ ၆၀၀ ဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ အဆိုပါ သတင်းဖလှယ်မှုမှရရှိသည့် အစီအစဉ်များအား ရုပ်/သံလိုင်းများ၏ သတင်းအစီအစဉ်များတွင် အသုံးပြုလျက်ရှိပါသည်။ ABU ၏ Sports

အစီအစဉ်မှရရှိသည့် အထင်ကရဖြစ်သည့် နိုင်ငံတကာ အားကစားသတင်းများ၊ Highlight များနှင့် အားကစားအစီအစဉ်များအား အခမဲ့ဖြင့်လည်းကောင်း၊ အခကြေးငွေဖြင့်လည်းကောင်း ရယူထုတ်လွှင့်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ABU News Group Meeting and 2023 Global News Forum 2023 သို့လည်းကောင်း၊ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် Asiavision Coordinators'Meeting သို့လည်းကောင်း မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်ခဲ့ပါသည်။

မီဒီယာကဏ္ဍမှ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုများအရ ASEAN Socio-Cultural Community (ASCC) ၏ "2nd ASEAN-China Friendship and Cooperation Short Video Contest 2021" တွင် အာဆီယံ ၁၀ နိုင်ငံတို့မှ ဗီဒီယိုစုစုပေါင်း ၁၅၆၈၆ ယှဉ်ပြိုင်ခဲ့ရာ Excellence Award (၁၅) ဆုတွင် မြန်မာနိုင်ငံမှ ယှဉ်ပြိုင်သည့် Mogok, Ruby Land နှင့် Paukphaw Friendship and Cooperation အစီအစဉ်နှစ်ခုအနက် Paukphaw Friendship and Cooperation အစီအစဉ်ကို Excellence Award ဆွတ်ခူးရရှိခဲ့ပါသည်။

Short Promo Video on ASEAN National Attraction စီမံကိန်းအတွက် MRTV ကိုယ်စားပြု MITV မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ "ဒုံးကျွန်း" အပါအဝင် အခြားကျွန်းများ၏ Community-Based Tourism (CBT) ရေရှည် အကျိုးအမြတ်ရှိသော ခရီးသွားများအတွက် စွဲဆောင်မှုရှိသော လူထုအခြေပြု ခရီးသွားလုပ်ငန်းကိုသွားရောက်ရိုက်ကူး ထုတ်လုပ်ခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ပေးပို့လာသည့် အစီအစဉ် ၁၀ ခုကို MRTV နှင့် MITV တို့မှ ပြန်လည်ထုတ်လွှင့်ပြသပေးခဲ့ပါသည်။

လန်ချန်း-မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု (၅)နှစ်မြောက် ဂုဏ်ပြုရုပ်/သံရက်သတ္တပတ်အစီအစဉ်အတွက် ချင်းတွင်းမြစ်ကြောင်းရှိ ဖောင်လုပ်သားများ ဘဝအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် "On The River"အစီအစဉ်တင်ဆက်ပြသရန် ယူနန် နိုင်ငံတကာရုပ်သံလိုင်း၊ ယူနန်သတင်းအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။ ထို့ပြင် "Promotion of ASEAN Value and Identity in AMS" စီမံကိန်းအတွက် "ASEAN We Are One" အစီအစဉ်ရိုက်ကူးပြီး သတ်မှတ်အချိန်ဇယားအတိုင်း MITV မှ ရိုက်ကူးထုတ်လုပ်ခဲ့ပါသည်။ မြန်မာဘာသာပြန်ဆို စာတန်းထိုးပြီး MITV တွင် ထုတ်လွှင့်ပြသနိုင်ရန် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

"Encouraging Sustainable MSMEs in Media and Entertainment Industry" အာဆီယံ စီမံကိန်းညှိနှိုင်းရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး "Changing Trend of Myanmar Media Industry" အစီအစဉ် ရိုက်ကူး/ထုတ်လုပ်ခြင်းများဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများ(စင်ကာပူမပါ)နှင့် အာဆီယံ

အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် လန်ချန်း-မဲခေါင် ရက်သတ္တာပတ်လှုပ်ရှားမှုအစီအစဉ်အတွက် MRTV ၏ အင်းလေးအစီအစဉ်နှင့် MITV မှ Sri-Ksetra, Field of Fortune and Glory အစီအစဉ်များကို Mainstream ရုပ်သံလိုင်းများနှင့် Online Platform များတွင် ပြသလိုပါကြောင်း တရုတ်နိုင်ငံ State Administration of Radio, Film and Television မှ Copyright တောင်းခံလာသည့်အတွက် ဗီဒီယို၊ စာမူနှင့် Graphic Poster များ ပေးပို့ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အာဆီယံ-တရုတ်ပြည်သူများ ချစ်ကြည်ရင်းနှီးမှု သင်္ကေတအမှတ်တံဆိပ်နှင့် လာဘ်ကောင် Logo Mascot ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ အာရှပိုးလမ်းမကြီးသည် ကုန်သွယ်မှု၏ အသက်သွေးကြောဖြစ်သည်ကို ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် “ပိုးမျှင်ကောင်” Logo အား အသေးစိတ်ရှင်းလင်းချက်နှင့်အတူ ASCC ရုံးအဖွဲ့သို့ အချိန်မီပေးပို့ယှဉ်ပြိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများတွင် ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက်များတွင် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ စာအုပ်ငှားရမ်းခြင်းလုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ ပြည်သူလူထုအား လျင်မြန်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် Digital Library Management System ရေးဆွဲ၍ Digital Library စနစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ဦးစီးဌာနရှိ ရုံးပေါင်း ၄၁၀ ရုံးအနက် ရုံးပေါင်း ၁၀၃ ရုံးတွင် Digital Library စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ Digital Library စနစ်ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် China Foundation for Peace and Development (မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေး ဗဟိုအသင်း)နှင့် Myanmar Chinese Cooperation and Communication Centre (တရုတ်နိုင်ငံငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း)တို့မှ ၂၀၂၂ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ကွန်ပျူတာနှင့် ပရင်တာ ၃၅ စုံကို လှူဒါန်းခဲ့ပါသည်။



China Foundation for Peace and Development နှင့် Myanmar Chinese Cooperation and Communication Centre တို့မှ ကွန်ပျူတာနှင့် ပရင်တာ ၃၅ စုံ လှူဒါန်းစဉ်။

ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပွဲတော်များတွင် မြန်မာရုပ်ရှင်ဇာတ်ကား၊ ဇာတ်လမ်းတိုနှင့် ပန်းချီကားများကို အောက်ပါအတိုင်းပေးပို့ပြသနိုင်ခဲ့ပါသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Xiamen မြို့တွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပသည့် (၃၀) ကြိမ်မြောက် တရုတ်ရွှေကြက်ရာပန်း ရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပန်မြို့တွင် ၁၈-၁၂-၂၀၂၁ ရက်နေ့မှ ၂၂-၁၂-၂၀၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် "ဂန္ဓဗ္ဗ" ရုပ်ရှင်ဇာတ်ကား၊

(ခ) ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ပြုလုပ်သည့် 55th ASEAN Film Week 2022 ရုပ်ရှင်ပွဲတော်တွင် "ကြီးမြတ်သောမြန်မာ" ရုပ်ရှင်ဇာတ်ကား၊

(ဂ) ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တွင် ၁-၉-၂၀၂၂ ရက်နေ့ မှ ၁၀-၉-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ASEAN+3 Film Festival ၌ "တိမ်တွေပေါ်ကပန်း" ရုပ်ရှင်ဇာတ်ကားနှင့် "Welcome to Ruby Land" ဇာတ်လမ်းတို၊

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ၌ ကျင်းပပြုလုပ်သည့် "5th Guangxi Online Animation Competition" ပြပွဲသို့ အောဝမ်းဦးသိန်းထွဋ်နှင့် ဒေါ်သော်တာအေးထွန်းတို့ ရေးဆွဲသော ပန်းချီကား လေးကား၊

(င) တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ၆-၉-၂၀၂၂ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Screening of Outstanding ASEAN- China Audio - Visual Program အစီအစဉ်သို့ "နှိုင်းယှဉ်၍မရပါ"နှင့် "ဆည်းဆာချိန် နေညိုချမ်းပြန်လမ်းကိုတွဲမရောက်မီ" ဇာတ်ကားတို နှစ်ပုဒ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ၃၀-၁၁-၂၀၂၂ ရက်နေ့၌ ကျင်းပသည့် 2022 China-ASEAN Film Culture Week အစီအစဉ်သို့ "ထာဝရအမေ"၊ "ဂန္ဓဗ္ဗ"နှင့် "ဥပါဒါန်" ရုပ်ရှင်ဇာတ်ကားများ၊

(စ) အိန္ဒိယနိုင်ငံ နွိုင်ဒါမြို့တွင် ၈-၁၂-၂၀၂၂ ရက်နေ့မှ ၁၀-၁၂-၂၀၂၂ ရက်နေ့အထိ



55th ASEAN Film Week 2022 တွင် "ကြီးမြတ်သောမြန်မာ" ရုပ်ရှင်ဇာတ်ကား ပြသစဉ်။

ကျင်းပပြုလုပ်သည့် “15th Global Film Festival Noida” ရုပ်ရှင် ပွဲတော်သို့ “ဥပါဒါန်” ရုပ်ရှင်ဇာတ်ကား၊

(ဆ) အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ၁၇-၁၀-၂၀၂၃ ရက်နေ့ မှ ၃၁-၁၀-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် SCO Film Festival ရုပ်ရှင်ပွဲတော်သို့ “ဥပါဒါန်” ရုပ်ရှင်ဇာတ်ကားနှင့် “The Listening Eyes” ဇာတ်လမ်းတို၊

(ဇ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ် သည့် “5th Lancang-Mekong International Film Week” ရုပ်ရှင်ပွဲတော်သို့ “၃(က)”၊ “မှောင်တိုက်”နှင့် “တိမ်တွေပေါ်ကပန်း” ရုပ်ရှင်ဇာတ်ကားများ၊

(စျ) ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၂၃ ခုနှစ် ဩဂုတ်လ၌ ကျင်းပပြုလုပ်သည့် (၅၆) ကြိမ်မြောက် အာဆီယံတည်ထောင်ခြင်း အထိမ်းအမှတ် အစီအစဉ်သို့ “Myanmar 2023”၊ “Value Myanmar” နှင့် “Colourful Myanmar” TikTok Video သုံးခု၊

(ည) သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၌ ကျင်းပပြုလုပ်သည့် အာဆီယံ ရုပ်ရှင်ပြပွဲ၌“စောင်နီလေးတစ်ထည်” ရုပ်ရှင် ဇာတ်ကားနှင့် “ဆံရစ်ဝိုင်းအလှ”၊ “မနက်ဖြန်”၊ “ကျွန်တော်လူထွက်လိုက်ပြီ” ဇာတ်လမ်းတို သုံးကား၊

(ဋ) အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့တွင် ၅-၁၀-၂၀၂၃ ရက်နေ့မှ ၇-၁၀-၂၀၂၃ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Continental Harmony short Film Gala 2023 အစီအစဉ်သို့ “ဆံရစ်ဝိုင်းအလှ”၊ “မနက်ဖြန်”၊ “ကျွန်တော်လူထွက်လိုက်ပြီ”နှင့် “ခန္တီ” ဇာတ်လမ်းတိုများ၊

(ဌ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ လန်ချန်းမြို့တွင် ၂၄-၁၀-၂၀၂၃ ရက်နေ့မှ ၂၆-၁၀-၂၀၂၃ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် (၁၀)ကြိမ်မြောက် အာရှပိုက်ခရိုဖလင် ရုပ်ရှင်ပွဲတော်သို့ “ကျွန်တော်လူထွက် လိုက်ပြီ”နှင့် “ဆံရစ်ဝိုင်းအလှ” ဇာတ်လမ်းတို နှစ်ကား၊

(ဍ) တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တွင် ၂၀၂၃ ခုနှစ်အောက်တိုဘာလ၌ ကျင်းပပြုလုပ်သည့် အာဆီယံရုပ်ရှင်ပွဲတော်တွင် “၃(က)”နှင့် “ဥပါဒါန်” ရုပ်ရှင်ဇာတ်ကား နှစ်ကားစသဖြင့် ပေးပို့ ပြသနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ တောတောင် သဘာဝ ရှုခင်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ထင်ရှားသော စေတီပုထိုးများ၊ ဘာသာ၊ သာသနာသက်ဝင်ယုံကြည်မှုများအား နိုင်ငံတကာမှ လာရောက်၍ (၅)ကြိမ် ရိုက်ကူးခဲ့ပါသည်။

နိုင်ငံတကာမှလာရောက်ရိုက်ကူးမှုများအနေဖြင့် “ဂျပန်-မြန်မာချစ်ကြည်မှု” ခေါင်းစဉ်ဖြင့် ထုတ်လွှင့်ပြသနိုင်ရေးအတွက် J-SAT

Travels & Tours Co.,Ltd ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ NHK သတင်းဌာနမှ Mr.Akiyoshi Yamazaki နှင့် အဖွဲ့ဝင် တစ်ဦးတို့သည် ၈-၆-၂၀၂၂ ရက်နေ့မှ ၃-၇-၂၀၂၂ ရက်နေ့အထိ လည်းကောင်း၊ MANDALAY GOLDEN WING Holding Limited ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ From Iwate Co.,Ltd မှ CEO & Media Producer ဖြစ်သူ Mr.NAOKI NODA သည် ဂျပန်ရိုးရာထုတ်ကုန်အတွက် ၇-၁၂-၂၀၂၂ ရက်နေ့မှ ၉-၁၂-၂၀၂၂ ရက်နေ့အထိလည်းကောင်း၊ Living Myanmar Media Production ၏ စီစဉ်မှုဖြင့် စင်ကာပူနိုင်ငံမှ အဖွဲ့ဝင် ငါးဦးသည် ၁၈-၂-၂၀၂၃ ရက်နေ့မှ ၇-၃-၂၀၂၃ ရက်နေ့အထိ လည်းကောင်း၊ Htet Aung Lin Arts & Media Production ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား သရုပ်ဆောင်များ ပါဝင်သည့် "အချစ်နှင့်ခေမရဋ္ဌ" ဇာတ်လမ်းတွဲအား ၈-၁၁-၂၀၂၃ ရက်နေ့မှ ၁၇-၁-၂၀၂၄ ရက်နေ့အထိလည်းကောင်း၊ Glamorous Myanmar Travels & Tours Co.,Ltd ၏ စီစဉ်မှုဖြင့် ရုရှားနိုင်ငံ REN-TV သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့ဝင် သုံးဦးတို့သည် ၁၆-၁၁-၂၀၂၃ ရက်နေ့မှ ၂၈-၁၁-၂၀၂၃ ရက်နေ့အထိလည်းကောင်း လာရောက်ရိုက်ကူးခဲ့ပါသည်။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှကျင်းပသည့် ရုပ်ရှင်ရိုက်ကူးမှုဆိုင်ရာ အစည်း အဝေး၊ ပြိုင်ပွဲများနှင့် သင်တန်းများသို့ တက်ရောက်ခဲ့မှုများအနေဖြင့် Korean Film Council မှ ၁၁-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် ASEAN-ROK KOBIS Consulting Meeting အစည်းအဝေးနှင့် ၁၄-၆-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် Consulting On the Establishing and Revitatization of Film Commission in Southeast Asia အစည်းအဝေးများသို့ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်နှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်တို့ တက်ရောက်ခဲ့ပါသည်။

အာဆီယံ-တရုတ်ချစ်ကြည်ရေးအစီအစဉ် အဖြစ် ၂၇-၆-၂၀၂၂ ရက်နေ့မှ ၁၅-၉-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ဇာတ်လမ်းတိုဗီဒီယိုပြိုင်ပွဲသို့ အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဒေါ်ဆွေဇင်ထိုက် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

Asia Film Commissions & Network (AFC Net) မှ ၁-၁၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် "2022 General Assembly (Written)" အစည်းအဝေးသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဇာတ်လမ်းတိုပြိုင်ပွဲ(2023 ASEAN-China Short Video Contest on the Theme of Friendship and Cooperation) တွင်လည်းကောင်း၊ Asia Film Commission Network (AFC Net)က ကြီးမှူးခြင်း ၁-၁၁-၂၀၂၃ ရက်နေ့မှ ၁၄-၁၁-၂၀၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၂၃ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်သည့် စီမံကိန်း (FLY Project 2023) ၁၁-၁၁-၂၀၂၃ ရက်နေ့မှ ၁၄-၁၁-၂၀၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် Fly Post Poduction Workshop သို့ လည်းကောင်း၊

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ၂၂-၁၂-၂၀၂၃ ရက်နေ့မှ ၂၆-၁၂-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် "5th Lancang- Mekong International Film Week" သို့လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၂၁) အရ "မြန်မာနိုင်ငံတွင် စာဆိုဗီမာန်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ပါသည်။ ခေတ်အဆက်ဆက် စာကောင်းပေမွန်များ ပေါ်ထွက်လာစေရေး ဘဝတစ်လျှောက်လုံး ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံတွင်ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗီမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကနဦး စာဆိုဗီမာန်အဆောက်အအုံ သုံးထပ် RC ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပြီး အဆောက်အဦ ဦးစီးဌာနက စာဆိုဗီမာန် အဆောက်အအုံ၏ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉၁၈ ဒသမ ၈၃၃ သန်းကို တွက်ချက်ပေးခဲ့ပါသည်။

အဆောက်အအုံတည်ဆောက်မည့် မြေနေရာကို သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တစ်ထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉)၏ တစ်စိတ်တစ်ဒေသ၊ အခမဲ့မြေကွက် အမျိုးအစားဖြစ်သော မြေကော ၂ ဒသမ ၁၈ ဧကရရှိခဲ့ပြီး ယင်းမြေနေရာတွင် ကုန်ကျငွေကို အိန္ဒိယနိုင်ငံ အကူအညီဖြင့် တည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျမှုမရှိစေရေး နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် စီမံကိန်းများတွင် စီမံကိန်းအဆိုပြုလွှာများ ရေးသားပေးပို့လျှောက်ထားခဲ့ရာ ၂၀၂၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ အဆိုပြုလွှာ Project Proposal ခုနစ်ခုအထိ အဆိုပြုရေးသားပေးပို့လျှောက်ထားနိုင်ခဲ့ပါသည်။

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာအခြေစိုက် BTA မှ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်

စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်မည့် နမူနာပုံစံ







မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ဂုဏ်ပြုတည်ဆောက်မည့် စာဆိုဗိမာန်နမူနာပုံစံအားတွေ့ရစဉ်။







မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ဂုဏ်ပြုတည်ဆောက်မည့် စာဆိုဗိမာန်နှမူနာပုံစံအားတွေ့ရစဉ်။



မြန်မာ-ရုရှား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပစဉ်။

ဆိုရန် ကမ်းလှမ်းမှုရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေး စာချုပ်(မူကြမ်း)အား ပြန်ကြားရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက် စာချုပ်ချုပ်ဆိုရန် အသေးစိတ်ညှိနှိုင်းလျက်ရှိပါသည်။

Greater Mekong Subregion (GMS) Website တွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှ စတင်၍ လွှင့်တင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စုစုပေါင်း သတင်း ၂၁ ပုဒ် လွှင့်တင်နိုင်ခဲ့ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်း ဆောင်ရွက်မှုများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီ လက်ထက်အတွင်း The Global New Light of Myanmar သတင်းစာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SPUTNIK Information Agency တို့အကြား သတင်းဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပြီး သတင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အောက်ပါလုပ်ငန်းများကို ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၂၁ ခုနှစ် ဖော်ဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အဖြစ် MRTV– News Chanel အား ထုတ်လွှင့်နိုင်ခဲ့ခြင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အား ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ MRTV– News Studio အသစ်အား ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံ လုံးလွှမ်းခြုံသည့် DTH စနစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် Channel များအား လုံးအား HD စနစ်ဖြင့်လည်းကောင်း၊ DTH စနစ်ဖြင့်လည်းကောင်း ထုတ်လွှင့်ခြင်းတို့အား ထူးခြားစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် MRTV ၏ App &Web ဖြစ်သည့် MRTV App Launching Ceremony ကို MICC–II တွင် ၂၀၂၂ ခုနှစ်၌ လည်းကောင်း Farmers' Channel နှင့် Sports Channel များအား အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Hey Play Co., Ltd. တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် Channel Rebranding အခမ်းအနားကို လည်းကောင်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၊ ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကမ္ဘာပေါ်ရှိထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များအနက် စကျင်ကျောက်ဖြင့်ထုလုပ်ထားသည့် ကမ္ဘာ့

အကြီးဆုံး ရုပ်ပွားတော်မြတ်ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားကိုလည်း သာသနာတော်ဆိုင်ရာ ထုံးတမ်းများနှင့်အညီ ကျင်းပခဲ့ပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေအား နိုင်ငံတွင်းရှိ သံရုံးများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပြည်ပနိုင်ငံများက သိရှိနားလည်စေရန် ရည်ရွယ်လျက် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ထုတ်လွှင့်ခဲ့သော မြန်မာ့အသံ ရေဒီယို အင်္ဂလိပ်ပိုင်းအစီအစဉ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုနှစ်ပတ်လည် နေ့ဖြစ်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစတင်ကာ Myanma Radio အမည်ဖြင့် အင်္ဂလိပ်ပိုင်း ရေဒီယိုအစီအစဉ် သီးသန့် Channel တစ်ခုအဖြစ် ထုတ်လွှင့်ခြင်းကိုလည်းကောင်း ထူးခြားစွာဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ပြည်သူလူထုအတွင်း သတင်းမှန်များ ပိုမိုသိရှိနိုင်ရန်နှင့် သတင်းအတုအယောင်များ၊ သတင်းအမှားများအား သတင်းအချက်အလက်အမှန်များဖြင့် တန်ပြန်ချေဖျက်နိုင်ရန်အတွက် ရေဒီယို Channel အသစ်အား “သပြေရေဒီယို” အမည်ဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာ့အသံရေဒီယိုမှ ခရီးသွားဒိုင်ယာရီ၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပွင့်လန်း MSME အစွမ်း၊ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား၊ ရသစုံလင်တေးဥယျာဉ်၊ ရသပီပြင်ဇာတ်လမ်းစဉ်၊ နိုင်ငံကြီးသား ပီသစေရာအစီအစဉ်နှင့် မသန်စွမ်းသူများဘဝ မြှင့်တင်ရေးအတွက် ဘဝမီးအိမ်အစီအစဉ် စသည့် အစီအစဉ် အသစ်များကို ထူးခြားစွာထုတ်လွှင့်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အကြို လှုံ့ဆော်ရေးအဖြစ် တေးသီချင်းများ၊ နှိုးဆော်ချက်များ၊ ပညာပေးအစီအစဉ်များ၊ ရေဒီယိုဇာတ်လမ်းများ၊ ရေဒီယိုမဂ္ဂဇင်းများ၊ရေဒီယိုဆောင်းပါး၊ သတင်းစာအာဘော်များ ထုတ်လွှင့်ခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ရေဒီယိုဥာဏ်စမ်းပဟေဠိ၊ တေးသီချင်းများ၊ နှိုးဆော်ချက်များ၊ ပညာပေးအစီအစဉ်များ၊ ရေဒီယိုဇာတ်လမ်းများ၊ ရေဒီယိုမဂ္ဂဇင်းများ၊ ရေဒီယိုဆောင်းပါး၊ သတင်းစာအာဘော်များ ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် MRTV Web Portal ၏ Server Hosting အား ဂျာမဏီနိုင်ငံအခြေစိုက် DW ၏ ပံ့ပိုးမှုဖြင့် ဂျာမဏီရှိ Datacenter တွင် Space ငှားရမ်း၍ လွှင့်တင်ထားခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေများအရ MRTV Web Portal ၏ Domain https://mrtv.gov.mm အား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ DDos ဆက်တိုက် တိုက်ခိုက်ခံခဲ့ရသည့်အတွက် DDos တိုက်ခိုက်ခြင်းကို ကာကွယ်ရန်အတွက် Cloudflare Business Plan အား လစဉ်ကြေးပေးချေ ဝယ်ယူ၍ Cloudflare Shield ဖြင့် ကာကွယ်ခြင်း ဆောင်ရွက်ခဲ့သော်လည်း ဂျာမဏီ Server မှ Hosting ထားခြင်းကို လက်မခံတော့

ကြောင်းအကြောင်းကြားလာသဖြင့် ပြည်တွင်းသို့ ပြောင်းရွှေ့ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ရှိ မြန်မာ့ဆက်သွယ်ရေး၏ e-Government Data Center သို့ Server Hosting ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အောင်မြင်စွာ ပြောင်းရွှေ့နိုင်ခဲ့ပြီး https://mrtv.gov.mm Domain ဖြင့် content များ ပုံမှန်တင်နိုင်ရေး ထူးခြားစွာဆောင်ရွက်ခဲ့ပါသည်။

အလားတူ Live Streaming ထုတ်လွှင့်မှုများအနေဖြင့် TV Channel များဖြစ်သော MRTV HD၊ MRTV News Channel၊ MRTV NRC၊ MRTV Sports နှင့် MRTV Farmers၊ Radio Channel များဖြစ်သော MRTV Radio ၊ မေယု FM၊ သပြေရေဒီယို၊ Myanma Radio International တို့ကိုလည်းကောင်း၊ MRTV အနေဖြင့် အားကောင်းသော Social Media Platform ဖြစ်သည့် Facebook နှင့် YouTube တို့တွင် တည်ငြိမ်စွာ ရပ်တည်ရန် အခက်အခဲများရှိနေသဖြင့် အခြားလူသုံးများသော Platform များဖြစ်သည့် Telegram၊ TikTok နှင့် Viber တို့တွင် Channel များဖွင့်၍ သတင်းများ/ အစီအစဉ်များ/ တေးသီချင်းများ/ TV spot များကိုလည်းကောင်း လွှင့်တင်ပေးလျက်ရှိပါသည်။

ထို့အပြင် TV Channel နှင့် Radio Channel များကို Mobile Device များမှ အလွယ်တကူ ကြည့်ရှုနားဆင်နိုင်ရန်အတွက် MRTV Application ကို ၂၀၂၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး Download ရယူနိုင်ရန်အတွက် ၃၁-၇-၂၀၂၃ ရက်နေ့တွင် Android Devices များအတွက် Play Store သို့လည်းကောင်း၊ Huawei China Version Devices များအတွက် ၃၁-၈-၂၀၂၃ ရက်နေ့တွင် Huawei App Gallery သို့လည်းကောင်း၊ iOS Devices များအတွက် ၂-၉-၂၀၂၃ ရက်နေ့တွင် App Store သို့ လည်းကောင်း လွှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ Play Store တွင် User 10K+ download ရှိနေပြီဖြစ်ပြီး အစိုးရအဖွဲ့အစည်းတစ်ခုနှင့် ဆက်စပ်သည့် Application ဖြစ်ကြောင်းကိုလည်း Play Store မှ အသိအမှတ်ပြုထားပြီးဖြစ်သလို နိုင်ငံပေါင်း ၈၀ ကျော်မှကြည့်ရှုလျက်ရှိသည့်အတွက် ထူးခြားစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စဉ်	လူမှုမီဒီယာအမည်	ချန်နယ်/အကောင့်အမည်	စတင်သည့်နေ့	ကြည့်ရှုသူ
၁	Telegram	MRTV HD	၁၉-၃-၂၀၂၁	29286
		MRTV News Channel	၁-၁၂-၂၀၂၁	15674
		MRTV Music Collection	၁-၁-၂၀၂၂	642
၂	TikTok	MRTV	၂၂-၄-၂၀၂၃	167.4 K
၃	Viber	MRTV	၂၀၂၄ ခုနှစ်	475
၄	Facebook	ဧဝတ်သဘင်နှင့်တေးဂီတ	၂၀၂၁ ခုနှစ်	104 K

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက လွှင့်တင်ဆောင်ရွက်လျက်ရှိသည့် လူမှုမီဒီယာ Channel နှင့် Account များ

စဉ်	လအမည်	၂၀၂၁ ခုနှစ်	၂၀၂၂ ခုနှစ်	၂၀၂၃ ခုနှစ်	မှတ်ချက်
၁	ဇန်နဝါရီ		၅၃၅၉	၅၉၁၃	
၂	ဖေဖော်ဝါရီ	၂၄၁၃	၅၄၆၁	၅၃၀၆	
၃	မတ်	၄၀၆၅	၅၅၇၇	၆၀၈၄	
၄	ဧပြီ	၅၅၇၅	၅၆၄၉	၅၉၉၁	
၅	မေ	၇၃၁၂	၅၇၃၇	၇၀၂၉	
၆	ဇွန်	၇၄၈၆	၅၈၄၅	၆၅၉၇	
၇	ဇူလိုင်	၇၇၄၂	၅၈၆၈	၆၃၅၇	
၈	သြဂုတ်	၈၀၂၀	၅၉၇၀	၆၆၀၅	
၉	စက်တင်ဘာ	၈၀၂၀	၆၁၆၇	၆၃၁၇	
၁၀	အောက်တိုဘာ	၈၃၆၃	၆၃၇၂	၆၇၀၂	
၁၁	နိုဝင်ဘာ	၈၅၁၉	၇၈၉၀	၆၆၆၂	
၁၂	ဒီဇင်ဘာ	၈၅၆၀	၈၁၆၂	၆၈၇၀	
	စုစုပေါင်း	၇၆၀၇၅	၇၄၀၅၇	၇၆၄၃၃	

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Online Platform များတွင် သတင်းများ၊ အစီအစဉ်များ၊ တေးသီချင်းများနှင့် TV Spot များ လွှင့်တင်ထားရှိမှုအခြေအနေ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ TV နှင့် Radio တို့မှ သတင်းများ၊ အစီအစဉ်များ၊ တေးသီချင်းများနှင့် TV spot များကို ဖော်ပြပါအတိုင်း နှစ်အလိုက် Online တွင် လွှင့်တင်နိုင်ခဲ့ပါသည်။

၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အခမ်းအနားများ၊ တောင်သူပညာပေး အစီအစဉ်များနှင့် ကိုယ်တိုင်သွားရောက် ရိုက်ကူးသော သတင်းများ ၁၂၄ ပုဒ်၊ Online ဖြင့် ဆက်သွယ်မေးမြန်းထားသော သတင်းများ ၂၂၃၀ ပုဒ်နှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေး သတင်း ၄၃၄၄ ပုဒ်တို့ကို ရိုက်ကူးထုတ်လွှင့် နိုင်ခဲ့ပါသည်။

နိုင်ငံတကာဌာနမှ စိုက်ပျိုးရေးမွေးမြူရေးနှင့် သက်ဆိုင်သည့် အစီအစဉ်များအား တောင်သူများ ဗဟုသုတရရှိစေရန် ၁၃-၆-၂၀၂၂ ရက်နေ့မှစတင်၍ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ

နိုင်ငံတကာ စိုက်ပျိုး မွေးမြူရေးအစီအစဉ် စုစုပေါင်း ၃၀၁ ပုဒ် ထုတ်လွှင့်ခဲ့ပါသည်။

Farmers' Channel မှ ၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ ရိုက်ကူးခဲ့သည့် "စိုက်ပျိုးရေးအစီအစဉ်" ၃၀ ပုဒ်၊ "မွေးမြူရေး အစီအစဉ်" ၁၁ ပုဒ်၊ "သစ်တောအစီအစဉ်" တစ် ပုဒ်၊ "ဖတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ" အစီအစဉ် ၂၁ ပုဒ်၊ "ကျေးလက်ကွန်ရက်" အစီအစဉ် ၁၄ ပုဒ်၊ "ဆေးဖက်ဝင် ဟင်းသီး ဟင်းရွက်နှင့်ကျန်းမာရေး" အစီအစဉ် သုံးပုဒ်၊ "ဆွေးနွေးကြမယ် စိုက်ပျိုး မွေးမြူနည်း အသွယ်သွယ်" အစီအစဉ် ၂၆ ခု၊ "စိုက်ပျိုးမွေးမြူ သုတဘဏ်" အစီအစဉ် ၁၅ ပုဒ်တို့ကို ထူးခြား အောင်မြင်စွာ ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးတေး Only Insert သီချင်းစုစုပေါင်း ခုနစ်ပုဒ် ထုတ်လုပ်ခဲ့သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် Promo ၂၃ ပုဒ် ကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ Farmers' Channel နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် တင်ဆက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြု အစီအစဉ်နှစ်ခု၊ Farmers' Channel နှင့် သမဝါယမ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက် သည့် သမဝါယမနေ့ ဂုဏ်ပြုအစီအစဉ် သုံးပုဒ်၊ သမဝါယမ ဂုဏ်ပြုတေး တစ်ပုဒ်၊ Farmers' Channel မှ Big-M စိုက်ပျိုးရေးခြံနှင့် ပူးပေါင်း စီစဉ်တင်ဆက်သည့် အစီအစဉ် လေးပုဒ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နှစ်ပတ်လည် နေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်နှစ်ပုဒ်၊ Farmers' Channel ၁၀ နှစ်ပြည့် နှစ်ပတ်လည် နေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် တစ်ပုဒ်၊ Farmers' Channel နှင့် စက်မှုလယ်ယာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် အစီအစဉ် လေးပုဒ်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းစီစဉ်တင်ဆက် သည့် အစီအစဉ် ငါးခုတို့ကို ထုတ်လုပ်နိုင်ခဲ့ ပါသည်။

၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ Main Content Provider ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ထံမှအစီ အစဉ်အသစ် စုစုပေါင်း ၄၃ ပုဒ် ပေးပို့ထုတ်လွှင့် နိုင်ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း ကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိနိုင်ရေးအတွက် ကျောင်းသား/ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် ကြာမြင့်ချိန် ၈ မိနစ်၊ စက္ကန့် ၃၀ ကြာ Video Clip အား Farmers' Channel မှ ၂၄-၂-၂၀၂၃ ရက်နေ့မှစ၍ အပတ်စဉ် တစ်ပတ် လျှင် တစ်ကြိမ် ၂၀၂၃ ခုနှစ်၊ မေလနောက်ဆုံး ပတ်အထိ ထုတ်လွှင့်ခဲ့ပါသည်။

Farmers' Channel မှ (၁၉) ကြိမ်မြောက် အာရှအားကစား ပွဲများနှင့် ဖွင့်ပွဲပိတ်ပွဲကို လည်းကောင်း၊ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ခြေစစ်ပွဲကိုလည်းကောင်း၊ (၆၀)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ဖလား ဗိုလ်လုပွဲနှင့် ဆု

ချီးမြှင့်ပွဲဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အသင်းတို့ ယှဉ်ပြိုင်ကစားသည့် ပွဲကို လည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်နိုင်ခဲ့ပြီး ရန်ကုန် (ပြည်လမ်း)ရုံးရှိ Studio A အား Video Wall၊ Lighting System၊ Video Switcher နှင့် Character Generator ပစ္စည်းများ ဝယ်ယူ ဖြည့်တင်းပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နေပြည်တော် တပ်ကုန်း (ရုံးချုပ်)ရှိ Auditorium တွင် LED Video Wall တပ်ဆင်ခြင်းလုပ်ငန်းများ ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားများ၊ အစီအစဉ် များ ရိုက်ကူးအသုံးပြုလျက်ရှိပါသည်။

ထို့အပြင် နေပြည်တော် တပ်ကုန်း(ရုံးချုပ်) ရှိ Small Studio အား MRTV News Channel HD Studio အဖြစ် လည်းကောင်း၊ New Studio 1 အား HD စနစ်အဖြစ် လည်းကောင်း စက်ပစ္စည်း များတိုးမြှင့်တပ်ဆင်ခြင်း လုပ်ငန်းများ၊ တပ် ကုန်း(ရုံးချုပ်)ရှိ 1000 Ton Aircon Chiller စနစ် သည် သက်တမ်းကြာမြင့်လာပြီး အချို့ စက်ပစ္စည်းများမှာ ဝယ်ယူမရနိုင်သဖြင့် Aircon Chiller အား Water Cool Chiller စက်အသစ် များဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် အဆင့် လေးဆင့်ခွဲ၍ ဆောင်ရွက်ခဲ့ရာ ပထမအဆင့် အနေဖြင့် 250 Ton Aircon Chiller တစ်လုံးအား ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် 250 Ton Aircon Chiller တစ်လုံးအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း Air Cooling စနစ်မှ Water Cooling စနစ်သို့ အစားထိုးတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

တိုင်းရင်းသားဘာသာ ၁၁ ခု၏ အစီအစဉ် ရိုက်ကူး ထုတ်လုပ်၊ ထုတ်လွှင့်မှုများအတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ စာပေစကား၊ ဘာသာစကား၊ ဒေသဖွံ့ဖြိုးရေးအစီအစဉ်၊ မြန်မာ့မြေမှ လူမှု ဘဝများ၊ တိုင်းရင်းသားရိုးရာ အစားအစာ၊ People talk၊ ဒေသတစ်လွှား စိတ်ဝင်စား ဖွယ်ရာများ၊ ကျန်းမာရေး၊ ရိုးရာပုံပြင်၊ စကားပုံ၊ ဆိုရိုးစကား အဓိပ္ပာယ်နှင့် ဖွင့်ဆိုချက်၊ ပညာ ပေး Spot၊ သတိပေးနှိုးဆော်ချက်၊ ခရစ္စမတ် နှင့်ဆိုင်သော တရားဒေသနာ၊ ဇာတ်လမ်း အစီအစဉ်၊ တေးများ၊ Covid-19 ကာကွယ်ရေး Promo Spot ၊ ရိုးရာဓလေ့နှင့်ဆိုင်သော ဇာတ်လမ်းများ၊ အခါကြီးရက်ကြီး အထူးပြုသော ဇာတ်လမ်းများ၊ နေ့ထူးနေ့မြတ် ဂုဏ်ပြု ဇာတ်လမ်း၊ အစီအစဉ်၊ တေး Live များကို ထုတ် လွှင့်နိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ အထိ ထုတ်လုပ်၊ ထုတ်လွှင့်နိုင်ခဲ့သော အစီအစဉ်များတွင် ဒေသအလှအပအစီအစဉ်၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများ၊ ကျွန်တော်တို့အတွေး ကျွန်တော်တို့လက်ရာ အစီအစဉ်၊ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု မှန်ကန်စေရန် Fashion Show အစီအစဉ် များ ထပ်မံတိုးချဲ့ထုတ်လုပ်၊ ထုတ်လွှင့်နိုင်ခဲ့ပါသည်။ ဖျော်ဖြေရေးကဏ္ဍများအနေဖြင့် နေပြည်တော်တွင် ပထမအ ကြိမ်ကျင်းပသည့် လူငယ်နှင့်စာပေ ပွဲတော်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင် ပျော်ရွှင်ရေး၊ စိတ်အပန်းဖြေစွာဖြင့် လုပ်ငန်း

များကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ စိန်ရတုပြည်ထောင်စုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်၊ လူရည်ချွန်စခန်းများ၊ ပထမအကြိမ် မာရဝိဇယဆီမီးပူဇော်ပွဲတို့တွင် ခေတ်ပေါ်တီးဝိုင်းဖြင့် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ထုတ်လုပ်၊ ထုတ်လွှင့်နိုင်ခဲ့သောအစီအစဉ်များတွင် ပြိုးပဒေသာအစီအစဉ်၊ မြန်မာပြည်အတွင်း လည်ပတ်သွားလာ သင့်သော ဒေသများ၊ ဒေသထွက်ကုန်များ၊ ထူးဆန်းဖွေရာ ဓလေ့ရိုးရာ၊ ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ၊ ဘာသာအလိုက် ရိုးရာအိမ်များအကြောင်း၊ ပြုပြင်ရှုမြင် မြန်ပြည်တစ်ခွင်၊ စိုက်ပျိုးရေး၊ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ Live ကို NRC မှ ပထမအကြိမ် စတင်ထုတ်လွှင့်ခြင်းနှင့် နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန် (လမ်းလျှောက်သင်္ကြန်)တွင် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နေပြည်တော်သင်္ကြန်မြင်ကွင်း Live အား အကြိုနေ့မှစ၍ အတက်နေ့အထိ ထပ်မံတိုးချဲ့ ထုတ်လုပ်၊ ထုတ်လွှင့်နိုင်ခဲ့ပါသည်။ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ၊ ကူညီဆောင်ရွက်မှုများကို ပြုပြင်ရှုမြင်အစီအစဉ်ဖြင့် တိုးချဲ့ထုတ်လုပ်၊ ထုတ်လွှင့်နိုင်ခဲ့သည့်အပြင် FRIDAY NIGHT LIVE SHOW အစီအစဉ်ဖြစ်သည့် ချင်းတိုင်းရင်းသားတို့၏ အောက်ချင်းဌက်တေးသံသာ–၂ အစီအစဉ်ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်/အောက်)များသို့ သွားရောက်၍ ဖျော်ဖြေရေးကဏ္ဍများ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ (၈)နှစ်မြောက် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနား စသည့် နိုင်ငံတော်ပွဲအခမ်းအနားများတွင်လည်း ဖျော်ဖြေရေးကဏ္ဍများအဖြစ် ထူးခြားစွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထူးဆန်းဖွေရာ “ဝ” ဓလေ့ရိုးရာအစီအစဉ် အခန်းကဏ္ဍ၌ သီချင်း၊ ဇာတ်လမ်းဖျော်ဖြေမှုတွင် တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်အလိုက် တေးသီချင်းများ တိုက်ရိုက်ထုတ်လွှင့်ပေးခြင်း၊ တိုင်းရင်းသားများနှင့်သက်ဆိုင်သည့် နေ့ထူးနေ့မြတ်များအတွက် ဇာတ်လမ်းများရိုက်ကူးထုတ်လွှင့်ခြင်း၊ COVID–19 ဆိုင်ရာတေးသီချင်းများ၊ နှစ်ပတ်လည်ဂုဏ်ပြုတေးများ၊ ဟာသဇာတ်လမ်းတို့များကို တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်ရေး ဌာနစိတ်၏ သုံးနှစ်တာကာလအတွင်း ထုတ်လွှင့်ခဲ့သည့် အခြေအနေများမှာ Breaking News ၂၇ ကြိမ် ၊ Update News ၁၄၆ ကြိမ်၊ ပြည်သူ့အတွက် သတင်းမှန်ကဏ္ဍ/မေးမြန်းဖြေကြား ပြည်သူ့အတွက် သတင်းစကား ၃၅၇၈ ကြိမ်၊ အထိမ်းအမှတ်နှင့် အခမ်းအနားပွဲများ ထုတ်လွှင့်ခြင်း ၂၄ ကြိမ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိန့်ခွန်း ၈၁ ကြိမ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ထရေးရှင်းနိုင်ငံခရီးစဉ် ရှစ်ကြိမ်၊ သတင်းစာရှင်းလင်းပွဲ ၂၀ ကြိမ်၊ အသိပညာပေး(Spot) ၄၂၂၀ ကြိမ်၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး စိန်ရတုပြတိုက်ဆိုင်းဘုတ်အား အမွေးနုံ့သာရည်ဖြင့် ပတ်ဖြန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV News Channel အား စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV DTH တိုက်ရိုက်(Live)ထုတ်လွှင့်သည့်အခမ်းအနား တက်ရောက်စဉ်။



အပတ်စဉ် စနေနေ့တိုင်းထုတ်လွှင့်သည့် အာလီအငြိမ့် ထုတ်လွှင့်မှုအား တွေ့ရစဉ်။



မြန်မာပြည်သိန်းတန်၏ သီချင်းဒိုင်ယာရီ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအား တွေ့ရစဉ်။



ရတုဆက်ဆက်မှသည် (၇၇)နှစ်တိုင်ခဲ့ပြီ MRTV အစီအစဉ် ထုတ်လွှင့်မှုအား တွေ့ရစဉ်။



နုပျိုဆန်းသစ်(၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV အစီအစဉ် ထုတ်လွှင့်မှုအား တွေ့ရစဉ်။



ရာပြည့်နှစ်လွန် အကျိုးဆက်ရှာဖွေ မြန်မာရုပ်ရှင် တိုးတက်ပါစေ အစီအစဉ် ထုတ်လွှင့်မှုအား တွေ့ရစဉ်။



နိုင်ငံအကျိုးအတွက် မှန်းမျော်ရည် ခိုင်မာတိုးတက်စေရမည် အစီအစဉ် ထုတ်လွှင့်မှုအား တွေ့ရစဉ်။

မိုးလေဝသအသိပေးနှိုးဆော်ချက် (Crawler) ၁၁၀၅၉ ကြိမ်၊ တိုက်ရိုက် Live ထုတ်လွှင့်မှု ၁၅ ကြိမ်၊ ပင်မသတင်း ၃၆၄၉ ပုဒ်၊ ဒေသသတင်း ၄၆၂၃ ပုဒ်၊ အကျိုးပြုသီချင်း ၃၅၄၅ ကြိမ်၊ အထိမ်းအမှတ်ဂုဏ်ပြုသီချင်း ၈၈ ကြိမ်တို့ကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ရုံးချုပ်နှင့်နယ် သတင်းဌာနခွဲများ၏ ၁-၂-၂၀၂၁ မှ ၃၁-၁၂-၂၀၂၃ ထိ သုံးနှစ်တာကာလအတွင်း ရှာဖွေစုဆောင်းပေးခဲ့သည့်အခြေအနေများမှာ ကချင်ဘာသာ ၁၄၈၁ ပုဒ်၊ ကယားဘာသာမှ ၆၁၆ ပုဒ်၊ စကောကရင်ဘာသာမှ ၄၈ပုဒ်၊ အနောက်ပိုးကရင်ဘာသာမှ ၁၆၉၃ ပုဒ်၊ အရှေ့ပိုးကရင်ဘာသာမှ ၁၆၄၉ ပုဒ်၊ မွန်ဘာသာမှ ၃၈၉၇ ပုဒ်၊ ရခိုင်ဘာသာမှ ၁၇၀၃ ပုဒ်၊ ရှမ်းဘာသာမှ ၁၅၁၉ ပုဒ်၊ "ဝ"ဘာသာမှ ၇၃၇ ပုဒ်တို့ကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Content Provider ကုမ္ပဏီနှစ်ခုဖြစ်သော Mizzima Media Co.Ltd (Mizzima Channel) နှင့် DVB MultiMedia Group Co.,Ltd (DVB Channel) တို့သည် MRTV Multi Channel Playout System တွင် Free to Air Channel များအဖြစ် ထည့်သွင်းထုတ်လွှင့်နိုင်ရေးအတွက် ၁၇-၂-၂၀၁၈ ရက်နေ့တွင် သဘောတူစာချုပ်၌ နှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီးChannel များထည့်သွင်း ထုတ်လွှင့်ပြသခဲ့ရာမလွန်ဆန်နိုင်သောဖြစ်ရပ် ဖြစ်ပွားပြီးနောက် ၁-၂-၂၀၂၁ ရက်နေ့မှစ၍ ထုတ်လွှင့်မှုကို ယာယီရပ်ဆိုင်းထားရှိခဲ့ပါသည်။ ယင်းသို့ ယာယီရပ်ဆိုင်းထားရှိသည့် အချိန်တွင် Mizzima Channel နှင့် DVB Channel တို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို ပျက်ပြားစေသည့် သတင်းများ၊ ရုပ်သံများကို အခြားနည်းလမ်းဖြင့် ထုတ်လွှင့်မှုများဆောင်ရွက်ခဲ့သဖြင့် စာချုပ်ပါ လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်အားလုံးအား စာချုပ်အပိုဒ် ၁၆(c)အရ ရပ်ဆိုင်းခဲ့ပြီး ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ၈-၃-၂၀၂၁ ရက်နေ့မှစ၍ ပိတ်သိမ်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်တို့အကြား Myanmar National TV (MNTV Channel) ထုတ်လွှင့်မှုကို မြို့ကြီးကိုးမြို့ဖြစ်သည့် တောင်ကြီး၊ ပြည်၊ မော်လမြိုင်၊ တောင်ငူ၊ မိတ္ထီလာ၊ မင်းဘူး၊ ပဲခူး၊ ကျောင်းကုန်းနှင့် မုံရွာမြို့ များတွင် ၁-၉-၂၀၂၁ ရက်နေ့မှစ၍ Analogue စနစ်ဖြင့် ထုတ်လွှင့်မှုရပ်ဆိုင်းခြင်းအားလည်းကောင်း၊ MRTV Entertainment Channel (me channel) အား ၁၅-၁၂-၂၀၂၁ ရက်နေ့မှစ၍ ရန်ကုန်မြို့တွင် Analogue စနစ်ဖြင့် ထုတ်လွှင့်မှုရပ်ဆိုင်းခြင်းအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group Co.,Ltd တို့အကြား MRTV-4 နှင့် Channel-7 ထုတ်လွှင့်မှုကို မြို့ ၂၇ မြို့တွင် ၁-၉-၂၀၂၁ ရက်နေ့မှစ၍ Analogue Switch off ပြုလုပ်ခြင်းအားလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် နိုင်ငံတကာသို့ ပိုမိုကျယ်ပြန့်စွာ ရောက်ရှိ

ပျံ့နှံ့နိုင်စေရေးအတွက် ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ မြန်မာ့အသံရုပ်မြင်သံကြားနှင့် Kaung Shwe Win Family Co.Ltd, Myanmar Best Quality of USA Company တို့ပူးပေါင်း၍ MRTV Mobile Media Application (MRTV App & Web)အား အဆင့်မီစွာရေးဆွဲ၍ ၂-၄-၂၀၂၂ ရက်နေ့မှစ၍ စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး မြန်မာဘာသာအပြင် အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ ဂျာမန် စသည့် ဘာသာများဖြင့် နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းအတွက် ဌာနနှင့်ကုမ္ပဏီအကြား အပြန်အလှန်တာဝန်ယူဆောင်ရွက်ရမည့် အချက်များအား အကောင် အထည်ဖော် ဆောင်ရွက်ရန်နှင့် ငွေကြေးပေးသွင်းမှုများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာတမ်း (Letter of Intent-LOI) အား ၈-၄-၂၀၂၂ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။

သို့ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကုမ္ပဏီတို့အကြား သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဌာန/အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်တောင်းခံခြင်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း နည်းပညာ တိုက်ခိုက်ဖျက်ဆီးခံရခြင်းများကြောင့် ထုတ်လွှင့်မှုအား ရပ်ဆိုင်းခဲ့ရပြီး ယခုအခါ ဌာနပိုင် Website မှတစ်ဆင့် ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်များ ထုတ်လွှင့်တင်ဆက်လျက်ရှိပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Borderless Broadcast Co.,Ltd တို့အကြား Direct to Home(DTH) စနစ်ဖြင့်ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးခွင့်ပြုချက်ဖြင့်သဘောတူစာချုပ်အား ၅-၁၁-၂၀၂၃ ရက်နေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီး ယခုအခါ Borderless Broadcast Co.,Ltdနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် China Rocket Co.,Ltd သည် မြန်မာနိုင်ငံရှိ ဝေးလံခေါင်သီသော ဒေသများရှိ အိမ်ထောင်စုများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး အသိပညာတိုးတက်စေရန်၊ လူငယ်များ၏ ပညာရေးဆိုင်ရာ လေ့လာမှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် သတင်းအချက်အလက်များကို မြို့ကြီးများနည်းတူ သိရှိနိုင်စေရေးအတွက် တရုတ်နိုင်ငံ CHINA AID ၏ အကူအညီရယူပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပူးပေါင်း၍ MYANSAT DTH Satellite Dish (စလောင်း)၊ Set Top Box (STB)၊ LNB (စလောင်းထိပ်ဖူး)၊ 24" TV၊ Energy Storage Bettery ၊Solar Panal စသည်တို့ ပါဝင်သည့် စက်ပစ္စည်းအစုံကို ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရည်ရွယ်ချက်ဖြင့် ကျေးရွာများသို့ လှူဒါန်းသွားမည့် အစီအစဉ်အား ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီခွင့်ပြုချက်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် Borderless Broadcast Co., Ltd က ပြည်သူလူထုသို့ Myansat DTH စနစ်ဖြင့် Package-1 နှင့် Package-2 ဟူ၍ ထုတ်လွှင့်

နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး Package–1 တွင် MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများ အပါအဝင် စုစုပေါင်းရုပ်သံလိုင်း ၉၆ လိုင်းဖြင့် လည်းကောင်း၊ Package–2 တွင် စုစုပေါင်း မြန်မာ/နိုင်ငံတကာ ရသစုံရုပ်သံလိုင်းပေါင်း ၁၇၆ လိုင်းဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချ နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

Myanmar Broadband Telecom Co.,Ltd (MBT)၏ IPTV ဝန်ဆောင်မှုစနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဌာနပိုင်ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်ဆောင်ရွက်လျက်ရှိပြီး Myanmar Cast Stream Co.,Ltd (MCS) ၏ Myanmar Cast (MC) Application တွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၏ ဌာနပိုင်ရုပ်သံလိုင်းများ ထည့်သွင်း ထုတ်လွှင့်ခြင်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ပြောင်းလဲလာသော နည်းပညာများနှင့်အညီ နိုင်ငံတစ်ဝန်းလုံးသို့ ရုပ်မြင်သံကြား ထုတ်လွှင့်မှုများ ရာနှုန်းပြည့် လွှင့်အား ပျံ့နှံ့စေရေးအတွက် ဂြိုဟ်တုမှ ထုတ်လွှင့်မှုကို တိုက်ရိုက် ဖမ်းယူကြည့်ရှုနိုင်သော MRTV Direct to Home (DTH) စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မှုကို ၁–၂–၂၀၂၂ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး MRTV DTH တွင် ဌာနပိုင်ရုပ်သံလိုင်းများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသများ၏ အစိုးရအဖွဲ့အစည်းတို့အား ပုဂ္ဂလိကမီဒီယာဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အတွက် MRTV DTH Platform (Direct to Home) တွင် ပုဂ္ဂလိကရုပ်သံလိုင်းများ ထပ်မံထည့်သွင်း ထုတ်လွှင့်နိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ Expression of Interest (EOI) ခေါ်ယူခြင်း၊ Request for Proposal (RFP) တင်သွင်းစေခြင်းများဆောင်ရွက်ပြီး MRTV DTH စနစ်တွင် ရုပ်သံလိုင်းများထည့်သွင်းပြသခွင့်ပြုနိုင်ရန် စိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှုဖြင့် အောင်မြင်သည့် ကုမ္ပဏီခြောက်ခု၏ ရုပ်သံလိုင်း ၁၀ လိုင်းအပါအဝင် ၁၅–၂–၂၀၂၄ ရက်နေ့မှစ၍ ရုပ်သံလိုင်း ၁၉ လိုင်းအား MRTV DTH စနစ်တွင် Free To Air စနစ်ဖြင့် ထည့်သွင်းထုတ်လွှင့်လျက်ရှိပါသည်။

MRTV နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင် DVB–T2 စနစ် ဖြင့် Skynet ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် လှိုင်းနှုန်းစဉ် လေးခုအသုံးပြု၍ Skynet ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပါသည်။

MRTVနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MRTV Entertainment Channel (me) ရုပ်သံလိုင်းထုတ်လွှင့်မှုအား လုပ်ငန်းရပ်ဆိုင်းခွင့်ပြုပြီး အဆိုပါရုပ်သံလိုင်းအား Media N Co.,Ltd က အဆင့်မြှင့်တင်ပြီး Myanmar Entertainment Channel (m) အဖြစ်သို့ ပြောင်းလဲထုတ်လွှင့်ခွင့်ပြုခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DVB–T2 စနစ်၌ SD စနစ်ဖြင့် ထုတ်လွှင့်နေသည့် ပုဂ္ဂလိက Channel များအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး(စစ်ကိုင်း)စသည့် မြို့ကြီး သုံးမြို့တွင် HD စနစ်ဖြင့် အဆင့်မြှင့်တင်

ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ခဲ့ရာ မူလ HD စနစ်ဖြင့် ထုတ်လွှင့်သည့် MRTV HD ၊ MRTV News အပြင် MRTV NRC Channel ၊ Myanmar International (MI Channel)၊ MRTV Farmers' Channel ၊ MRTV Sports Channel ၊ 5 Plus ၊ Fortune TV Channel ၊ Channel K ၊ YTV Channel နှင့် M Channel စသည့် ရုပ်သံလိုင်း ကိုးလိုင်းအား မြို့ကြီးသုံးမြို့တွင် HD စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ MRTV DVB-T2 စနစ်ဖြင့် HD ၁၁ လိုင်း ထုတ်လွှင့်နိုင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Hey Play Co.,Ltd တို့ ပူးပေါင်းကာ ၈-၁-၂၀၂၃ ရက်နေ့မှစ၍ MRTV Farmers' Channel (Htv Farmers' Channel)နှင့် MRTV Sports Channel (Htv Sport's Channel)တို့တွင် အစီအစဉ်များ ပူးပေါင်းထုတ်လွှင့်မှုဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်လျက်ရှိပါသည်။ Farmers' Channel တွင် နေ့စဉ်တောင်သူလယ်သမားရေးရာ သတင်းနှင့် မိုးလေဝသအခြေအနေများကို တစ်နေ့လျှင်လေးကြိမ် ထုတ်လွှင့် ပေးလျက်ရှိပါသည်။ နေ့စဉ် ပြောင်းလဲနေသော ကုန်စျေးနှုန်းသတင်းများကိုလည်း ၁၁-၇-၂၀၂၁ ရက်နေ့မှစ၍ Graphic နှင့် စာတန်းထိုးကြေညာပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပေးပို့သည့် ပြောင်းလဲနေသော ဓာတ်မြေဩဇာဈေးနှုန်းများကို ၆-၉-၂၀၂၂ ရက်နေ့မှစတင်၍ တစ်လလျှင်နှစ်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ နေ့စဉ် ကုန်စည်ဈေးနှုန်းများအား Graphic Design အသစ်ဖြင့် ၁၁-၈-၂၀၂၃ ရက်နေ့မှစ၍ ထုတ်လွှင့်ခြင်း၊ သတင်းများကို Main Content Provider ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှပေးပို့သည့် သတင်း၊ MRTV သတင်း၊ NRC ဗျူရိုများမှသတင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှဖိတ်ကြားထားသည့် အခမ်းအနား၊ Current News များ၊ တောင်သူပညာပေးအစီအစဉ်များ၊ နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးသတင်းများ၊ Online သတင်းများနှင့် အခါအားလျော်စွာ ကိုယ်တိုင်သွားရောက်ရိုက်ကူးသော သတင်းများ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ထို့အပြင် သတင်းဖတ်ကြားခြင်း ဒီဇိုင်းပုံစံသစ်ကို ၁၁-၇-၂၀၂၁ ရက်နေ့မှစ၍ ပြောင်းလဲထုတ်လွှင့်ပါသည်။ Farmers' Channel အဖွင့် (Opening) Graphic Design အသစ်အား ၁၈-၈-၂၀၂၃ ရက်နေ့ နံနက်ပိုင်းမှ စတင်ထုတ်လွှင့်ခဲ့ပါသည်။ Farmers' Channel မှ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ၄ နာရီအတွက် Package ကို လေးကြိမ်ထုတ်လွှင့်ခြင်းဖြင့် တစ်နေ့လျှင် ပုံမှန်ထုတ်လွှင့်ချိန် ၁၆ နာရီပြည့်မီစွာ ထုတ်လွှင့်လျက်ရှိပါသည်။ Farmers' Channel မှ "ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့် ကျန်းမာရေး" Talk Show (Virtual Studio)နှင့် ပြင်ပစိုက်ခင်းများတွင် ရိုက်ကူးသည့် အစီအစဉ်၊ "စိုက်ပျိုးရေးအစီအစဉ်"နေပြည်တော်နှင့် နယ်များသို့ သွားရောက်ရိုက်ကူးသည့် အစီအစဉ်၊ "မွေးမြူရေးအစီအစဉ်"၊ "တောင်သူဆီမှ စကားသံ"၊ "ဖတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ" အစီအစဉ်၊ "ကျေးလက်ကွန်ရက်"အစီအစဉ်၊ "ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်" အစီအစဉ်၊ "စိုက်ပျိုး မွေးမြူသုတဘဏ်" အစီ

အစဉ်နှင့် Content Providers များထံမှ ရရှိသည့် အစီအစဉ်များ၊ သီချင်းများကို ကဏ္ဍစုံစွာ ထုတ်လွှင့် ပေးလျက်ရှိပါသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလမှစတင်၍ တောင်သူ လယ်သမားရေးရာသတင်း Title Graphic Design အသစ်၊ "ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" အစီအစဉ်၊ "ဆွေးနွေးကြမယ် စိုက်ပျိုး မွေးမြူနည်း အသွယ်သွယ်" အစီအစဉ်၊ "ဖတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ"အစီအစဉ်နှင့် "ကျေးလက် ကွန်ရက်အစီအစဉ်" များအား Graphic Design အသစ်ဖြင့် တည်းဖြတ်ထုတ်လွှင့်ခဲ့ပါသည်။ ကျန်ရှိနေသည့် အစီအစဉ်များကိုလည်း Graphic Design အသစ်ဖြင့် တည်းဖြတ်ထုတ် လွှင့်သွားပါမည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေး ဆပ်ကော်မတီလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အောက်ပါလုပ်ငန်းတို့ကို ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့ပါသည် –

(က) (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်လိုဂိုရေးဆွဲခြင်း၊

(ခ) စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား အပိတ်တေးအဖြစ် "ပြည့်ရတနာ" သီချင်းနှင့် ဂုဏ်ပြုတေးများအဖြစ် "လွတ်လပ်ရေးတေးသံ"၊ "တာဝန်ကိုယ်စီ ထိန်းသိမ်းမည်"သီချင်းများကို ရေးဖွဲ့ခြင်းနှင့် အနုပညာရှင်များဖြင့် သီဆိုဖျော်ဖြေခြင်း၊

(ဂ) (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စတေကာကမ်ပိန်း (Sticker Campaign) ပြုလုပ်ရန် Sticker Design နှစ်မျိုးပြုလုပ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ Sticker စောင်ရေ သုံးသိန်း ပုံနှိပ်ဖြန့်ချိ၍ Sticker Campaign ပြုလုပ်ခြင်း၊

(ဃ) (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲကျင်းပခြင်း၊

(င) ဂုဏ်ပြုအခမ်းအနားသို့ ပါဝင်တက်ရောက်ကြသည့် ကျောင်းသားကျောင်းသူများ နေထိုင်ရာ ရွာတော်တည်းခိုရိပ်သာတွင် အနုပညာရှင်များဖြင့်ဖျော်ဖြေခြင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အနုပညာလုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုပ်ရှင်၊ သဘင်၊ ဂီတဆိုင်ရာကဏ္ဍများကို အဆင့်မီစွာ ဖျော်ဖြေတင်ဆက်နိုင်ရန် ရည်ရွယ်၍ ယခင်ကရပ်တန့်နေသည့် နိုင်ငံတကာ အနုပညာဗဟို ဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကို ပြန်လည်ဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ခဲ့ပါသည်။

(၇၅)နှစ်မြောက်
စိန်ရတုလွတ်လပ်ရေးနေ့
အထိမ်းအမှတ် လိုဂိုအား တွေ့ရစဉ်။

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
စတေကာကမ်ပိန်း (Sticker Campaign) ပြုလုပ်သည့်
Sticker Design များအား တွေ့ရစဉ်။

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စတေကာကမ်ပိန်း (Sticker Campaign) ပြုလုပ်စဉ်။





(၇၅)နှစ်မြောက်
စိန်ရတုလွတ်လပ်ရေးနေ့
ဂုဏ်ပြုအခမ်းအနားတွင်
"ပြည့်ရတနာ" သီချင်းဖြင့်
တိုင်းရင်းသားများက
စုပေါင်းဖျော်ဖြေတင်ဆက်စဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို
ဂုဏ်ပြုရေးသားသည့် "လွတ်လပ်ရေးတေးသံ" သီချင်းဖြင့်
အဆိုတော် မြန်မာပြည်သိန်းတန်က
လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ဖျော်ဖြေစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို
ဂုဏ်ပြုရေးသားသည့် "တာဝန်ကိုယ်စီ ထိန်းသိမ်းမည်" သီချင်းဖြင့်
သဘင်ပညာရှင် တင်မောင်ဆန်းမင်းဝင်းက
လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ဖျော်ဖြေစဉ်။

ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ နိုင်ငံတကာအနုပညာဗဟိုဌာန အဆောက်အအုံ(Steel Structure Skeleton Building)လက်ခံရေးအဖွဲ့ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး iGreen Construction Co., Ltd. ထံမှ စနစ်တကျ လွှဲပြောင်းလက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတကာ အနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်ရာတွင် Steel Structure Painting (Redoxide) လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆောက်အအုံပတ်လည်တွင် ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အဆောက်အအုံ ရေရှည်ကြံ့ခိုင်မှုရှိစေရေးတို့အတွက် Apron and Drain ဆောင်ရွက်ခြင်း၊ လုံခြုံမှုရှိစေရေးအတွက် အုတ်တံတိုင်း ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးစီမံကိန်း၏ ကျန်ရှိနေသော လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အပိုင်းအလိုက် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာ (Project Proposal)ကို ပြန်ကြားရေးဝန်ကြီးဌာနက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် စာအုပ်စာစောင်များ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ လက်ကမ်းစာစောင်များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ဒို့ကျေးရွာဂျာနယ်အား ကျေးလက်နေပြည်သူများအတွက် အကျိုးပြု



နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံဒီဇိုင်းအား တွေ့ရစဉ်။







နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံဒီဇိုင်းအား တွေ့ရစဉ်။



နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ၏ တည်ဆောက်ဦးစီးသည့်
(Steel Structure Skeleton Building)အား တွေ့ရစဉ်။

မည့် ဂျာနယ်တစ်စောင်အဖြစ် ရပ်တည်နိုင်ရေး အတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက်ပြောင်းလဲထုတ်ဝေခြင်း၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများရှိပြည်သူ့စာကြည့်တိုက်များနှင့် ရွှေ့လျားစာကြည့်တိုက် များအတွက် သုတ/ရသစာအုပ်များ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊ ပြည်သူများအတွက် အသိပညာပေးဇာတ်လမ်းတိုများ ရိုက်ကူးပေးခြင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ ပြုလုပ်ခြင်း၊ မှတ်တမ်းဓာတ်ပုံများရိုက်ကူးခြင်း နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိပါသည်။

၁-၂-၂၀၂၁ ရက်နေ့မှ ၃၁-၁၂-၂၀၂၃ ရက်နေ့ အထိ သုံးနှစ် တာကာလအတွင်း လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့ သည့် မိန့်ခွန်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer တို့၏ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း စာအုပ်များ၊ သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ စာအုပ်များ၊ ပြည်ထောင်စုအလံတော် သယ်ယူ ရေးမှတ်တမ်းစာအုပ်၊ (၇၅) နှစ်မြောက် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တမ်းစာအုပ်နှင့် မြန်မာ့ရုပ်ရှင် စကား ဝိုင်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ ပါသည်။

ထို့အတူနိုင်ငံတော်၏ နေ့ထူးနေ့မြတ်များ၌ လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိလျက် ရှိရာ အစီရင်ခံသည့်ကာလအတွင်း လွတ်လပ် ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင် စောင်ရေ ငါးသိန်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင် စောင်ရေ ငါးသိန်း၊ တပ် မတော်နေ့ အထိမ်းအမှတ် လက်ကမ်းစာစောင် စောင်ရေ ငါးသိန်း၊ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင် စောင်ရေ လေးသိန်း၊ အမျိုးသားအောင်ပွဲနေ့အထိမ်း အမှတ် လက်ကမ်းစာစောင် စောင်ရေ လေး သိန်းကို စုစုပေါင်းတန်ဖိုးငွေကျပ် ၇၁ ဒသမ ၆ သန်းဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

ထို့အပြင် ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်နေ ပြည်သူများအား အကျိုးပြုနေသည့် ဂျာနယ်တစ် စောင်အဖြစ် ရပ်တည်သွားနိုင်ရေးအတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပြောင်းလဲ ထုတ်ဝေလျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် ၅၂၁၆၅၄ စောင်၊ ၂၀၂၂ ခုနှစ်တွင် ၄၄၆၈၉၈ စောင်၊ ၂၀၂၃ ခုနှစ်တွင် ၄၀၄၈၄၁ စောင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ သဖြင့် အစီရင်ခံသည့်ကာလအတွင်း ဂျာနယ် ၁၃၇၃၃၉၃ စောင်ကို ဖြန့်ချိဆောင်ရွက်နိုင်ခဲ့ ပါသည်။

အလားတူ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများရှိ ပြည် သူ့စာကြည့် တိုက်များအတွက် စုစုပေါင်း တန်ဖိုး ငွေကျပ် ၆၉၅ ဒသမ ၈၉၂ သန်း တန်ဖိုးရှိ စာအုပ် စာစောင် (၄၈၇၀၀၈)အုပ်ကို ဝယ်ယူ ဖြည့်တင်း ပေးနိုင်ခဲ့ပါသည်။

ထို့အပြင်တိုင်းဒေသကြီး/ ပြည်နယ်များ



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက
လစဉ်ထုတ်ဝေလျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ စာအုပ်များအား တွေ့ရစဉ်။



(၇၅)နှစ်မြောက် မြန်မာ–ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ–ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းဓာတ်ပုံမှတ်တမ်း(၁၉၄၈–၂၀၂၃)စာအုပ်အား တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ
အထူးကိုယ်စားလှယ် Ms. Noleen Heyzer တို့၏ တွေ့ဆုံ
ဆွေးနွေးမှုမှတ်တမ်းစာအုပ်အား တွေ့ရစဉ်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက
စီစဉ်ထုတ်ဝေသည့် မြန်မာ့ရုပ်ရှင်စကားဝိုင်းစာအုပ်အား
တွေ့ရစဉ်။






(၇၅)နှစ်မြောက်
စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်
"လှပသာယာ ပြည်မြန်မာ" ရောင်စုံ
စာတိုက်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား
ကျင်းပစဉ်။



နိုင်ငံတော်အစိုးရက အသိပေးထုတ်ပြန်ပေးလျက်ရှိသည့်
သတင်းများ၊ ကြေညာချက်များ၊ ထူးခြားဖြစ်စဉ်များနှင့်
သတင်းမှန်များလွှင့်တင်ပေးလျက်ရှိသည့်
MOI News Application ကို တွေ့ရစဉ်။







လူငယ်များ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍
လူငယ်လမ်းညွှန်အစီအစဉ် (Youth Directory)
Facebook Page လွှင့်တင်မှုအား တွေ့ရစဉ်။

အတွင်းရှိ ဓာတ်ပုံဝန်ထမ်းများ ဓာတ်ပုံရိုက်ကူးရေး အရည်အသွေး တိုးတက်စေရေးအတွက် ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသကဲ့သို့ ပြင်ပဓာတ်ပုံဝါသနာရှင်များကိုလည်း ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့်ခွဲခြား၍ ပြိုင်ပွဲများ ခေါ်ယူကျင်းပခဲ့ပါသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပပေးခဲ့မှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၂၁ ခုနှစ်တွင် ဝါသနာရှင်အဆင့်တွင် "ကိုဗစ်-၁၉ ကာကွယ်ရေး ပြည်သူအားလုံး ပါဝင်ပေး"၊ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရှင်အဆင့်တွင် "ကိုဗစ်-၁၉ ကပ်ရောဂါ လက်တွဲညီညာတိုက်ဖျက်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဓာတ်ပုံပြိုင်ပွဲများ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဦးရေ ၁၄၀ ဦးက ပြိုင်ပွဲဝင် ဓာတ်ပုံပေါင်း ၃၆၂ ပုံဖြင့် လည်းကောင်း၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြိုင်ပွဲဝင်ဦးရေ ၂၀၉ ဦးက ပြိုင်ပွဲဝင် ဓာတ်ပုံပေါင်း ၁၁၁၆ ပုံဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

(ခ) ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဦးရေ ၁၄၀ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၃၃၉ ပုံဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

(ဂ) ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ဦးရေ ၁၉၉ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၇၅၁ ပုံဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

(ဃ) ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ (၇၅)နှစ်မြောက် စိန်ရတုနေ့တိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာ ကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့ပုံရိပ်များနှင့် လွတ်လပ်ရေး၏ အနှစ်သာရများကို ပြည်သူလူထုက ကျယ်ပြန့်စွာ သိရှိစေရန် ရည်ရွယ်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးနိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် (၉၆) ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ပါသည်။

အလားတူနိုင်ငံတော်အကြီးအကဲများ၏လှုပ်ရှားဆောင်ရွက်မှုများ၊ နိုင်ငံတကာဆက်ဆံမှုမှတ်တမ်းဓာတ်ပုံများကို လိုအပ်သလို အချိန်နှင့် တစ်ပြေးညီ ပြန်လည်ရှာဖွေရရှိနိုင်ရန်အတွက် သုံးနှစ်တာကာလအတွင်း မှတ်တမ်းဓာတ်ပုံ ရိုက်ကူးမှု ၁၀၂၆၇၃ ပုံ၊ ကူးချွေမှု ၂၅၂၃၉ ပုံကို မှတ်တမ်း DVD ၃၃၉ ချပ်၊ Photo Library

တွင် ၁၄၇၂၀၄ ပုံ မှတ်တမ်းတင်ထိန်းသိမ်းထားရှိနိုင်ခဲ့ပါသည်။ ယင်းသို့ ထိန်းသိမ်းထားရှိခြင်းအားဖြင့် ခေတ်အဆက်ဆက် အစိုးရများ၏ နိုင်ငံတော် အကျိုးသယ်ပိုးဆောင်ရွက်မှုများ၊ သမိုင်းမှတ်တမ်းများကို လိုအပ်သည့်အချိန်တွင် အလွယ်တကူ ရှာဖွေအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

Android ဖုန်းများတွင် သာမက iOS ဖုန်းများတွင်ပါ Download ရယူ၍ အသုံးပြုနိုင်ရန် MOI News Application တွင် နိုင်ငံတော်အစိုးရက အသိပေး ထုတ်ပြန်ပေးလျက်ရှိသည့် သတင်းများ၊ ကြေညာချက်များ၊ ထူးခြားဖြစ်စဉ် သတင်းများနှင့် သတင်းမှန်များကို ပြည်သူများ အလွယ်တကူ သိရှိစေနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူများ၏ သတင်းအချက်အလက် သိပိုင်ခွင့် (Access to Information)ကို အထောက်အကူဖြစ်စေရန်၊ ပြည်သူများ သတင်းအဆိပ်သင့်မှု အန္တရာယ်မှ ကာကွယ်ရန်၊ နိုင်ငံတော်အစိုးရက အသိပေး ထုတ်ပြန်ပေးလျက်ရှိသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထု သိရှိစေရန်နှင့် သတင်းများ အပြန်အလှန်စီးဆင်းစေရန်အတွက် သတင်းဗီဒီယိုများနှင့် တိုက်ရိုက်ထုတ်လွှင့်မှုများအား မသမာသူများ၏ နှောင့်ယှက် ဖြတ်ချခြင်း မပြုလုပ်နိုင်သည့် mTube Video Streaming Platform ရေးဆွဲတည်ဆောက်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြဝတီရုပ်မြင်သံကြား အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် Channel Account (၂၅)ခုဖြင့် သတင်းဗီဒီယိုများ လွှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် Mobile Phone များတွင် အလွယ်တကူ အသုံးပြုနိုင်စေရန်အတွက် mTube Application ကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။ mTube Video Streaming Platform ကို စတည်တည်ဆောက်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဗီဒီယို စုစုပေါင်း (၁၅၇၁၀)ပုဒ် လွှင့်တင်နိုင်ခဲ့ပြီး ဝင်ရောက်ကြည့်ရှုသူ တစ်သိန်းခန့်ရှိခဲ့ပါသည်။

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြမှုကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှ စတင်ကာ ထုတ်ဝေခြင်းလုပ်ငန်းလိုင်စင် ပိတ်သိမ်းထားသည့် သတင်းမီဒီယာများ၏ လူမှုမီဒီယာအသုံးပြု၍ သတင်းများလွှင့်တင်မှုကို နေ့စဉ်စောင့်ကြည့်၍ အဆိုပါသတင်းဌာနများ၏ သတင်းထုတ်လွှင့်မှုအပေါ် သုံးသပ်တင်ပြလျက်ရှိပါသည်။

Online Media များတွင် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေသည့် မဟုတ်မမှန် စာသား/ ဓာတ်ပုံများ၊ အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများအပေါ် သတင်းအမှန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအမှန်စိစစ်ပြန်ကြားရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အဖွဲ့ဝင် (၂၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ အဖွဲ့ဝင်ဦးရေကို (၃၀)

ဦးဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ ဦးဆောင်မှုဖြင့် တွဲဖက်ဆောင်ရွက်သူ (၂၈၉)ဦးဖြင့် ပြည်သူများ သတင်းအဆိပ်မသင့်စေရေးအတွက် သတင်းမှန်များ ပိုမိုပျံ့နှံ့အောင် ဆောင်ရွက်လျက်ရှိပါသည်။

သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်စွာ ချေဖျက်တုံ့ပြန်နိုင်ရန်နှင့် သတင်းများ ဖလှယ်အသုံးပြုခြင်းကြောင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် သတင်းများကို ပြည်သူများ ပိုမိုသိရှိစေရန်အတွက် ပြင်ပပုဂ္ဂလိက မီဒီယာ(၆)ခုနှင့် မီဒီယာပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်များ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ လူငယ်လမ်းညွှန်အစီအစဉ် (Youth Directory) Facebook Page ကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး အနုပညာနယ်ပယ်တွင် လူငယ်များပါဝင်သည့် Youth and Art အစီအစဉ်၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ပြည်တွင်း/ပြည်ပ ပညာသင်ဆုအကြောင်းအရာများပါဝင်သော Way to Scholar အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ Web Explore အစီအစဉ်၊ ဘဝတိုးတက်အောင်မြင်ရေးအတွေ့အကြုံများကို မျှဝေပေးသည့် Path Finder အစီအစဉ်စသည့် အစီအစဉ် (၄) ခုအပြင် ဘာသာပြန်ဗဟုသုတများ၊ အဆိုအမိန့်များ၊ ဥာဏ်စမ်း ပဟေဠိများ၊ လူမှုပတ်ဝန်းကျင်တွင် လိုက်နာရမည့် လူမှုကျင့်ဝတ်ဆိုင်ရာ အကြံပြုချက်များကို နေ့စဉ်လွှင့်တင်ပေးလျက်ပြီး အပိုင်း (၂၀)ပါဝင်သည့် "ဒုတိယအိမ်" အမည်ရှိ လူငယ်အကျိုးပြု အသိပညာပေး mini-series ကို ရိုက်ကူးတင်ဆက်နိုင်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း၌ပဒေ၊ နည်း၌ပဒေများနှင့်အညီ ပုံနှိပ်သူ ၁၇၃ ဦး၊ ထုတ်ဝေသူ ၂၅၃ ဦး၊ သတင်းအေဂျင်စီ ၂၀ ဦးတို့ကို သက်တမ်းတိုး ခွင့်ပြုပေးခဲ့ပြီး ပုံနှိပ်လုပ်ငန်းသုံးခု၊ သတင်းစာ တစ်စောင်၊ ဂျာနယ် ၂၅ စောင်၊ မဂ္ဂဇင်း ၁၉ စောင်၊ အထွေထွေထုတ်ဝေခြင်းလုပ်ငန်း ၂၄၀ ခုနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉ ခုတို့ကို အသစ်ခွင့်ပြုနိုင်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များက တင်ပြလာသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲ၊ ရုပ်သံအစီအစဉ်၊ သီချင်းများ ရိုက်ကူးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ မြန်မာရုပ်ရှင်ဇာတ်ကား ကိုးကား၊ မြန်မာဗီဒီယိုဇာတ်ကား လေးကား၊ ကြော်ငြာ ၅၁ခု၊ မြန်မာဇာတ်လမ်းတွဲ ၇၅ ကား၊ မြန်မာဇာတ်လမ်းတို ၁၈ ပုဒ်၊ Documentary ငါးကား၊ သီချင်းအစီအစဉ် ခြောက်ခု၊ ရုပ်သံအစီအစဉ် ၂၇ ခု ရိုက်ကူးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။


ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန သည် ထူးခြားသည့် လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ၂၀၂၂ ခုနှစ် ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ မှတ်တမ်းစာအုပ် ၂၀၀၀ အုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ လူငယ်လူရွယ်များအသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေး၊ အတွေးအခေါ် ရင့်သန်စေရေး၊ မြန်မာ့

ယဉ်ကျေးမှုကို တန်ဖိုးထားတက်စေရေးအတွက် လူငယ်ရေးရာကဏ္ဍကို အထူးထည့်သွင်းဖော်ပြထားသည့် သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ အတွဲ-၄၈၊ အမှတ်-၁၂ မှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်အဖြစ် အမည်ပြောင်းလဲ ထုတ်ဝေခဲ့ပါသည်။

၎င်းအပြင် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကျရောက်သည့် စာပေဗိမာန်၏ (၇၅) နှစ်မြောက်စိန်ရတုအထိမ်းအမှတ်အဖြစ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် အတွဲ-၄၉၊ အမှတ်-၈ ကို အထူးထုတ် ထုတ်ဝေနိုင်ခဲ့ပါသည်။ အလားတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင်ကျရောက်သည့် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ စိန်ရတုအထိမ်း အမှတ်အဖြစ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် အတွဲ ၅၀ အမှတ် ၁ ကို အထူးထုတ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြို လူငယ်နှင့် စာပေပွဲတော်တွင်လည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားများတွင် လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာ အသင်းညီလာခံနှင့် မြန်မာ့ စွယ်စုံကျမ်းအတွဲ(၁) (က - ကုတ်) မိတ်ဆက်ပွဲ အခမ်းအနားများတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်း အနား







သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းစာအုပ်များအား တွေ့မြင်ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် လှည့်လည်ကြည့်ရှုစဉ်။

များတွင်လည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲနှင့် လူငယ်နှင့် စာပေအနုပညာ ပြပွဲတို့တွင်လည်းကောင်း၊ စာပေဗိမာန်ထုတ် စာအုပ်များ ခင်းကျင်းပြသခြင်းနှင့် စာအုပ်များ ရောင်းချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟို ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာကြည့်တိုက်၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းတို့ရှိ စာကြည့်တိုက်များ၊ ခေါင်လန်ဖူးဒေသရှိ စာကြည့်တိုက်၊ ပူတာအိုဒေသရှိ စာကြည့်တိုက်နှင့် တွံတေးမိဘမဲ့ဂေဟာများသို့ သုတပဒေသာ စာစောင်နှင့် ပြည်သူ့လက်စွဲစာအုပ် စုစုပေါင်း ၂၄၀၃ အုပ် လှူဒါန်းနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသသော ပြန်ကြားရေးဝန်ကြီးဌာန၏ ပြခန်းတွင် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်သမိုင်း၊ မြန်မာနိုင်ငံတော်ပြန်တမ်းသမိုင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပုံနှိပ်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းစာအုပ်များ၊ ပုံနှိပ်လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်မှု မှတ်တမ်းတို့ကို Light Box, ဗီနိုင်းတို့ဖြင့် ပြသ၍ ကျောင်းသုံး၊ ပြန်တမ်း၊ မိန့်ခွန်းစာအုပ်များနှင့် အခြားပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်၊ စာစောင်များအား နေပြည်တော်(တပေါင်းကွင်း)၌ ခင်းကျင်းပြသခဲ့ပါသည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဂုဏ်ပြုယာဉ်တည်ဆောက်ခြင်းလုပ်ငန်းကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနက ဦးစီးဆောင်ရွက်ခဲ့ပြီး အခမ်းအနား ကျင်းပခဲ့သည့် ဗိုလ်ရှုခံရင်ပြင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား အောင်မြင်စွာချီတက် အလေးပြုနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အလားတူ စာပေပညာရှင်ကြီးများကို အလင်္ကာကျော်စွာဘွဲ့ ၁၃ ဦး၊ သိပ္ပကျော်စွာဘွဲ့ တစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် တစ်ဦး၊ စာပေပညာထူးချွန်တံဆိပ် ၁၀ ဦး၊ လူမှုထူးချွန်တံဆိပ် တစ်ဦး၊ စုစုပေါင်း၂၆ ဦးကို ဘွဲ့ထူးဂုဏ်ထူးနှင့် စာပေပညာထူးချွန်တံဆိပ်များ ပေးအပ်ချီးမြှင့်နိုင်ရန် တင်ပြပေးအပ်နိုင်ခဲ့ပါသည်။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရေး စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင်ရောက်ရှိမှုကြောင့် ဖမ်းမိသူများအား ဥပဒေနှင့်အညီ မူရင်းနိုင်ငံသို့ လွှဲပြောင်းပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆိုင်ရာသတင်းများ၊ ပြည်သူသို့ အသိပညာပေးရေးနှင့် ပတ်သက်သည့်သတင်းများ၊ (တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်

ရေး အပါအဝင်)မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာ ဆောင်ရွက်မှုကိစ္စရပ်များ၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးမှုသတင်းများ၊ ပဋိပက္ခအတွင်း လိင်အကြမ်း ဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးမှုများ/ သတင်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာကိစ္စများ၊ မူပိုင်ခွင့်ဆိုင်ရာ အသိပညာ ပေးခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ အမျိုးသားယဉ်ကျေးမှု နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ ပုဂံကမ္ဘာ့ အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဆိုင်ရာ ဆောင်ရွက်ချက်များကို ပူးပေါင်းဆောင်ရွက်ခဲ့ ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည် ထောင်စု နေ့အခမ်းအနား ကျင်းပခဲ့သည့် အခမ်းအနား နှင့် စပ်လျဉ်း၍ မှတ်တမ်းစာအုပ် ၁၀၀၀ အုပ် နှင့် ဓာတ်ပုံမှတ်တမ်းစာအုပ်(မြန်မာ၊ အင်္ဂလိပ်) ၅၀၀ အုပ်တို့ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား နှင့်စပ်လျဉ်း၍ မှတ်တမ်းစာအုပ် ၁၅၀၀ အုပ်နှင့် ဓာတ်ပုံမှတ်တမ်းစာအုပ် (မြန်မာ၊ အင်္ဂလိပ်) ၅၀၀ အုပ်တို့ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် အလွန်အလွန်အား ကောင်းသော မိုခါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့်စပ်လျဉ်း၍ မှတ်တမ်းစာအုပ် ၁၀၀၀ အုပ်နှင့် ဓာတ်ပုံမှတ်တမ်းစာအုပ် (မြန်မာ၊ အင်္ဂလိပ်) ၁၀၀၀ အုပ်တို့ကိုလည်းကောင်း ထုတ်ဝေနိုင်ခဲ့ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင် တာဝန်ယူသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံပိုင်သတင်း စာများ အရည်အသွေးတိုးတက်ရန်၊ အသွင် အပြင်နှင့်ဒီဇိုင်းများ ဆန်းသစ်ရန်၊ အသိပညာ ဗဟုသုတ တိုးပွားစေရန်တို့အတွက် ခေါင်းကြီး၊ သတင်း၊ ဆောင်းပါး၊ နှိုးဆော်ချက်၊ ထုတ်ပြန်ချက် တို့ကို နေ့စဉ်ဖော်ပြပေးလျက်ရှိသည့်အပြင် သတင်းစာဖတ်ပရိသတ်များ၏ အကြံပြုချက်များ နှင့် ပြည်သူများ သတင်းအမှန်သိရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန် ယူဆောင်ရွက်သည့်ကာလအတွင်း သမားရိုးကျ ပုံနှိပ်မီဒီယာအပြင် မီဒီယာပုံစံအသစ် (New Media) အသွင်အဖြစ်သို့ Digital စနစ်ဖြင့်ပါ အဆင့်လိုက် ပြင်ဆင်ဆောင်ရွက်ပြီး မြန်မာ့ အလင်းနှင့် ကြေးမုံသတင်းစာကို နိုင်ငံပိုင်သတင်း စာ နှစ်စောင် အဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။